# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၃၃)


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း၊ ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိ

**တိုကျို နိုဝင်ဘာ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Masaki Yasumatsu နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုကျိုမြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရောက်ရှိကြရာ ဂျပန်ဝန်ကြီးချုပ်၏ စီးပွားရေးဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတိုအိဇုမိ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိုရူချိနှင့် မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ဟာနေဒါအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Imperial Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဟာနေဒါအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်** (သတင်းစဉ်)

## စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး အဂတိလိုက်စားမှု အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ တိုင်ကြားနိုင်

စာမျက်နှာ - ၉

## ထိုင်းဘုရင်နန်းတက်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်ရန် လျာထား

စာမျက်နှာ - ၁၀

## အဖြေရှာဖွေနေဆဲ လျှင်ဘောကျရောက်မှုများနဲ့ အီတလီ

စာမျက်နှာ - ၁၁

# ပလက်ဝ-ကျောက်တော် နေ့ချင်းပြန်သွားလာနိုင်တော့မည်

**ပလက်ဝ နိုဝင်ဘာ ၁**

ပလက်ဝမြို့မှ ကျောက်တော်မြို့သို့ ခရီးသွားလာရာ၌ ရေကြောင်းလမ်းခရီးတစ်ခုတည်းကိုသာ စုန်ဆန်သွားလာကြရသဖြင့် ပလက်ဝမှ ကျောက်တော်မြို့သို့ နံနက် ၇ နာရီထွက် ရေယာဉ်များသည် လမ်းခရီးကျေးရွာအဝင်အထွက်ခရီးဖြင့် ခြောက်နာရီကြာ ပြေးဆွဲခုတ်မောင်းရကာ ကျောက်တော်မြို့၌ ညအိပ်ရပ်နား၍ သွားလာကြရသည်။

ယခုအခါ ပလက်ဝ-ကျောက်တော်ကားလမ်း ၃၃ မိုင် ၅ ဖာလုံကို ဖောက်လုပ်ပြီးစီးသွားသဖြင့် ပလက်ဝ-ကျောက်တော်ကားလမ်းအတိုင်း လောင်းကဒူးကျေးရွာအရှေ့ဘက်ကမ်းမှ ကျောက်တော်မြို့သို့ နေ့ချင်းပြန်ခရီး သွားလာနိုင်ကြတော့မည်ဖြစ်သည်။

ပလက်ဝမှ ကျောက်တော်မြို့သို့ လိုက်ပါလိုကြသော ခရီးသွားပြည်သူများအနေဖြင့် "ရှာလုမ်" လူစီးသီးသန့်မှန်လုံအမြန်ယာဉ်ဖြင့် နိုဝင်ဘာ ၅ ရက်မှစ၍ ခရီးသည်နည်းလျှင် တစ်နေ့တစ်စီးနှုန်းပုံမှန်ပြေးဆွဲပေးပြီး ခရီးသည်များလာပါက ခေါက်ရေပိုမိုပြေးဆွဲသွားရန်နှင့် ပွင့်လင်းရာသီ၌ ဆမီး-ပလက်ဝ-ကျောက်တော်ခရီးစဉ်ကို ပုံမှန်ပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

မကြာမီ ပလက်ဝမြို့နယ် သမဝါယမအသင်းစု၊ Golden Star သယ်ယူပို့ဆောင်ရေးအသင်းကလည်း ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၏ ပလက်ဝခရီးစဉ်အတွင်း ညွှန်ကြားခဲ့မှုအရ ပလက်ဝ-ကျောက်တော်-စစ်တွေ၊ ပလက်ဝ-ရန်ကုန်၊ ပလက်ဝ-မန္တလေး ခရီးစဉ်များကို လိုင်းအနေဖြင့် တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✻

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# မြန်မာ့စီးပွားရေးတိုးတက်ဖို့ လမ်းစများ

ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၆) အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေး၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန် အစိုးရ ဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုရှိရန် အရေးကြီးကြောင်း၊ နိုင်ငံတော်အနေဖြင့် ငွေရေးကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့ပါသည်။

ပြီးခဲ့သော ရက်သတ္တပတ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံအတွင်း အခွန်ထမ်းဆောင်မှု အများဆုံးလုပ်ငန်းရှင် ၁၅၀ ကျော် တွေ့ဆုံပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရသစ်လက်ထက်တွင် စီးပွားရေး နှေးကွေးမှုဖြစ်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့ပါသည်။ ယခုဘတ်ဂျက် နှင့်ပတ်သက်၍ ပြင်ဆင်ခဲ့ရခြင်းများကြောင့် အစိုးရ၏ ငွေလုံးငွေရင်းအသုံးစရိတ်များ အပြောင်းအလဲရှိနိုင်ခြင်းအပေါ် စောင့်ဆိုင်းသုံးစွဲရသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သက်ရောက်မှုအချို့ရှိခဲ့ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ယနေ့ ကမ္ဘာ့စီးပွားရေးအခြေအနေသည် တိုးတက်မှုနှေးကွေးနေသည့်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)** က ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိသည်။ ကမ္ဘာတွင် ဝေါလ်မတ်တော်လှန်ရေး **(Walmart Revolution)** ခေတ်ကုန်ဆုံးပြီဟု ဆိုလာကြသည်။

၁၉၉၀ ပြည့်နှစ်လွန်ကာလများက ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့်အတူ ကမ္ဘာ့ကုန်သွယ်ရေး နှစ်ဆတိုးလာခဲ့သည်။ ထိုစဉ်က ဥရောပသည် ညီညွတ်ခဲ့ကြသည်။ တရုတ်ပြည်သည် စက်ရုံမြို့တော်ဖြစ်ခဲ့သည်။ ကုန်သွယ်ခွန်များ လျော့ကျခဲ့သည်။ ပို့ဆောင်ခများ တစ်ဟုန်ထိုးကျဆင်းခဲ့သည်။ ၎င်းမှာ ဝေါလ်မတ်ခေတ် ဖြစ်သည်။ ယခုအပြောင်းအလဲများ ဖြစ်လာသည်။ ကမ္ဘာ့စီးပွားရေးတွင် တရုတ်ပြည်၏ အခန်းကဏ္ဍသည်လည်း ပြောင်းလဲလာသည်။ ပြီးခဲ့သည့်နှစ် **IMF** ၏အစီရင်ခံစာအရ **‘Made in China’** အမှတ်တံဆိပ်ပါ သွင်းကုန်များမှာ ၁၉၉၀ ပြည့်နှစ်က ၆၀ ရာခိုင်နှုန်းလောက်ရှိရာမှ ယခုအခါ ၃၅ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားသည်ဟု ဆိုသည်။ ယခုရက်ပိုင်းအတွင်း တောင်ကိုရီးယား သင်္ဘောကုမ္ပဏီတစ်ခု ဒေဝါလီခံခဲ့ရာ အာရှမှ အမေရိကန်သို့ တင်ပို့နေသောကုန်စည်များ ခေတ္တရပ်တန့်မှုများ ဖြစ်သွားခဲ့ရသည်။ ဤသည်မှာ ဂလိုဘယ်လိုက်ဇေးရှင်း တုံ့ဆိုင်းလာခြင်း၏ လက္ခဏာတစ်ခုအဖြစ် ဖော်ပြကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့စီးပွားရေး နှေးကွေးကျပ်တည်းနေသည့် ယခုအချိန်တွင်နိုင်ငံတော်၏ ဘဏ္ဍာငွေများကို သုံးစွဲရာ၌ စိစိစစ်စစ်၊ အကျိုးရှိရှိ သုံးစွဲကြရန်၊ သုံးစွဲမှုများနှင့်ပတ်သက်၍လည်း ပွင့်လင်းမြင်သာမှုမြှင့်တင်ပြီး စောင့်ကြည့်မှုခံယူနိုင်ရန် သမ္မတက မှာကြားသွားခြင်းဖြစ်သည်။

လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ မက်ခရိုစီးပွားရေး အခြေအနေအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး **(GDP)**သည် ခန့်မှန်းထားသည်ထက် လျော့နည်းနိုင်ပြီး စီးပွားရေး တိုးတက်မှုနှုန်းသည်လည်း ခန့်မှန်းသည်ထက် လျော့နည်းနိုင်သည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ လျော့နည်းရခြင်းသည် လယ်ယာကဏ္ဍတွင် သဘာဝဘေးကြောင့် ကုန်ထုတ်ကျဆင်းခြင်း၊ သစ်တောကဏ္ဍတွင် သစ်ထုတ်လုပ်မှုများ လျှော့ချထားခြင်း၊ စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝန်းရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းမှုကြောင့် ရငွေလျော့နည်းသွားခြင်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန် စီမံဆောင်ရွက်မှုကြောင့် ထုတ်လုပ်မှု လျော့နည်းခြင်းများကြောင့်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယခုမြန်မာနိုင်ငံ၏ ခန့်မှန်းထားရှိသည့် **GDP** တန်ဖိုးမှာ ကျပ်ငွေ ဘီလီယံ ရှစ်သောင်းကျော်ကျော်ဖြစ်ပြီး ဘတ်ဂျက်လိုငွေမှာ ကျပ်ငွေ ဘီလီယံ လေးထောင်ကျော်ကျော်ဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် လိုငွေနှင့် **GDP** အချိုးမှာ ၄ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။ သို့သော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအရ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၅၇ ဒသမ ၂၇၄ ဘီလီယံဖြစ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ အနေဖြင့် ရရှိမည့်ဘဏ္ဍာငွေအရင်းအမြစ်နှင့် ခွဲဝေပေးထားသည့် ဘဏ္ဍာငွေများကို မိမိတို့ဒေသအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန် လိုကြောင်းလည်း ဒုတိယသမ္မတက ပြောကြားပါသည်။

ယခု နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။ သို့သော် နိုင်ငံတော်ခေါင်းဆောင်များက အခြေအနေကို အမှန်အတိုင်း သိမြင်ခြင်းက မှန်ကန်သောမူဝါဒများ၊ လုပ်ငန်းလမ်းညွှန်များ ချမှတ်ခြင်းအတွက်များစွာအကျိုးရှိမည် ဖြစ်ပါသည်။ တစ်ဖက်တွင် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများ ပယ်ဖျက်ပေးခြင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအတည်ပြု ပြဋ္ဌာန်းလိုက်ခြင်းတို့ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစဖြစ်လာနိုင်ပါသည်။ အခြားတစ်ဖက်မှ ကြည့်လျှင်လည်း နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့်စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန် အစိုးရဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်အဝရှိရန် အရေးကြီးပါကြောင်း တင်ပြလိုက်ရပါသည်။




## ကျေးရွာရေပေးရေး လုပ်ငန်းများစစ်ဆေး

**ရွှေကူ နိုဝင်ဘာ ၁**

ကချင်ပြည်နယ်ဗန်းမော်ခရိုင်ရွှေကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ရေလုံလောက်စွာရရှိစေရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လက်နှိပ်တုံကင်တွင်းများကို တူးဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာလ နောက်ဆုံးပတ်က ရွှေချောင်းသာကျေးရွာနှင့် မဟာနဒီ ကျေးရွာများသို့ မြို့နယ်ဦးစီးမှူးဦးသိန်းလင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများက လုပ်ငန်းဆောင်ရွက်ရန် လျာထားနေရာများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

### ထင်သာမြင်သာပြုပြင်စရာ

## ရွာလယ်ချောင်းကူးတံတား ကျောက်စီတိုင် အက်ကွဲနေသဖြင့် သွားရေးလာရေး စိုးရိမ်ရ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း၌ တံတား ၃၈ စင်းရှိသည့်အနက် စစ်ကိုင်း - ရွှေဘို - မြစ်ကြီးနား အမှတ် (၃) ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ချွန်းတောင်ရွာလယ်ချောင်းကူးတံတားတိုင်မှာ အက်ကွဲနေ၍ သွားလာရေးအတွက် ပြည်သူများစိုးရိမ်ပူပန်နေရကြောင်း သိရသည်။

အဆိုပါတံတားသည် သံပေါင်၊ သစ်သား ကျောက်စီတိုင်တံတားအမျိုးအစားဖြစ်ပြီး အက်ကွဲသော တံတားတိုင်အား သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ချောင်းကူးတံတားတွင် ချဉ်းကပ်လမ်းခင်းထားခြင်း မရှိသေးသည့်အတွက်လည်း သွားလာရေးခက်ခဲနေကြောင်း ချွန်းတောင်ရွာနေ ဒေသခံတစ်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**



## (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် Mr.& Miss.Body Fitness 2016 ပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တိုင်းရင်းသားကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည့် (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် Mr.& Miss.Body Fitness 2016 ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်က ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ထိုပြိုင်ပွဲကို ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ စီစဉ်တင်ဆက်ခဲ့ပြီး Mr. Body Fitness ပြိုင်ပွဲကို အစီအစဉ်တစ်ခုသာ ယှဉ်ပြိုင်စေပြီး Miss. Body Fitness ပြိုင်ပွဲကိုမူ Model Physis၊ Evening Frown Dress၊ ကရင်ချည်ထည်ဖြင့် မြန်မာမှုပြုပြီး တီထွင်ဆန်းသစ်သော ဝတ်စုံနှင့် ယှဉ်ပြိုင်ခြင်း အစီအစဉ်သုံးခုဖြင့် ယှဉ်ပြိုင်စေခဲ့သည်။ ရှေးဦးစွာMr. Body Fitness ပြိုင်ပွဲကို ကျင်းပရာ နှစ်သိမ့်ဆုရရှိ သူများအား ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တတိယဆုရမောင်ဝင်းစည်သူ၊ ဒုတိယဆုရမောင်ဘော်ဘော်နိုင်၊ ပထမဆုရ မောင်သန်းထွန်းတို့အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် Miss. Body Fitness ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရရှိသူများအား ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၏ဇနီး၊ ပြည်နယ်မိခင်နှင့်ကလေးနှင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းနှင့် ပြည်နယ်ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၏ဇနီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၏ဇနီး ဒေါ်ခင်စန်းရီတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၃၀/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၀ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၂ ・ ၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၂၃ |
| တရုတ် | တစ်ယွမ် | ၁၈၉ ・ ၅၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၉၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နယ်မြေချင်း၊ ရေမြေချင်း ထိစပ်နေသည့်အတွက် တည်ငြိမ်ရေးနှင့် သဘာဝဘေး အန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အိန္ဒိယသမ္မတနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Sunil Lanba, PVSM, AVSM, ADC နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစဉ်အဆက်တည်ရှိခဲ့သည့် ယဉ်ကျေးမှုဆက်ဆံရေးနှင့် ပြည်သူများအချင်းချင်းအကြား ဆက်ဆံရေးမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား၊ နှစ်နိုင်ငံ တပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှုမြှင့်တင်ရေး၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ အိန္ဒိယခရီးစဉ်အတွင်း သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နယ်မြေချင်း၊ ရေမြေချင်း ထိစပ်နေသည့်အတွက် တည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပင်လယ်ပြင်လုံခြုံရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် သိပ္ပံနည်းပညာကဏ္ဍများတွင် ထောက်ပံ့ကူညီမှုများမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပညာတော်သင်များ တိုးမြှင့်သွားရောက်နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ အိန္ဒိယသမ္မတနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Sunil Lanba, PVSM, AVSM, ADC နှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)



# နှစ်နိုင်ငံမီဒီယာကဏ္ဍအတွေ့အကြုံများ အမြင်ချင်းဖလှယ်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ပါကစ္စတန်နိုင်ငံ National Management College မှ ကျောင်းအုပ်ကြီး Mr. Naeem Aslam၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ehsan Ullah Batth တို့ ဦးဆောင်သော National Management College မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရှိပြောင်းလဲဆောင်ရွက်နေမှုများ၊ သတင်းထုတ်ပြန်မှုဆိုင်ရာကိစ္စရပ်များ၊ အစိုးရသစ်လက်ထက်တွင် ရင်ဆိုင်ကြုံတွေ့နေရသောစိန်ခေါ်မှုများနှင့် နှစ်နိုင်ငံမီဒီယာကဏ္ဍအတွေ့အကြုံတို့နှင့်ပတ်သက်၍ အမြင်ချင်းဆွေးနွေးဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ *ရှေ့ဖုံးမှ*

အဆိုပါ ပလက်ဝ-ကျောက်တော် ခရီးသွားပြည်သူများမှာ လူစီးအမြန်ယာဉ်များ တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်၍ ရေကြောင်းခရီးဖြင့် သွားလာသူနည်းပါးလာမည်ဖြစ်ကာ ဒေသခံပြည်သူများအနေဖြင့် ကျောက်တော်၊ စစ်တွေ၊ ရန်ကုန်၊ မန္တလေး၊ မြို့ကြီးများသို့ လူစီးအမြန်ယာဉ်များဖြင့် တိုက်ရိုက်သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့-ပလက်ဝ**

# တောင်ငူမြို့နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ယာဉ်များပြိုင်ဆိုင်မှုများလာ

**တောင်ငူ နိုဝင်ဘာ ၁**

တောင်ငူမြို့တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက်ကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် (၈၅)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ မဟာမုနိကေလဇာတိဘုရားကြီးမှ ရပ်ကွက်များက မဲပေါက်သော ဘုရားအမှတ်စဉ်အလိုက် ပင့်ဆောင်ပြီး ယာယီစံကျောင်းတော်အတွင်း သတ်မှတ်နေရာများတွင် ခမ်းနားစွာစနစ်တကျ ပူဇော်ထားရှိပြီး နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီမှစတင်၍ တောင်ငူမြို့အတွင်းသို့ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံရန် ဘုရားသမိုင်းဖော်ကျူး၍ အလှပြ ပူဇော်ယာဉ်များကို သူ့ထက်ငါ အပြိုင်အဆိုင် ပြင်ဆင်နေကြပြီဖြစ်သည်။ ယခုနှစ်တွင် ဘုရားပူဇော်ယာဉ်များကို အကဲဖြတ်အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း စနစ်တကျ ကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းထားကြောင်းလည်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပင့်ဆောင်ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာပင့်ဆောင်မှု၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ သိုက်သိုက်ဝန်းဝန်း အဖွဲ့ဝင်များလိုက်ပါပြီး အတီးအမှုတ်ဖြင့် ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် ခမ်းနားစွာ စနစ်တကျပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှု၊ ပွဲတော်နှင့်အညီ နောက်ခံကားချပ်များ ပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းခြင်း၊ ဆွဲဆောင်မှုရှိခြင်းတို့အပေါ် မူတည်၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဒိုင်အဖွဲ့ကအမှတ်ပေးသွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် ၇၅ သိန်း၊ တတိယဆု ငွေကျပ်သိန်း ၅၀ နှင့် နှစ်သိမ့်ဆု ငွေကျပ် ၂၅ သိန်း ဆုသုံးဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကံထူးရှင်ထွက်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁**

အောင်ဘာလေသိန်းဆုဌာနခွဲ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

စ-၉၃၃၂၆၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

စ-၃၄၅၃၃၀၊ တ-၈၄၈၃၂၉

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀) ဆုများ**

ပ-၁၁၀၆၃၆၊ သ-၆၈၇၀၇၃၊ ကဂ-၇၄၂၀၁၂၊ ဃ-၇၉၉၁၅၂၊ ဒ-၉၆၅၁၁၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀) ဆုများ**

ခ-၁၅၅၇၁၇၊ ဌ-၆၃၅၅၃၈၊ ကဃ-၁၆၀၂၈၅၊ ဃ-၆၈၉၇၉၊ က-၆၁၁၀၈၄၊ ဖ-၉၈၈၀၂၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀) ဆုများ**

င-၁၂၂၂၀၉၊ ခ-၃၂၄၀၈၆၊ ခ-၁၃၉၃၅၃၊ ပ-၃၄၆၆၉၈၊ ယ-၂၁၄၇၈၅၊ ကင-၃၈၃၆၈၈ ကဂ-၂၉၄၁၂၅

**ဆုတစ်ဆုချင်း ကျပ်သိန်း (၁၀၀)ဆုမဲများ**

န-၁၂၆၃၁၃၊ ဘ-၃၈၃၄၆၄၊ ဒ-၇၁၄၆၂၅၊ ဍ-၉၅၄၈၃၂၊ ပ-၁၇၁၇၉၄၊ ပ-၄၂၆၄၆၆၊ ဌ-၇၆၁၉၅၄၊ ဂ-၉၆၈၃၁၀၊ ဟ-၂၀၄၉၀၇၊ ည-၅၁၉၃၇၄၊ ဝ-၈၄၄၃၄၅၊ န-၉၉၂၆၆၆၊ ကခ-၂၀၆၁၇၇၊ ထ-၅၂၇၄၁၀၊ ဒ-၈၉၃၀၇၁၊ ကဆ-၂၈၃၃၇၊ ဈ-၆၉၅၅၉၉၊ ဘ-၉၁၄၄၈၃

# မိတ္ထီလာ၌ (၃၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝင်္ကပါပွဲတော် ကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၁**

မိတ္ထီလာ၌ (၃၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝင်္ကပါပွဲတော်အား သီရိမင်္ဂလာရပ်ကွက် ထီးသုံးဆင့်-ရွှေမြင်မိ-လေးမျက်နှာ ဘုရားအနီး ကွင်းပြင်တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝင်္ကပါပွဲတော်အား လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၄ နှစ်ကျော်ကာလက စတင်၍ နှစ်စဉ်တန်ဆောင်မုန်းလတွင် ကျင်းပခဲ့ပြီး ၂၀၀၇ ခုနှစ် အကြိမ် (၃၀)မြောက်အထိ ကျင်းပခဲ့သည်။ ယခုအခါ (၃၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝင်္ကပါပွဲတော်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရုပ်သေပြပွဲပြကွက်များအတွက် နောက်ခံပန်းချီကားများ ရေးဆွဲခြင်းလုပ်ငန်း၊ ဝင်္ကပါလမ်းများ တည်ဆောက်ခြင်း၊ မုခ်ဦးများဆောက်လုပ်ခြင်းလုပ်ငန်းများ၊ အလှူငွေ ရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးအလှ ပူဇော်နိုင်ရေးလုပ်ငန်းများကို လုပ်ငန်းအဖွဲ့အသီးသီးခွဲ၍ ထီးသုံးဆင့်-ရွှေမြင်မိ-လေးမျက်နှာဘုရား ဂေါပကအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝင်္ကပါပွဲတော်တွင် ယနေ့ခေတ်လူငယ်များ အတုယူမှတ်သားဖွယ် ဇွဲလုံ့လနှင့် သီလတရားတို့ကြောင့် အောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်ခဲ့သည့် ဘုရားအလောင်းတော် မဟာဇနကဇာတ်တော်ကြီးအား တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်နေ့အထိလည်းကောင်း၊ ပညာအရာဖြင့် အောင်မြင်မှုရရှိပုံကို သိရှိမှတ်သားဖွယ်များပါဝင်သည့် မင်းကုသဇာတ်တော်ကြီးအား တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်မှ ၃ ရက်အထိလည်းကောင်း၊ ရုပ်သေပြခန်း ၁၀ ခန်းတွင် ရုပ်သေပြကွက်များဖြင့်လည်းကောင်း ဒေသခံအနုပညာ ဝါသနာရှင် သရုပ်ဆောင်များက ပါဝင်သရုပ်ဆောင်ပြသသွားမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဝင်္ကပါပွဲတော်မှာ ဘုရားအလောင်းဝေဿန္တရာမင်းကြီး ဇာတ်တော်တွင်ပါဝင်သည့် အကောက်တစ်ထောင် ဝင်္ကပါတောင်အားအခြေခံကာ ရှေးအစဉ်အဆက်ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီများကို သိရှိနားလည်ကာ ကုသိုလ်ကောင်းမှုပြုနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူပြည်သူများ၏ဘဝရပ်တည်နိုင်ရေး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်အနေဖြင့် အလေးထားဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဝန်ကြီးဌာန၊လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက စီမံကိန်းများအတွက် ရယူထားသောမြေများ၌ စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ခြင်းမရှိသည့် မြေများကို နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထု အကျိုးအတွက် မြေစီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းဆည်းနိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားလိုက်သည်။



လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့် အခြားမြေများသိမ်း ဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ (၂/၂၀၁၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

**ညှိနှိုင်းအစည်းအဝေး**

နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂နာရီက ကျင်းပသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ (၂/၂၀၁၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက ဗဟိုကော်မတီအနေဖြင့် မြေကိစ္စတိုင်ကြားစာများနှင့် ပတ်သက်၍ အတားအဆီးအခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များ ဖြေရှင်းကျော်လွှားနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် (သို့)ကျေးရွာအုပ်စု၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်**

ထို့အပြင် ဗဟိုကော်မတီအနေဖြင့် မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် အမြန်ဆုံး ဖြေရှင်းဆောင်ရွက်နိုင်ရန် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ မူဝါဒ(၅)ရပ်၊ တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်း၍ မူဝါဒ (၃) ရပ်၊ စွန့်လွှတ်မြေများသက်ဆိုင်သူလက်ဝယ် အမြန်ဆုံးရောက်ရှိရေးလုပ်ငန်းစဉ် (၈)ရပ်၊ သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ အချက် (၆) ချက်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ အချက် (၇)ချက်၊ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ အချက်(၅)ချက်နှင့် ကော်မတီအဆင့်ဆင့်မှ အလေးထားဆောင်ရွက်ရန် အချက်(၁၅)ချက်တို့အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း။

**လုပ်ထုံးလုပ်နည်းနှင့်အညီ**

စွန့်လွှတ်မြေများနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ဌာနပိုင်မြေများကို အသုံးပြုရန်မရှိ၍ လည်းကောင်း၊ မူလပိုင်ရှင်များအား ပြန်လည်စွန့်လွှတ်ပေးရန်အတွက် လည်းကောင်း၊ အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံရန်အတွက် လည်းကောင်း၊ စွန့်လွှတ်မြေများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့အပ်နှံရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် စွန့်လွှတ်မြေများ ပြန်လည်အပ်နှံခြင်း ပုံစံ(၁)နှင့် အချက်အလက်အတည်ပြုချက်ပုံစံ (၁-က) တို့ကို ဖြန့်ဝေထားပြီး ဖြစ်ကြောင်း။

**ပြည်သူများနစ်နာမှုမရှိစေရန်**

ဗဟိုကော်မတီသို့ လွှတ်တော်များက လွှဲပြောင်းပေးပို့လာသော တိုင်ကြားစာအမှု တွဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ပေးပို့လာသည့် အမှုတွဲများမှာ စုစုပေါင်း ၂၀၅၆ မှုရှိပြီး တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများသို့ အကြောင်းကြားထားပြီး ဖြစ်ကြောင်း၊ အမှုတွဲများမှ စိစစ်ဖြေရှင်းပြီး ၃၃ မှုရှိပြီး စိစစ်ဖြေရှင်းဆဲ အမှုတွဲ ၂၀၂၃ မှုရှိကြောင်း၊ ကော်မတီများအနေဖြင့် မြေကိစ္စများအပေါ် ပြည်သူများ နစ်နာမှုမရှိစေရန် ကော်မတီအဆင့်ဆင့်အလိုက် မြေပြင်ရှိ အမှန်တကယ်ဆောင်ရွက်ရမည့် အခြေအနေကို စနစ်တကျစိစစ်ပြီး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဗဟိုကော်မတီအနေဖြင့် ယခင်အစိုးရလက်ထက် စိစစ်ဖြေရှင်းရန် ကျန်ရှိနေသော အမှုတွဲများကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်စေပြီး အမှုတွဲများဆောင်ရွက်ပြီးစီးမှုကို လစဉ်ပုံမှန်ပြန်လည်တင်ပြရန် လိုအပ်ကြောင်း၊ မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူပြည်သူများ၏ ဘဝရေရှည်ရပ်တည်နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်အနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဗဟိုကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မြေယာကိစ္စများနှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**လက်ရှိလယ်ယာမြေပြဿနာ**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက တပ်မတော်အနေဖြင့် လယ်ယာမြေစွန့်လွှတ်ခဲ့မှုနှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လက်ရှိ လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သည့် အချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဒုတိယသမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရာတွင် ဗဟိုကော်မတီအနေဖြင့် မူဝါဒများချမှတ်ပေးထားပြီး ဖြစ်ကြောင်း၊ မြေယာကိစ္စများဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီ၏ ဆောင်ရွက်ချက်များကိုလည်း သတင်းမီဒီယာများတွင် ဖော်ပြပေးရန် လိုကြောင်း၊ မြေပြင်စိစစ်ရာတွင် အနီးကပ်ဆုံးမှန်ကန်မှုရှိစေရန် တာဝန်ရှိသူများ ကွင်းဆင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဗဟိုကော်မတီအနေဖြင့် တောင်သူလယ်သမား အကျိုးစီးပွားကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

---

❖ ကျောဖုံးမှ

အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို တောင်းဆိုချင်တယ်။ စားနပ်ရိက္ခာအတွက် အနည်းဆုံး လယ်တော့စိုက်ချင်တယ်။ မွေးမြူရေးခြံတွေ ဘာတွေရရင်တော့ မပူမပင်ရတော့ဘူးပေါ့။ အလင်းဝင်တာ ၃၆ ယောက်။ နှင်းဆုံမှာ အိမ်ထောင်စု လူဦးရေရာကျော်ရှိတယ်။ တပ်မတော်ကို ယုံတယ်''ဟု ပြောကြားသည်။

**ပညာရေးတိုးတက်စေချင်**

ကရင်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့(KPDF)သည် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၆ ရက်က လူအင်အား ၃၆ ယောက်၊ လက်နက် ၁၄ လက်ဖြင့် အလင်းဝင်ခဲ့ခြင်းဖြစ်သည်။ KPDF ၏ တပ်ကြပ်ကြီး အဆင့်ရှိသူ အသက် ၄၆ နှစ်အရွယ် စောသန်းထွန်းက ''ကလေး လေးယောက်ရှိတယ်။ အကြီးဆုံးက ၁၈ နှစ်။ ရှမ်းပြည်မှာ အလုပ် သွားလုပ်တယ်။ ကျန်တာက ကျောင်းသားတွေ။ ခြံခုတ်တယ်၊ ဒီလိုပဲ လုပ်စားတယ်။ ပုံမှန်လစာမရှိဘူး။ ဗိုလ်မှူးက တစ်ခါတလေ ရှာလို့ရတာလေးတွေ ထောက်ပံ့တာလည်း ရှိတယ်။ နှင်းဆုံမှာပဲနေတယ်။ နိုင်ငံတော် အေးအေးချမ်းချမ်းနဲ့ ကျွန်တော် တို့ သားသမီးတွေ လူတောသူတောဝင်ဆံ့ဖို့ပဲ မျှော်လင့်တယ်။ ပညာရေးတိုးတက်စေချင်တယ်။''

**စည်းကမ်းချက်၊ မူ ၅ မူရှိ**

KPDF ၏ ဘားအံစီးပွားရေးတာဝန်ခံ စောဖော့ကေက ''ကျွန်တော်တို့ အလင်းဝင် လာတဲ့သူတွေက မြို့မှာ စီးပွားရေး မလုပ်တတ်ဘူး။ အဲဒီမှာ မြို့ကသူတွေက ကျွန်တော်တို့ဆီ ရောက်လာပြီး စီးပွားရေးလုပ်ပေးမယ်ဆိုပြီး တစ်သိန်းလောက်




**KPDF ဥက္ကဋ္ဌ စောကျော်ကျော်ထက်က မီဒီယာများအား ရှင်းလင်းစဉ်**

ပေး၊ အမည်ခံပြီး လုပ်စားတာ။ ကျွန်တော်တို့မှာ စည်းကမ်းချက်၊ မူ ၅ မူရှိတယ်။ လက်နက် ခဲယမ်းနဲ့ မူးယစ်ဆေးဆို လုံးဝပဲ''ဟု ပြောကြားသည်။

**အခြေပြုနေထိုင်**

ကရင်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့ (KPDF) သည် ၂၀၁၁ ခုနှစ်ကတည်းက ပြည်သူ့စစ်အဖြစ် လျှောက်ထားခဲ့သော်လည်း ယနေ့အထိ ခွင့်ပြုထားခြင်းမရှိသေးပေ။ KPDF သည် လက်ရှိတွင် အလင်းမဝင်ခင်ကတည်းက နေထိုင်သည့် မွန်ပြည်နယ် ရေးမြို့နယ်ရှိ နှင်းဆုံကျေးရွာ၌ အခြေပြုနေထိုင်လျက်ရှိသည်။

---

# ယာဉ်မောင်းများ ထိုင်ခုံခါးပတ် ပတ်ထားခြင်း ရှိ၊ မရှိ စစ်ဆေး ပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁**

နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်မှ နံနက်၁၀ နာရီခွဲအထိ လသာမြို့နယ် ဗိုလ်ချုပ်လမ်းမပေါ်၌ မောင်းနှင်လာသောယာဉ်များတွင် ယာဉ်မောင်းများ ထိုင်ခုံခါးပတ်ပတ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးနေသည်ကို ရန်ကုန်ဆေးရုံကြီးဝင်းရှေ့ ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်လမ်းဆုံအနီး မြင်တွေ့ရသည်။

အမှတ်(၄၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဦးအေးထွန်းမောင် ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လသာမြို့နယ်စည်ပင်သာယာရေးရုံး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်အောင်နှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့သည် ယင်းကားလမ်းမပေါ်၌ မောင်းနှင်လာသော ယာဉ်များအနက် အိမ်စီး ကိုယ်ပိုင်ယာဉ်ငယ်၊ လုပ်ငန်းသုံးယာဉ်ငယ်၊ အငှားတက္ကစီယာဉ်၊ ခရီးသည်တင်မီနီဘတ်စ်ယာဉ်ငယ်၊ လိုင်းကားယာဉ်ကြီး၊ BRT Lite ယာဉ် စသည့်ယာဉ်မျိုးစုံကို ရပ်တန့်၍ ထိုင်ခုံခါးပတ် ပတ်ထားခြင်း ရှိ၊ မရှိ စစ်ဆေးကြသည်။

ထိုင်ခုံခါးပတ် ပတ်ထားသော ယာဉ်မောင်းများတွေ့မြင်ရသကဲ့သို့ ထိုင်ခုံခါးပတ် မပတ်ထားသော ယာဉ်မောင်းများကိုလည်း မြင်တွေ့ရသည်။ ပညာပေးကာလဖြစ်သဖြင့် အရေးယူမှုမရှိဘဲ ပညာပေးပြောခြင်း၊ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ထိုင်ခုံခါးပတ် ပတ်ထားခြင်းမရှိသည်ကို တွေ့ရှိရပါက ဥပဒေအရ အရေးယူ မည်ဖြစ်သည်ဟု ပညာပေးပြောကြားသည်။

**ခင်ဆိုင်**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာအတွေ့အကြုံများကိုအခြေခံ၍ အနာဂတ်ကာလအတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်

**နေပြည်တော် နိုဝင်ဘာ ၁**

ဘက်စုံ ကဏ္ဍစုံမှ ပြောင်းလဲတိုးတက်မှုများကို ဖော်ဆောင်လျက်ရှိရာတွင် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်မှုမရှိပါက ထိခိုက်ဆုံးရှုံးမှု များပြားသကဲ့သို့ ပြန်လည်ထူထောင်မှုပြုသည့်နေရာတွင်လည်း အချိန်အား၊ ငွေအား၊ အရင်းအမြစ်အင်အား အများအပြား အသုံးပြုရမည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားလိုက်သည်။

ယနေ့ကာလသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အရှိန်မြှင့်တင် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ဘေးဒဏ်မှ လျော့နည်းသက်သာရန် ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး ဘေးအန္တရာယ်ဖြစ်လာပါက ချက်ချင်းစီမံဆောင်ရွက်ခြင်းထက် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းဖြင့် ဘေးမဖြစ်မီ၊ ဘေးဖြစ်ဆဲ၊ ဘေးဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု များကိုလည်း အချိတ်အဆက်မိမိနှင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်အလိုက် ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာစီမံချက်များကို မိမိဒေသ၏ လိုအပ်ချက်နှင့်အညီ ရေးဆွဲပြုစုထားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

### ထောက်ပံ့ပေးရန် လိုလား

ဒုတိယသမ္မတက ၂၀၁၆ ခုနှစ် သဘာဝဘေးဖြစ်ပွားခဲ့မှု ဖြစ်စဉ်များကို ပြန်လည်သုံးသပ်ကြည့်ပါက အယ်နီညိုရာသီဥတုနှင့် ဆက်စပ်ဖြစ်ပေါ်ခဲ့သည့် ရေရှားပါးပြတ်လပ်မှုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများက ပြည်သူကိုမျက်မှောက်ပြု၍ ပံ့ပိုးကူညီခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရေရှည်အတွက် ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးသီးကြွေကျမှုနှင့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များတွင် နေရာအနှံ့ကျယ်ပြန့်စွာ ဘေးသင့်ခဲ့မှုကြောင့် ဘေးသင့်ချိန်နှင့် ထောက်ပံ့ချိန် ကွာခြားမှုနည်းရန် ကြိုးစားဆောင်ရွက်မှု ခက်ခဲခြင်း၊ ဘေးဒဏ်ခံနေအိမ်များ ဆောက်လုပ်ရန် လိုအပ်ချက် ပိုမိုပေါ်လွင်ခြင်းတို့ကိုလည်း သုံးသပ်တွေ့ရှိရပါကြောင်း၊ ရေဘေးဖြစ်ပွားမှုများတွင် ဒေသခံလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အမြန်ဆုံးထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့နိုင်သည်ကို အားသာချက်အနေဖြင့် တွေ့ရှိရသည့်အပြင် စိုက်ပျိုးရေးကဏ္ဍတွင် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပြန်လည်ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် စပ်လျဉ်း၍ ပျော့ပျောင်းသည့် မူဝါဒချမှတ်ပြီး ကူညီထောက်ပံ့ပေးရန် လိုလားချက်များရှိနေခြင်းတို့ကို တွေ့ရှိရပါကြောင်း။

အဆိုပါ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် ပြီးခဲ့သည့်လက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ခဲ့သော အမြန်ရေယာဉ် နစ်မြုပ်မှုတွင် နိုင်ငံ့ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ၏ အသက်များမဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်ကို တွေ့ရှိကြမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး စသည့် ရေလမ်းကြောင်း အလေးထားအသုံးပြုရသော အရပ်ဒေသများ၌ အလားတူဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အလားတူဖြစ်စဉ်များ မဖြစ်ပွားရန် ဆက်နွှယ်ပတ်သက်သူများက လိုအပ်သည့် စည်းမျဉ်း စည်းကမ်းများ၊ ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်သွားရန်လိုအပ်သည်ကို အလေးနက်ထားပြောကြားလိုပါကြောင်း။

### စနစ်တကျသုံးစွဲ

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ အသုံးပြုပြီး ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတိထားသင့်သည့် အချက်များကိုလည်း ယခုအစည်းအဝေးတွင် မှာကြားလိုပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ အခန်း(၇)ပါ ပုဒ်မများအရ ငွေစာရင်းဖွင့်လှစ်ခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများ ရေးဆွဲခြင်း၊ ရန်ပုံငွေများ စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက တင်ပြတောင်းခံလာပါကလည်း လိုအပ်မှုအခြေအနေကို စိစစ်ပြီး စနစ်တကျလွှဲပြောင်းပေးအပ်လျက် ရှိပါကြောင်း၊ အဆိုပါရန်ပုံငွေမှ ထောက်ပံ့ပေးမှုများ အားသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ စာရင်းစစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲသွားကြရန် အလေးအနက်ထား မှာကြားလိုပါကြောင်း ပြောကြားသည်။

### တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ပုံမှန်မဟုတ် ပြင်းထန်သည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို တွေ့ရှိနေရပါကြောင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ သဘာဝကြောင့်ဖြစ်သော Natural Disaster နှင့် လူတို့ကြောင့်ဖြစ်သော Man - made Disaster ဟု နှစ်မျိုးရှိပါကြောင်း၊ Natural Disaster တွင် မိုးလေဝသနှင့် ဇလဗေဒအကြောင်းအရာများကြောင့် ဖြစ်ပွားသော လေမုန်တိုင်း၊ ရေဘေး၊ ဘူမိဗေဒနှင့် ပထဝီအနေအထားဆိုင်ရာ အခြေခံအကြောင်းအရာများကြောင့် မြေငလျင်၊ ဆူနာမီ၊ မြေပြိုဘေးများ ဖြစ်ပွားရသည့်အပြင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် တောမီးလောင်ခြင်း၊ မျိုးခိုးငွေ့ဘေးအန္တရာယ်များ ဖြစ်ပွားပါကြောင်း၊ Man - made Disaster တွင် Technological, Industrial Accident, Security Related များမှ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များ ပါဝင်ပါကြောင်း၊ မည်သည့်ဘေးအန္တရာယ်မဆို ကြိုတင်ပြင်ဆင် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်သော ဘေးအန္တရာယ်ကျရောက်သည့် အချိန်တွင် အမြန်တုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း စသည့်အဆင့်(၄)ဆင့် ပါဝင်သော ဘေးအန္တရာယ် စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးပြည့်မီစွာ တည်ဆောက်၍ တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်နေမှုများ၊ ဘေးအန္တရာယ်ကျရောက်သည့် ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြီးခဲ့သည့် မိုးတွင်းကာလအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များ၊ နာဂဒေသအတွင်း ဖြစ်ပွားပေါ်ခဲ့သည့် ရောဂါများနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များကို နိုင်ငံတော်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝဘေးဖြစ်စဉ်များအနက် ရေဘေးနှင့် ပတ်သက်သောဖြစ်စဉ်ကို ပြန်လည်ဆန်းစစ်ကြည့်သည့်အခါတွင် မိုးရွာသွန်းမှုများ၌ မိုးရေချိန်လက်မ ကွာခြားမှုရှိသည်ကို မတွေ့ရသော်လည်း မြစ်ချောင်းများ၏ မြစ်ကြမ်းပြင် မြင့်တက်လာမှုနှင့် နုန်းမြေပို့ချမှု များလာသည်နှင့်အမျှ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ နုန်းမြေပို့ချမှုဖြစ်ပေါ်ရခြင်းသည် သစ်တောပြုန်းတီးမှုနှင့် ဓာတ်သတ္တုတူးဖော်မှုသည် အဓိကဖြစ်သည်ကို သုံးသပ်ရပါကြောင်း။

### ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ရေရှည် ရင်ဆိုင်ကြုံတွေ့နေရမည့် ကိစ္စဖြစ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ဆက်နွှယ်ဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပြီး နိုင်ငံ၏ အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် စဉ်းစားသုံးသပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ငွေကျပ် ၂၂ ဘီလီယံကျော်ကို တင်ပြထားပြီး ရရှိလာမည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးပြုရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများကို အခြေခံ၍ လာမည့်အနာဂတ်ကာလအတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်မှုနှင့် ကြုံတွေ့ရမည့် အခက်အခဲများကို အကောင်းဆုံး စီမံခန့်ခွဲနိုင်မည့်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးတွင်လည်း အတွေ့အကြုံကောင်းတစ်ခုအနေဖြင့် မှတ်ယူပြီးအကောင်းဆုံး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပြီး အမျိုးသားရေးတစ်ရပ်အနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပါက ယခုပြဿနာများကို ရင်ဆိုင်ကျော်လွှား ဖြတ်သန်းကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# အသည်းရောဂါ ဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်၊ တရုတ်နိုင်ငံက လှူဒါန်းသော အသည်းရောင်အသားဝါကာကွယ်ဆေးများ လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပသော အသည်းရောဂါဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် အသည်းရောင်အသားဝါရောဂါသည် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများထဲတွင် ထိပ်ပိုင်း၌ ရှိသဖြင့် အလွန်အရေးကြီးပါကြောင်း၊ စံကိုက်ကုသမှုလမ်းညွှန်များကို ပူးပေါင်းရေးဆွဲ ထုတ်ပြန်သင့်ပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအထိပါ သင်ကြားပေးပြီး ပြည်သူလူထုထံသို့ အသိပညာရောက်ရှိရေး ဆောင်ရွက်သင့်ပါကြောင်း၊ ဆေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းများတွင်လည်း အချိန်နှင့်တစ်ပြေးညီဖြစ်သည့် ကုထုံးများကို ထည့်သွင်းသင်ကြားသင့်ပါကြောင်း၊ ကုသမှုဆိုင်ရာ သုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုများကို ကျေးဇူးအထူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လည်းကောင်း၊ B.K.Kee Foundation၊ မြန်မာအသည်းဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်းကောင်း အမှာစကားများ ပြောကြားခဲ့သည်။

အသည်းရောဂါ (အသည်း "ဘီ" ပိုး၊ အသည်း "စီ" ပိုး၊ အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာ)တို့နှင့် ပတ်သက်သော ကုသမှုဆိုင်ရာ ခေတ်မီနည်းပညာများကို လေ့လာနိုင်ရန်၊ သုတေသနများ၊ နည်းပညာဖလှယ်မှုများ ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အသည်းရောဂါကျွမ်းကျင်သူပညာရှင်များက စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါအသည်းရောဂါဆေးပညာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ရိပ်သာလမ်းရှိ Fuji Coffee House ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော အသည်းရောင်အသားဝါ "ဘီ" ရောဂါကာကွယ်ဆေးများလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည်။




အခမ်းအနားတွင် တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အသည်းရောင်အသားဝါ "ဘီ" ရောဂါကာကွယ်ဆေး (၆ ဒသမ ၇)သန်းကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကာပြောကြားကာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေပြီး ပါဝင်ပတ်သက်သူတွေကို ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ပြတ်သားစွာ အရေးယူသွားမည်

ဝေယံဦး၊ ကျော်ထိုက်လင်း
ဓာတ်ပုံ-လင်းကျော်

စစ်တွေ နိုဝင်ဘာ ၁

**ရခိုင်ပြည်နယ် မောင်တောခရိုင် အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှု ဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရ နယ်မြေရုံးတို့သို့ အောက်တိုဘာ ၉ ရက်နံနက်ပိုင်းက အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း ကိုးဦး ကျဆုံးခဲ့ပြီး လက်နက်ငယ်မျိုးစုံ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။**


ဒေါက်တာချမ်းသာ (ပြည်နယ်ကျန်းမာရေး နှင့် လူမှုရေးဝန်ကြီး)


ဦးကျော်လွင်(ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး)


ဂေါယာမြေ စောဝင်း(ညောဝတီ ကယ်ဆယ်ရေးစခန်းတာဝန်ခံ)

နယ်မြေဒေသ မငြိမ်သက်မှုများကြောင့် ဒေသခံ တိုင်းရင်းသားများသည် ကြောက်ရွံ့ထိတ်လန့်ပြီး နေရပ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ယခုအခါ နယ်မြေလုံခြုံ ရေးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားများ ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်သည်။

**နေ့စဉ်ထွက်ခွာ**

နေရပ်ရွာများတွင် စိုက်ပျိုးခဲ့ကြသည့် စပါးများရင့်မှည့် နေပြီဖြစ်သည့်အပြင် ကျွဲနွားများလည်း ကျန်ခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းများမှ နေ့စဉ်ထွက်ခွာလျက်ရှိသည်။

**အမှန်တရားကို ဝေဝါးစေ**

မောင်တောခရိုင်အတွင်း တိုက်ခိုက်မှုများစတင်ဖြစ်ပွားခဲ့ သည်မှ ယနေ့အထိ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရ အဖွဲ့နှင့် အလှူရှင်အဖွဲ့အစည်းများက နယ်မြေလုံခြုံရေး၊ ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက် လျက်ရှိသည်။ သို့ရာတွင် အဖြစ်အပျက်အမှန်များကို ပုံဖျက် ကာ ပြည်ပအခြေစိုက်အဖွဲ့အစည်းများက မီဒီယာကိုအသုံးချ ၍ အမှန်တရားကို ဝေဝါးစေမှုများလည်း လုပ်ဆောင်လျက်ရှိ သည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း နယ်မြေလုံခြုံ ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေး စခန်းများမှ နေရပ်သို့ ပြန်လည်ထွက်ခွာလာသူတချို့ကို အခြေအနေမှန်များ သိရှိရန် ကွင်းဆင်းတွေ့ဆုံမေးမြန်းခဲ့ သည်။

**ရည်မှန်းချက်သုံးရပ်နဲ့ ဆောင်ရွက်နေ**

"အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့ မောင်တောခရိုင် အတွင်းမှာ နယ်မြေရှင်းလင်းရေးကို တရားဥပဒေနဲ့အညီ ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့က ရည်မှန်းချက်သုံးရပ်နဲ့ ဆောင်ရွက်နေပါတယ်။ အဲဒီအချက် တွေကတော့ အကြမ်းဖက်တိုက်ခိုက်သူတွေ လက်ထဲပါသွားတဲ့ လက်နက်တွေပြန်ရရှိရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ ရပ်ကျေး အဖွဲ့တွေ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နောက် တစ်ချက်က လက်နက်ကိုင် တိုက်ခိုက်မှုတွေဖြစ်ပွားရာမှာ ကိုယ်တိုင်ပါဝင်ပတ်သက်သူတွေကို ဖော်ထုတ်ပြီး တရားဥပဒေ နဲ့အညီ ပြတ်သားစွာ အရေးယူသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင် ရွက်တဲ့အခါမှာ စစ်ဆင်ရေးဧရိယာအတွင်း နယ်မြေတွေပိုင်း ဖြတ်ပြီး စနစ်တကျဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက် တစ်ချက်ကတော့ အဲဒီတိုက်ခိုက်သူတွေနဲ့ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ခဲ့သူတွေကို စစ်ကြောမှုတွေအရ ဖော်ထုတ်ပြီး တရားဥပဒေနဲ့အညီ အရေးယူနိုင်ရေး အဖွဲ့ပေါင်းစုံ ပူးပေါင်း ဆောင်ရွက်နေပါတယ်"ဟု ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ပြောပြသည်။

**အမြန်ဆုံးထောက်ပံ့ပေးဖို့ စီစဉ်နေ**

မောင်တောခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကူညီ ဖြည့်ဆည်းပေးနေမှုများနှင့်ပတ်သက်ပြီး "မောင်တော ခရိုင် အတွင်းမှာ စုစုပေါင်း စပါးစိုက်ဧက ရှစ်သောင်းခန့်ရှိပါ တယ်။ ရခိုင်တိုင်းရင်းသားတွေက ဧကတစ်သောင်းခန့်စိုက်ပျိုးပြီး အစ္စလာမ်ဘာသာဝင်တွေက ဧက ခုနစ်သောင်းခန့် စိုက်ပျိုးထား ပါတယ်။ အခုစပါးတွေ ရင့်မှည့်နေပြီး နယ်မြေမအေးချမ်းမှု ကြောင့် အလုပ်သမားရှားပါးနေပါတယ်။ ဒါကြောင့် စပါးတွေ ရိတ်သိမ်းနိုင်ဖို့ စပါးခြွေလှေ့စက် အလုံး ၄၀ ပို့ပေးဖို့ စီစဉ်နေပါ တယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး နည်းပညာ၊ သွင်းအားစု၊ စက်ပစ္စည်းတွေကို အမြန်ဆုံးထောက်ပံ့ပေးဖို့ စီစဉ်နေပါတယ်။ ဒီလို နယ်မြေမအေးချမ်းတာကြောင့် စိုက်ပျိုးသီးနှံတွေ ဆုံးရှုံးမှု မဖြစ်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါ တယ်"ဟု ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ပြောသည်။


ညောဝတီကယ်ဆယ်ရေးစခန်း၌ မလိုအပ်တော့သည့်ရွက်ဖျင်တဲများ ပြန်လည်ဖြုတ်သိမ်းနေမှုကို တွေ့ရစဉ်

ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များထောက်ပံ့ ဖြည့်ဆည်းပေးမှုကိုလည်း ကျေးရွာများအထိ ဆောင်ရွက်ပေး လျက်ရှိကြောင်းသိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရခိုင် တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များကိုပါ ဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

**တည်ငြိမ်လာပြီဖြစ်**

"နယ်မြေတည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ဒေသခံ တိုင်းရင်းသားတွေကို ပြန်လည်ပို့ဆောင်ပေးဖို့ စီစဉ်ခဲ့ပါတယ်။ တစ်ချိန် တည်းမှာပဲ ပြည်နယ်ဝန်ကြီးချုပ်နဲ့အတူ မောင်တော မြို့ကိုကွင်းဆင်းပြီး ဒေသလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခဲ့ ပါတယ်။ နယ်မြေအနေအထားတွေကို လေ့လာခဲ့ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ မြို့နယ်ဆေးရုံတွေကတော့ လက်ရှိ အချိန်ထိ ဖွင့်လှစ်ထားဆဲပါ။ အခင်းဖြစ်တဲ့အချိန်ကလည်း ရောက်လာတဲ့ လူနာတွေ၊ ဒေသခံတိုင်းရင်းသားတွေအားလုံးကို ဆေးဝါးကုသပေးခဲ့ပါတယ်။ တိုက်နယ်ဆေးရုံတွေကတော့ အစွန်အဖျားမှာရှိတဲ့အတွက် အဲဒီဆေးရုံမှာရှိတဲ့ ဒေသခံ ဝန်ထမ်းတွေက စိုးရိမ်ကြောင့်ကြစိတ်နဲ့ သက်ဆိုင်ရာမြို့ပေါ် တွေကို ပြောင်းရွှေ့လာကြပါတယ်။ အဲဒီအတွက် တပ်မတော်က ရဟတ်ယာဉ်နဲ့ ပို့ဆောင်ပေးတာတွေ ရှိပါတယ်။ အဲဒီလူတွေကို မောင်တောမြို့မှာပဲ စုစည်းထားပါတယ်။ အခုလဆန်းကစပြီး တိုက်နယ်ဆေးရုံတွေနဲ့ ကျန်းမာရေးဌာနတွေကို ပြန်ဖွင့်မယ်။ အဲဒီဌာနက ဝန်ထမ်းတွေကို မောင်တောမြို့ပေါ်မှာ စုစည်းထား ပါတယ်။ အခုအခြေအနေ တည်ငြိမ်လာပြီဖြစ်တဲ့အတွက် ကြောင့် မောင်တောမြို့ရဲ့ မြောက်ပိုင်းဖြစ်တဲ့ ခမောက်ဆိပ်၊ တမန်းသား၊ ငါးခူရ၊ တောင်ပြိုလက်ဝဲ စတဲ့ဒေသတွေမှာ စုရပ်အဖြစ်ဖွဲ့စည်းပြီး ဆေးရုံတွေနဲ့ဆေးခန်းတွေကို ပြန်လည် ဖွင့်လှစ်ဖို့ စီစဉ်ပြီး ဖြစ်ပါတယ်။



"တိုင်းရင်းသားရွာလေးတွေကိုတော့ Mobile Health Team ပုံစံမျိုးနဲ့သွားပြီး ဆေးဝါးကုသမှုတွေ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ အောက်တိုဘာ ၂၄ ရက်ကတည်းက ကျောင်းတွေပြန်ဖွင့်ပြီးပါပြီ။ စုရပ်တွေမှာရှိတဲ့ စာသင်ကျောင်းတွေကို ဒီနေ့စပြီး ဖွင့်လှစ်ပေးနေပါပြီ။ တိုင်းရင်း သားဒေသတွေမှာ တိုင်းရင်းသားကျောင်းသား ကျောင်းသူလေး တွေ ပြန်ရောက်လာရင် အဲဒီတိုင်းရင်းသားရွာတွေကို ဆရာ ဆရာမတွေစေလွှတ်ပေးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆရာမ တွေ မသွားနိုင်တဲ့ ဝေးလံတဲ့နေရာတွေကို စုရပ်တွေမှာ ဆရာမ တွေကိုထားရှိပြီး စုရပ်တွေကတစ်ဆင့် အသွားအပြန် သင်ကြား ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ရခိုင်ပြည်နယ် ကျန်းမာရေး နှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

**ကယ်ဆယ်ရေးစခန်းဖွင့်လှစ်**

နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာသူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ကူညီထောက်ပံ့ပေးမှုများ ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ စစ်တွေမြို့သို့ ရောက်ရှိလာသော နေရပ်စွန့်ခွာထွက်ပြေးလာသူများအား ညောဝတီ ဘောလုံးကွင်းအတွင်း ကယ်ဆယ်ရေးစခန်းဖွင့်လှစ် ပေးခဲ့ပြီး လက်ခံစောင့်ရှောက်ခဲ့ သည်။ စားနပ်ရိက္ခာနှင့် လိုအပ် သော အသုံးအဆောင်ပစ္စည်းများကိုလည်း ထောက်ပံ့ပေး ခဲ့သည်။

**နယ်မြေအေးချမ်းလာပြီဖြစ်**

"မောင်တောဘက်ကရောက်လာတဲ့ ဒုက္ခသည်တွေကို ပထမဆုံး ကယ်ဆယ်ရေးစခန်းဖွင့်ပြီးတော့ အစိုးရအစီအမံနဲ့ စနစ်တကျ အထောက်အပံ့တွေပေးခဲ့ပါတယ်။ စစ်တွေမြို့ ညောဝတီကယ်ဆယ်ရေးစခန်းမှာ ရွက်ဖျင်တဲ ၃၆ လုံးရှိပါတယ်။ လူဦးရေ ၈၀၀ ကျော်ရှိခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ နယ်မြေ

> **ပညာရေးနဲ့ပတ်သက်လို့ အောက်တိုဘာ ၂၄ ရက်ကတည်းက ကျောင်းတွေပြန်ဖွင့်ပြီး ပါပြီ။ စုရပ်တွေမှာရှိတဲ့ စာသင်ကျောင်းတွေကို ဒီနေ့စပြီး ဖွင့်လှစ်ပေးနေပါပြီ။ တိုင်းရင်း သား ဒေသတွေမှာ တိုင်းရင်းသား ကျောင်း သား ကျောင်းသူလေးတွေ ပြန်ရောက်လာရင် အဲဒီတိုင်းရင်းသားရွာတွေကို ဆရာ ဆရာမ တွေစေလွှတ်ပေးရေး ဆောင်ရွက်ပေးနေပါ တယ်။ ဆရာမတွေမသွားနိုင်တဲ့ ဝေးလံတဲ့ နေရာတွေကို စုရပ်တွေမှာ ဆရာမတွေကို ထားရှိပြီး စုရပ်တွေကတစ်ဆင့် အသွားအပြန် သင်ကြားပေးနိုင်ဖို့ ဆောင်ရွက်နေ**

အေးချမ်းလာတာမို့ တချို့ကို နေရပ်ပြန်လည်ပို့ပြီးပြီဖြစ်လို့ ကယ်ဆယ် ရေးစခန်းမှာ လူဦးရေ ၁၀၀ ကျော်လောက်ပဲ ရှိပါတယ်။ စားနပ်ရိက္ခာနဲ့ပတ်သက်ပြီးတော့ အလှူအတန်း လုပ်လာတဲ့ သူတွေဆီက ရလာတာတွေကို ဒုက္ခသည်တွေဆီ ကို ဖြန့်ဝေပေးပါတယ်။ အလှူအတန်းလာလုပ်တဲ့သူတွေက ကိုယ်တိုင်ကိုယ်ကျပေးလှူမယ်ဆိုရင်လည်း ခွင့်ပြုပေးခဲ့တာ တွေရှိပါတယ်။ ကယ်ဆယ်ရေးစခန်းမှာကျန်ခဲ့တဲ့ စားနပ်ရိက္ခာ တွေကိုလည်း အစိုးရအစီအမံနဲ့ မောင်တောမြို့နယ်မှာရှိတဲ့ အဖွဲ့အစည်းကို လွှဲပြောင်းပေးမှာဖြစ်ပါတယ်။ လက်ရှိအခြေ

မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာမှ မမြထွေး

မောင်တောမြို့နယ် အမှတ်(၄)ရပ်ကွက်မှ မအေးအေးအောင်



အနေမှာတော့ နယ်မြေအေးချမ်းလာပြီဖြစ်လို့ ပြန်ချင်တဲ့ ဆန္ဒရှိတဲ့သူတွေကို သူတို့ရဲ့ သဘောဆန္ဒအရ ပြန်ခွင့်ပြုခဲ့ ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ဟိုမှာ နယ်မြေအေးချမ်းနေပြီ၊ ပြန်ကြဆိုပြီး ပြောတာမဟုတ်ဘူး။ သူတို့ရဲ့ဆန္ဒအရ ကျွန်တော် တို့က ပြန်ခွင့်ပြုတာပါ"ဟု ကယ်ဆယ်ရေးစခန်းတာဝန်ခံ ဂေါယာမြေစောဝင်းက ပြောသည်။

လက်ရှိတွင် မောင်တောဒေသဘက်မှ စစ်တွေမြို့ရှိ ညောဝတီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာကြသည့် လူဦးရေ ၈၀၀ ကျော်ကို အစိုးရ၏အစီအစဉ်ဖြင့် နေ့စဉ်နေရပ် သို့ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင်လည်း လူဦးရေ ၁၀၀ ခန့်အား မောင်တောဒေသသို့ ပို့ဆောင်ပေးခဲ့ သည်။

**ကြောက်လန့်ပြီး နေနေရ**

ထိုသို့ ပို့ဆောင်ပေးခဲ့ရာတွင် ပါဝင်ခဲ့သည့် မောင်တော မြို့နယ် အောင်မင်္ဂလာကျေးရွာမှ မမြထွေးက "အောက်တို ဘာလ ၉ ရက် ည ၁ နာရီ ၁၅ မိနစ်ကစပြီးတော့ ပစ်ခတ် သံတွေကြားတယ်။ ဘယ်ကဖြစ်တယ်ဆိုတာတော့မသိဘူး။ အဲဒီမှာ ညီမတို့လည်း တစ်ညလုံးမအိပ်ရဘူး။ ပစ်ခတ်သံ တွေကြားတော့ ကြောက်လန့်ပြီး နေနေရတယ်။ အဝေးကို လည်း ထွက်မပြေးရဲဘူး။ ပစ်ခတ်သံတွေကြားထဲက ထွက်ပြေး မယ်ဆိုရင် ညီမတို့က ကြားထဲမှာညှပ်သွားမှာစိုးလို့ ရွာထဲ လုံခြုံတဲ့နေရာတစ်နေရာမှာ နေခဲ့ရတယ်။ အဲဒီနေ့က မိုးလင်း သွားတယ်။ မိုးလင်းသွားပြီး နောက်တစ်နေ့ကျော်သေးတယ်။ တစ်နေ့လုံးလည်း ပစ်ခတ်နေလို့ ကြောက်လန့်ပြီး ထမင်း လည်း စောစောစီးစီး စားရတယ်။ ဝက်ပိတ်ဆိုတဲ့ရွာမှာ ဝင်စီး တယ်လို့ကြားပါတယ်။

*စာမျက်နှာ ၉ သို့*

# လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပဋိပက္ခလုံးဝချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား ယနေ့ညနေပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်၌ သွားရောက်တွေ့ဆုံသည်။**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၃ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ချိန်က သမ္မတကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့် ပြုပြင်ပြောင်းလဲမှုသည် မောင်းနှင်အားဖြစ်၍ တည်ငြိမ်အေးချမ်းမှုသည် လိုအပ်ချက်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးသည် ရည်မှန်းချက်ဖြစ်သည်ဆိုသည့် စကားနှင့်အညီ ဆောင်ရွက်ခဲ့မှုကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တိုးတက်ပြောင်းလဲမှုများစွာရှိသည်ကို ဂုဏ်ယူဖွယ် တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ ထိုက်သင့်သည့် တည်ငြိမ်အေးချမ်းမှုရရှိခဲ့သော်လည်း လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပဋိပက္ခလုံးဝချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကူညီမှုများအားလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ်သည်လည်း နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အောင်မြင်သည့်တွေ့ဆုံဆွေးနွေးမှုများကြောင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်မှုကို အားသစ်လောင်းနိုင်သည့် အကျိုးရှိသော ခရီးစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တည်ဆောက်မှု၊ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ဘဝမြှင့်တင်မှုများ အောင်မြင်စေရန် ဆုမွန်တောင်းကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် နှစ်ဖက်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရှိပါကြောင်း၊ ယခုထက် ပိုမိုအောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံစဉ် (မြဝတီ)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာဆက်ဆံရေးဌာန၏ ပြခန်းများအား ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီနိုင်ငံခြားဆက်ဆံရေးဌာန အဆောက်အအုံ၌ နိုင်ငံတကာဆက်ဆံရေးဌာန၏ ပြခန်းများအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံခြားဆက်ဆံရေးဌာန ဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံခြားဆက်ဆံရေးဌာန ဝန်ကြီး မစ္စတာစုန့်တောင်တို့ တွေ့ဆုံဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ တွင် CPMIEC ကုမ္ပဏီသို့ ရောက်ရှိကြပြီး ကုမ္ပဏီပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Sun Guo Xiang နှင့် ပေကျင်းမြို့ရှိ Shangrila Hotel ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အပေါ် အခြေခံ၍ ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေမှုအခြေအနေများ၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာဆက်ဆံရေးဌာန၏ ပြခန်းများအား ကြည့်ရှုလေ့လာစဉ်**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အိန္ဒိယရေတပ်ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

အိန္ဒိယရေတပ်ဦးစီးချုပ်၏ဇနီး Mrs. Reena Lanba (အိန္ဒိယရေတပ် အမျိုးသမီးရေးရာဥက္ကဋ္ဌ)နှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ တာဝန်ရှိသူများနှင့် လာရောက်တွေ့ဆုံရာ တာဝန်ရှိသူများက အဖွဲ့ချုပ်နှင့် ပတ်သက်သော လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

၎င်းနောက် အိန္ဒိယရေတပ် အမျိုးသမီးရေးရာဥက္ကဋ္ဌက ၎င်းတို့အသင်းအဖွဲ့နှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း အသေးစိတ်ရှင်းလင်းပြောကြားပြီး အတွေ့အကြုံများ အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် ခင်းကျင်းပြသထားသော တိုင်းရင်းသားရိုးရာလက်မှုပစ္စည်းများ၊ ပြကွက်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ရေတပ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sunil Lanba, PVSM, AVSM, ADC နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံရေတပ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ မြန်မာ့တပ်မတော်အနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ နိုင်ငံတကာတပ်မတော်များနှင့် ဆက်ဆံဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး တိုင်း၊ ခရိုင်၊မြို့နယ်များ စုံညီတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး ဆဋ္ဌမအကြိမ် တိုင်း၊ ခရိုင်၊ မြို့နယ်များ စုံညီတွေ့ဆုံပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် စကိုင်းစတားဟိုတယ်၌ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဦးဝင်းထိန်၊ ဦးညဏ်ဝင်း၊ ဦးဟံသာမြင့်တို့ တက်ရောက်အမှာစကား ပြောကြားကြသည်။ တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမြင့်ဌေးတို့က ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကျန်းမာရေးကွန်ရက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပါတီဗဟိုကော်မတီဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်လူငယ်လုပ်ငန်း အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များနှင့် ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ပြီး တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့၏ အကြံပြုစာတမ်း၊ တိုင်းဒေသကြီး လူငယ်လုပ်ငန်းအဖွဲ့ အကြံပြုစာတမ်း၊ တိုင်းဒေသကြီး ခရိုင်လေးခုမှ အလုပ်အမှုဆောင်များ၏ အကြံပြုစာတမ်း၊ မြို့နယ် ၄၅ မြို့နယ်မှ အလုပ်အမှုဆောင်များ၏ အကြံပြုစာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။

**ကိုလတ်(သတင်းစဉ်)**

# သဘာဝဘေးတုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးရွာများဖြစ်လာရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁**



သဘာဝဘေး တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးရွာများဖြစ်လာစေရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအမှတ် (၁၄)၌ ယနေ့နံနက်ပိုင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က သဘာဝဘေးနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်သည့်အဆင့်၊ ဖြစ်လာပါက ရှာဖွေကယ်ဆယ်သည့်အဆင့်၊ သဘာဝဘေးဖြစ်ပြီးနောက် ပြန်လည်ထူထောင်ရေးကို အဆင့်ဆင့်ပြန်လည်ကြိုးပမ်းရသဖြင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးလက်လူ့ဘောင်အဖွဲ့အစည်းများ ဖြစ်ပေါ်လာရေးသည် အရေးကြီးကြောင်း၊ သဘောတရား (Concept)၊ တည်ငြိမ်အေးချမ်းမှု (Stability)၊ တုံ့ပြန်နိုင်မှုစွမ်းရည် (Responsiveness)နှင့် အလိုက်သင့် ပြောင်းလဲကာလိုက်ရောညီထွေစွာနေထိုင်မှု (Adaptive capacity) စွမ်းရည်များကို ပြည်သူများ ပြည့်ဝစွာသိရှိနားလည်စေရန် ဗဟုသုတများ မျှဝေဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များနှင့်အညီ ကျေးလက်လူထုဗဟိုပြုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပြီး သဘာဝဘေး ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် LIFT Fund မှ ဒါရိုက်တာ Mr. Andrew Kirkwood နှင့် SPPRG ဒါရိုက်တာ ဒေါက်တာအောင်နိုင်(ခ)Dr. Mike Griffiths တို့က စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးလာစေရန် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်ရေးအတွက် ၁၀ နှစ်အတွင်း သုတေသနတွေ့ရှိမှုများဖြင့် သုံးသပ်ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး စသည့် သုတေသနဆက်စပ်မှုများကို အခြေခံပြီး ပထမအဆင့်အနေဖြင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးရွာများဖြစ်ပေါ်လာစေရေးအတွက် အနာဂတ် အစီအမံများ၊ လုပ်ငန်းစဉ်များကို အဖြေရှာဖော်ထုတ်သွားဖြစ်မည်ကြောင်း သိရသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် LIFT Fund နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသောကျေးရွာများ (Social Policy & Poverty Research Group-SPPRG)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၈-၁၀-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၆-၉-၂၀၁၆ ရက်နေ့မှ ၁၄-၁၀-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာနှစ်ဦး၊ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းခြောက်ဦး၊ အထွေထွေလေးဦး ပေါင်း ၁၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ သုံးဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှ စ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၈၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၆၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၃၉၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဒီမိုကရေစီဖြစ်စဉ်တွင် ပြည်သူများပါဝင်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ ပူတာအိုး၌ကျင်းပ

**ပူတာအို နိုဝင်ဘာ ၁**

ဒီမိုကရေစီဖြစ်စဉ်တွင် ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှု အရေးကြီးပုံနှင့် ပြည်သူတစ်ဦးအနေဖြင့် မည်သို့ပါဝင်နိုင်ပုံကို ဆွေးနွေးမည်ဖြစ်ပြီး တက်ကြွသော နိုင်ငံသားကောင်းများ ဖြစ်လာစေမည့် နိုင်ငံသားဆိုင်ရာ အသိပညာများရရှိစေရန် ရည်ရွယ်လျက် Naushawng Education Network (NSEN) က ကြီးမှူး၍ ဒီမိုကရေစီဖြစ်စဉ်တွင် ပြည်သူများပါဝင်ဆောင်ရွက်မှုခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ နှစ်ရက်တာဆွေးနွေးပွဲကို ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၃)ရှိ မောန္နေလ (အေဂျီ)အသင်းတော် Sunday School ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒီမိုကရေစီ၏အခြေခံအင်္ဂါရပ်များ၊ ဖက်ဒရယ်ဒီမိုကရေစီနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲရေး ခေါင်းစဉ်တို့ဖြင့် Naushawng Education Network (NSEN) အဖွဲ့မှ ဆရာ ဘရန်လိုင်ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူ ၃၇ ဦး တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြန်မာနိုင်ငံ၌ လူတစ်ထောင်လျှင် ငါးဦးနှုန်း HIV ပိုးတွေ့ရှိနေ

**မန္တလေး နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၄၅ နှစ်အတွင်း HIV ပိုးတွေ့ရှိသူ များပြားလျက်ရှိပြီး လူတစ်ထောင်လျှင် ငါးဦးနှုန်း ခံစားနေရသည့်အပြင် နှစ်စဉ် လူဦးရေတစ်သောင်းနီးပါး ကူးစက်ခံနေရကြောင်း မန္တလေးတိုင်းဒေသကြီး(ခုခံကျ/ကာလသား) ဆရာဝန်ကြီး ဒေါက်တာ သန်းဝင်းက ပြောကြားသည်။

မူးယစ်ဆေး သုံးစွဲခြင်းကြောင့် ဖြစ်ပွားသူ ၂၃ ရာခိုင်နှုန်း၊ လိင်တူဆက်ဆံခြင်းကြောင့် ခုနစ်ရာခိုင်နှုန်းနှင့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူများတွင် ၇ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိပြီး နိုင်ငံအတွင်း၌ HIV ပိုးနှင့် အသက်ရှင်နေသူ နှစ်သိန်းနီးပါးရှိကြောင်း သိရသည်။

“ရောဂါအများဆုံး ဖြစ်ပွားသူတွေက မူးယစ်ဆေးအကြောထဲထိုးသွင်းခြင်း၊ အကာအကွယ်မဲ့ လိင်တူဆက်ဆံတာတွေနဲ့ ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူတွေမှာ ပိုပြီးအဖြစ်များတာကို တွေ့ရတယ်။ ၂၀၁၅ နောက်ပိုင်းမှာ ၁၄ နှစ်နဲ့ ၁၈ နှစ်အရွယ်အတွင်း လူငယ်တွေကို ပညာပေးမှုတွေအားနည်းတဲ့အတွက် HIV ပိုးကို လူငယ်ပိုင်းတွေမှာ အတွေ့များနေတယ် ”ဟု ၎င်းက ပြောကြားသည်။

ယခင်က မြန်မာနိုင်ငံ၌ HIV ပြင်းထန်စွာ ခံစားနေရသူများကိုသာ ART ဆေး ထုတ်ပေးခဲ့ပြီး ယခုအခါ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဖြေလျှော့မှုများဖြင့် ART ဆေးကို HIV ရောဂါပိုး စတင်တွေ့ရှိသူများကိုပါ ဆေးထုတ်ဝေပေးလျက် ရှိသောကြောင့် AIDS ရောဂါအဆင့်သို့ ရောက်ရှိသူ နည်းပါးလာကြောင်း သိရသည်။

“အရင်က ART ဆေးကို လုံလုံလောက်လောက် မပေးနိုင်တဲ့အတွက် HIV ကနေပြီးတော့ AIDS ရောဂါအဆင့်ကို ခံစားရတဲ့သူတွေ များတယ်။ ၂၀၀၅ ခုနှစ်နောက်ပိုင်းမှာ ART ဆေးကို အခမဲ့ လုံလုံလောက်လောက် ပေးနိုင်တဲ့အခါ AIDS အဆင့်ကို ရောက်တဲ့သူနည်းလာတယ်။ ဒီ ART ဆေးက ရောဂါလုံးဝပျောက်သွားစေတာတော့ မဟုတ်ဘူး။ ရောဂါမဖြစ်ပွားအောင်ပဲ ထိန်းချုပ်ပေးနိုင်ပါတယ်”ဟု ဒေါက်တာ သန်းဝင်းက ပြောကြားသည်။

အဆိုပါ ART ဆေးများကို RHC အဖွဲ့၊ PSI အဖွဲ့များ၊ ပြည်ကြီးခင်အဖွဲ့များနှင့် နီးစပ်ရာကျန်းမာရေးဌာနများမှ အခမဲ့ပေးဝေလျက်ရှိပြီး နိုင်ငံအတွင်း HIV ပိုးဖြစ်ပွားမှု လျော့ကျစေရေးအတွက် ပညာပေးပြပွဲများ၊ HIV ပိုးရှိ၊ မရှိ သွေးစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြိတ်ပြည်သူ့ဆေးရုံ၌ အရေပြားရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေး

**မြိတ် နိုဝင်ဘာ ၁**

မြိတ်ပြည်သူ့ဆေးရုံ၌ အရေပြားရောဂါဝေဒနာရှင်များအား ပြည်သူ့ဆေးရုံ အရေပြားရောဂါ အထူးကုဆရာဝန်ကြီးနှင့် ပြင်သစ်နိုင်ငံအခြေစိုက် AMFA အဖွဲ့မှ အရေပြားရောဂါ အထူးကုဆရာဝန်ကြီးနှစ်ဦးတို့ ပူးပေါင်းကာ နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းမှ စတင်ကာ အရေပြားရောဂါပြင်ပလူနာဌာန၌ အခမဲ့စမ်းသပ် စစ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံအခြေစိုက် AMFA အဖွဲ့မှ အရေပြားရောဂါအထူးကုဆရာဝန်ကြီး Dr.Colette Bloch Pisier နှင့် Dr.Anne-Marie CARDENNE တို့သည် ပြည်သူ့ဆေးရုံ အရေပြားရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသီတာဌေးနှင့် တာဝန်ကျဆရာဝန် ၊ သူနာပြုများနှင့်အတူ နိုဝင်ဘာ ၂ ရက်အထိ အရေပြားရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ် စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် အရေပြားရောဂါဝေဒနာရှင် ၁၀၄ ဦးကို အခမဲ့စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

AMFA အဖွဲ့မှ အရေပြားရောဂါအထူးကုဆရာဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ ၃ ရက်တွင် ကျွန်းစုမြို့နယ် ဝဲကျွန်းကျေးရွာနှင့် နိုဝင်ဘာ ၄ ရက်တွင် ရှော်တောမော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့၌ အရေပြားရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ် စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှု အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများတိုင်ကြားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**တိုင်တန်းချက်များလက်ခံခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်လည်းကောင်း၊ ပြည်သူအများ လိုလားတောင့်တနေကြသော စစ်မှန်သည့်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရန် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်က ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေနှင့်အညီ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံတော်၏စီးပွားရေး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှု အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများအသိပေးတိုင်ကြားရန် အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ email- compt.msco@gmail.com သို့ဖြစ်စေ၊ ဖက်(စ်) အမှတ် ၀၆၇-၄၀၉၂၉၂ သို့ဖြစ်စေ ပေးပို့ပြီးဆက်သွယ်တိုင်ကြားနိုင်ပါသည်။

(က) တိုင်တန်းသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း/လက်ကိုင်ဖုန်း/ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)၊

(ခ) တိုင်တန်းသူသည် အစိုးရပိုင်း၊ဌာနပိုင်းဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ အဂတိလိုက်စားမှု မမှန်မကန်လုပ်ဆောင်ခဲ့မှုများကို အထောက်အထားအချက်အလက်များဖြင့် ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

၃။ တိုင်တန်းသော အကြောင်းအရာသည် ပြည်သူအများထိခိုက်နစ်နာသော အစိုးရပိုင်း၊ ဌာနပိုင်းဆိုင်ရာ တာဝန်ရှိသူများ၏ အဂတိလိုက်စားမှုများကို အဓိကထား၍ တိကျပွင့်လင်းစွာ အသိပေးတင်ပြရပါမည်။

၄။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် လက်ခံရရှိသောတိုင်တန်းချက်များကို ပေါက်ကြားခြင်းမရှိစေရန် စီစဉ်ထားသဖြင့် တိုင်ကြားရန်ရှိသည်များကို စိုးရိမ်ပူပန်မှုကင်းစွာဖြင့် တိုင်ကြားနိုင်ပါသည်။

၅။ တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲနှင့်ဆုံးဖြတ်ချက်ချပြီး ကိစ္စရပ်များကို တိုင်တန်းခြင်းမပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

*စာမျက်နှာ ၆ မှ*

ရွာနီးချင်းတွေမို့လို့ အဲဒီ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာတွေကနေပြီးတော့ တချို့ကပြောပါတယ်။ ဝက်ပိတ်ရွာကို တပ်မတော်က ဝင်ရောက်စစ်ဆေးတဲ့အခါမှာ ကျည်ခွံတွေ အများအပြားတွေ့တယ်လို့ ပြောပါတယ်။ လက်ရှိအချိန်မှာတော့ အဲဒီမှာ ဘာမှမဖြစ်တော့ဘူးလို့ကြားတယ်။ ကြောက်ကြောက်လန့်လန့် နေနေရတော့ ရွာမှာ အမျိုးသားတွေပဲရှိတယ်။ ကလေးတွေနဲ့ အမျိုးသမီးတွေက ကယ်ဆယ်ရေးစခန်းတွေကို သွားနေရတယ်။ ကျည်ဆန်တွေကြား၊ ပစ်ခတ်သံတွေကြားထဲက အသက်စွန့်ပြီး ကျွန်မတို့ထွက်ပြေးခဲ့ရတာပါ။

**ပြန်လည်ပြောင်းရွှေ့**

"အဲဒီကနေတစ်ဆင့် စစ်တွေကယ်ဆယ်ရေးစခန်းကို ရောက်တယ်။ စစ်တွေမှာ နေရင်းကနေ မိသားစုရှိလို့ မောင်တောကို တစ်ရက်နှစ်ရက်လောက် ပြန်သေးတယ်။ အဲဒီမှာ ကယ်ဆယ်ရေးစခန်းတွေဖွင့်တယ်ပြောလို့ ပြန်သွားတာပါ။ အဲဒီကနေ စစ်တွေမြို့မှာရှိတဲ့ ဘောလုံးကွင်းထဲက ကယ်ဆယ်ရေးစခန်းကို ပြန်လည်ပြောင်းရွှေ့ပေးပါတယ်။ ကယ်ဆယ်ရေးစခန်းမှာ အစစအရာရာ အဆင်ပြေပါတယ်။ ကျွန်မတို့လို ဒုက္ခသည်တွေကို စားရေးသောက်ရေး၊ ကျန်းမာရေးကအစ အကူအညီပေးတဲ့အတွက် ပူပင်စရာမရှိပါဘူး။ အခုတော့ စစ်တွေကယ်ဆယ်ရေးစခန်းကနေ မောင်တောမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းကို ပြန်နေပါပြီ"ဟု ပြောပြသည်။

**သဘောဆန္ဒအတိုင်း ခွင့်ပြု**

တချို့မှာ နယ်မြေအေးချမ်းကာ လုံခြုံမှုများလည်း ရရှိနေပြီဖြစ်သောကြောင့် နေရပ်အသီးသီး ပြန်သွားခဲ့သူများရှိသကဲ့သို့ အချို့မှာ ကယ်ဆယ်ရေးစခန်းများတွင် ဆက်လက်နေထိုင်လျက်ရှိသည်။ ထိုသို့ နေရပ်ပြန်ခြင်းနှင့် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ခြင်းတို့သည် တိမ်းရှောင်လာသူများ၏ သဘောဆန္ဒအတိုင်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

"ဘယ်သူမဆို ကိုယ့်အိမ်ကိုတော့ ပြန်ချင်ကြတာပါပဲ။ စစ်တွေကယ်ဆယ်ရေးစခန်းမှာ နေခဲ့စဉ်ကလည်း အစိုးရပိုင်းက စားရေးသောက်ရေးအပြင် ဝတ်စရာ အဝတ်အထည်၊ စောင်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုပါ ထောက်ပံ့ပေးပါတယ်။ အခုလိုမျိုး နေရပ်ပြန်ပို့တဲ့အချိန်မှာ ကျွန်မတို့ကို အစိုးရက ငွေကျပ် ၁၀၀၀၀ နဲ့ လူမှုကူညီရေးအဖွဲ့အစည်းက ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးပါတယ်"ဟု မောင်တောမြို့ အမှတ် (၄) ရပ်ကွက်မှ မအေးအေးအောင်က ပြောသည်။

❖ **ကျောဖုံးမှ**

ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်၍ မိမိတို့ ဆန္ဒအလျောက် ၎င်းတို့၏ နေရပ်ဒေသ အသီးသီးသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်သည်။

စစ်တွေမြို့ ခညဝတီဘောလုံးကွင်းအတွင်း ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းမှ နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ခဲ့ကြသည့် ဒေသခံ ၁၀၀ ခန့်မှာ ၎င်းတို့ ဆန္ဒအလျောက် ယနေ့တွင် အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်အားပေးခဲ့ကြသည်။ ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုအဖွဲ့အစည်းများက ငွေကြေးနှင့် စောင်၊ ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

စစ်တွေမြို့ ခညဝတီဘောလုံးကွင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာသူ ၈၀၀ ခန့်အထိ ရှိခဲ့ရာမှ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်သောကြောင့် ၎င်းတို့ဆန္ဒအလျောက် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိရာ ယခုအခါ ခညဝတီကယ်ဆယ်ရေးစခန်း၌ ဒုက္ခသည် ၁၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း၊ အဆိုပါကယ်ဆယ်ရေးစခန်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ တည်းခိုနေထိုင်နိုင်ရန် ယခင်က ကယ်ဆယ်ရေးရွက်ဖျင်တဲ ၃၆ လုံး ဆောက်လုပ်ပေးထားရာမှ ယခုအခါ မလိုအပ်တော့သည့် ရွက်ဖျင်တဲများကို ပြန်လည်ဖြုတ်သိမ်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉) ကော်လံ(၁)ဒုတိယပိုဒ်ပါ အကျဉ်းသားသမဂ္ဂ (အစား) ကျောင်းသားသမဂ္ဂဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

## နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ**

**နေပြည်တော် နိုဝင်ဘာ ၁** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသောအောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | မင်းဆွေနှစ် (မုံရွာ) | မြန်မာကဗျာလက်ရွေးစင်ဆောင်းပါးများ | ၇၀၀၀ | ချင်းတွင်းအိမ်စာပေ |
| ၂။ | သန်းဝင်းလှိုင် | စစ်အာဏာရှင်ကြီးဗိုလ်နေဝင်း၏ ဇနီးတော်များရာဇဝင် | ၁၅၀၀ | ခုနှစ်စဉ်ကြယ်စာပေ |
| ၃။ | လူထုစိန်ဝင်း | နန်းစကားမန်းစကားမြန်မာတို့ရဲ့မြန်မာစကား | ၁၅၀၀ | နှစ်ကာလများစာပေ |
| ၄။ | ဆူးငှက် | တိမ်ယံအိပ်မက်မိုးထက်နရီ | ၃၅၀၀ | လင်းလွန်ခင်စာပေ |
| ၅။ | ဆရာစောထွန်းအောင် | ၂၀၁၇ အောင်မှန် အခါပေးဒိုင်ယာရီ | ၂၀၀၀ | လှိုင်စာပေ |
| ၆။ | နောင်ချိုသစ် | ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံရေး | ၂၅၀၀ | MKS |
| ၇။ | ကလောင်စုံ | ၃ ယောက်ကဗျာ | ၁၅၀၀ | ကျော်မွှေးစာပေ |
| ၈။ | ဟန်ဝေထွန်း | ဟန်ဝေထွန်း လွန်ခဲ့သော နာရီများ | ၁၅၀၀ | ကျော်မွှေးစာပေ |
| ၉။ | ခြေလျင်အရာရှိ ဟောင်းတစ်ဦး | ဒေါနမှုသည် ချစ်သူဆီသို့နှင့် စစ်မြေပြင်မှ ဖြစ်ရပ်ဆန်းကြယ်များ | ၁၈၀၀ | စိတ်ကူးသစ်စာပေ |
| ၁၀။ | ပန်းချီ - L လင်း | ဝေရောစနကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး | ၁၀၀၀ | ခုနှစ်စဉ်ကြယ်စာပေ |
| ၁၁။ | မင်းပြားမင်းသိန်းဇံ | ရခိုင်ရိုးရာဝတ္ထုရွေးလက်ဆောင် | ၁၅၀၀ | ဝေဘူလစာပေ |
| ၁၂။ | မင်းပြားမင်းသိန်းဇံ | ရခိုင်ပညာရှိသုခမိန်ကြီးများ | ၁၅၀၀ | ဝေဘူလစာပေ |
| ၁၃။ | အောင်လှသိန်း | ရခိုင်ရိုးရာမုနိပူဇော | ၁၀၀၀ | ဝေဘူလစာပေ |
| ၁၄။ | ဒေါက်တာသန်းထွန်း | နယ်လှည့်ရာဇဝင် ပ+ဒု+တ သုံးတွဲပေါင်းချုပ် | ၇၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၁၅။ | စစ်သွေး | အရှေ့အလယ်ပိုင်းမှ မြန်မာဆီသို့ | ၂၃၀၀ | ရွက်စိမ်းစာပေ |
| ၁၆။ | ဇင်မျိုး - မြန်မာပြန် | စတိဂျော့ဘ်စ်အမေရိကန်ဂျီးနီးယပ်စ် | ၄၀၀၀ | ကိုနေမန်းစာပေ |
| ၁၇။ | ဒေါ်ခင်ဝင်းမြင့် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေနှင့် ခုံရုံးနည်းဥပဒေ | ၂၅၀၀ | ရှုတိုင်းယဉ်စာပေ |
| ၁၈။ | ဒေါ်ခင်ဝင်းမြင့် | မသန်စွမ်းသူများ၏ အခွင့်ရေးဥပဒေ | ၁၅၀၀ | ရှုတိုင်းယဉ်စာပေ |
| ၁၉။ | ဒေါ်ခင်ဝင်းမြင့် | ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ | ၁၀၀၀ | ရှုတိုင်းယဉ်စာပေ |
| ၂၀။ | ကလောင်စုံ | ပဥ္စဂံပုံရိပ် ခံစားမှုကဗျာများ | ၁၂၀၀ | ရွက်စိမ်းစာပေ |
| ၂၁။ | Dr. အောင်ကျော်မြင့် | ရှေးအညာဆေးကျောင်းသား | ၃၂၀၀ | ရှင်မတောင်စာပေ |
| ၂၂။ | Dr. ခင်မောင်ဝင်း(သချ်ာ) | သချ်ာတွက်နည်းနှင့် အဖြေများပေါင်းချုပ် | ၃၀၀၀ | ရန်အောင်စာပေ |
| ၂၃။ | ပန်းချီမျိုးမာန် | သာသနာဖျက်မ | ၁၅၀၀ | မြင့်မိုရ်မေမေစာပေ |
| ၂၄။ | ဝေဖြိုးအောင် | Auto CAD 3D+CD | ၃၀၀၀ | သင်းသင်းမွန်စာပေ |
| ၂၅။ | ဘုဏ်းသိုက် | လူငယ်နှင့် အိပ်မက်နိုင်ငံတော် | ၂၇၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၆။ | ဇင်မျိုး - မြန်မာပြန် | စစ်မက်ကမ္ဘာထဲက ငြိမ်းချမ်းရေးလူသားကိုဖီအာနန် | ၈၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၇။ | မြင့်မိုရ်ကျော်လင်း | ကြယ်တစ်စင်း၏ ရွက်လွှင့်ခြင်း | ၂၅၀၀ | ငွေလစာပေ |
| ၂၈။ | အောင်လှိုင်(မြန်မာပြန်) | ပျော်ရွှင်ခြင်း သင့်အတွက်ပါ | ၉၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၉။ | မောင်သိန်းလွင် | ကျောင်းသားတစ်ဦး၏ ရင်ဖွင့်သံနှင့် နိုင်ငံရေးဆောင်းပါးများ | ၂၅၀၀ | ရွှေဟသာ်စာပေ |
| ၃၀။ | ဒေါက်တာရဲသွင် | လုတစ်မျက်နှာ | ၂၀၀၀ | ရန်အောင်စာပေ |
| ၃၁။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လိုပြုံးပါ | ၂၀၀၀ | Synergy စာပေ |
| ၃၂။ | Dr. အောင်ကြည်ဝင်း | မလုံ့တလုံစစ်ဆင်ရေးနှင့် အခြားဆောင်းပါးများ | ၃၀၀၀ | ရှင်မတောင်စာပေ |
| ၃၃။ | ဘော့ဘ်ဒီလန် | စာကြည့်တိုက်စာစဉ် (၄၁) ဘော့ဘ်ဒီလန် | ၁၅၀၀ | TheKeyCollection |
| ၃၄။ | ဇေယျမင်းသျှင် | ခေတ်နှင့်စီးချင်းထိုးခြင်း | ၆၀၀၀ | ဝါးလည်စာပေ |
| ၃၅။ | နေမျိုးဆက်လူ | မားကတ်တင်း | ၂၀၀၀ | နှစ်ကာလများစာပေ |
| ၃၆။ | စံပယ်ဖြူနု | လှပ်၍လွင့်သောကမ္ဘာ | ၄၅၀၀ | ကုံကော်ဝတ်ရည်စာပေ |
| ၃၇။ | ကလောင်စုံ | ရသရောင်စဉ် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို(စုစည်းမှု) | ၂၀၀၀ | စွယ်တော်စာပေ |
| ၃၈။ | ဒီနိုဗို ပြန်ဆိုသည် | ပေါလ်အော်စတာ၏ ပိတ်ထားတဲ့ အခန်း | ၂၅၀၀ | အိပ်မက်အသစ်စာပေ |
| ၃၉။ | ဇာနည်အောင် | စိန်ခေါ်မှုကို အန်တုကြ | ၂၅၀၀ | ရွက်ကျပင်ပေါက် |
| ၄၀။ | သွယ်သွယ်မျိုးညွန့် | ကျွန်မ၏ အက်ဆေးများ | ၂၅၀၀ | စာပေလောက |
| ၄၁။ | စိန်မျိုးမြင့် | ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသအချို့ ခရီးတစ်ထောက် | ၃၀၀၀ | စာပေလောက |
| ၄၂။ | အရှင်ဝိသာရဒ၊ ရမ္မာဝတီ | လူတိုင်းအတွက် ဗုဒ္ဓစိတ်ပညာ | ၂၀၀၀ | ပီကာမီဒီယာ |
| ၄၃။ | PK (ကျောင်းစောင့်ကြီး) | ကျောင်းစောင့်ကြီးရဲ့နံရံကပ်စာစောင်မှ စကားပြောသော စာလုံးများ | ၁၀၀၀ | ပီကာမီဒီယာ |
| ၄၄။ | ဒေါ်ခင်ဝင်းမြင့် | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၁၂၀၀ | ရှုတိုင်းယဉ်စာပေ |
| ၄၅။ | ဒေါ်ခင်ဝင်းမြင့် | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ | ၂၅၀၀ | ရှုတိုင်းယဉ်စာပေ |

*(ဆက်လက်ဖော်ပြပါမည်)*



# ထိုင်းဘုရင်နန်းတက်ပွဲကို ဒီဇင်ဘာ ၁ရက်တွင် ပြုလုပ်ရန် လျာထား

**ဗန်ကောက် နိုဝင်ဘာ ၁**

ထိုင်းနိုင်ငံသည် ဒီဇင်ဘာ ၁ ရက်တွင် အိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွမ်းန်အား ထီးနန်းတင်ရန် ဆောင်ရွက်နေကြောင်း စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များအရ သိရသည်။

အောက်တိုဘာ ၁၃ ရက်က အသက် ၈၈ နှစ်အရွယ် ဘုရင်ကြီးဘူမိဘော နတ်ရွာစံကံတော်ကုန်ခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သော ထိုင်းမှ လူဦးရေ ၆၇ သန်းခန့် မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရသည်။

အိမ်ရှေ့မင်းသားသည် ကိုယ်ပိုင်စီးပွားရေးကိစ္စဖြင့် ဂျာမနီသို့ သွားရောက်ပြီးနောက် ထီးနန်းအမွေကို ဒီဇင်ဘာ ၁ ရက်တွင် ဆက်ခံရန် လျာထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၁ ရက်အတွက် အားလုံးကိုပြင်ဆင်ထားရမယ်"ဟု အမည်မဖော်လိုသူ အခြားစစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။ သို့သော်လည်း ယခုကဲ့သို့ ထီးနန်းဆက်ခံရန် လျာထားခြင်းသည်လည်း အိမ်ရှေ့မင်းသားအပေါ် များစွာမူတည်ကြောင်း ယင်းသတင်းအရင်းအမြစ်တွင် ဆက်လက်ဖော်ပြထားသည်။

ဝန်ကြီးချုပ် ပရာယုချန်အိုချာက အိမ်ရှေ့မင်းသား၏ ပုံမှန်ထီးနန်းဆက်ခံခြင်းကို ဘုရင်ကြီးနတ်ရွာစံပြီး ခုနစ်ရက်မှ ၁၅ ရက်အတွင်း ပြုလုပ်လေ့ရှိကြောင်း ပြောခဲ့သည်။

သို့သော်လည်း နန်းတက်ပွဲကို ဘုရင်ကြီး ခန္ဓာဝန်မချမချင်း ပြုလုပ်၍ မရကြောင်း သိရသည်။

**(ရိုက်တာ)**

## အိုင်အက်စ်တို့ လက်နက်ချအညံ့ခံရန် အီရတ်ဝန်ကြီးကတိုက်တွန်း

**မိုဆူးလ် နိုဝင်ဘာ ၁**

အီရတ်အစိုးရတပ်ဖွဲ့ဝင်များသည် မိုဆူးလ်မြို့အတွင်းရှိ အိုင်အက်စ်အဖွဲ့၏ နောက်ဆုံးထိန်းချုပ်နယ်မြေအတွင်းသို့ ချဉ်းကပ်ဝင်ရောက်လာပြီဖြစ်ရာ အိုင်အက်စ်အဖွဲ့အား လက်နက်ချအညံ့ခံရန် အီရတ်ဝန်ကြီးချုပ်အဘာဒီက တိုက်တွန်းခဲ့သည်။

"အိုင်အက်စ်အဖွဲ့အနေနဲ့ ရွေးချယ်စရာဆိုလို့ လက်နက်ချမလား၊ အသေခံမလားဆိုတဲ့ နှစ်မျိုးပဲရှိပါတော့တယ်"ဟု နိုင်ငံပိုင်ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်တွင် ဝန်ကြီးချုပ် ဟေဒါအယ်လ်အဘာဒီက ပြောကြားခဲ့သည်။

အီရတ်အထူးတပ်ဖွဲ့ဝင်အင်အားစုများသည် ယခုအခါ မိုဆူးလ်မြို့၏ အရှေ့ဘက်အစွန်အဖျားမှ ၁ ကီလိုမီတာခန့်အကွာအဝေးသို့ ရောက်ရှိနေခဲ့ပြီး ဝင်ရောက်ရန် အသင့်အနေအထားတွင်ရှိကြောင်း သိရသည်။

တပ်မတော်တိုးမြှင့်အင်အားစုများသည် တောင်ဘက်မှ အင်အားတိုးချဲ့ဝင်ရောက်လာကြသည်။ မစ္စတာအယ်လ်အဘာဒီသည် အီရတ်ရှိ လက်နက်ကိုင်တပ်မတော် အင်အားစုများအားလုံး၏ စစ်ဦးစီးချုပ်ဖြစ်သည်။

**(ဘီဘီစီ)**

## တရုတ်နိုင်ငံ ရှန်ဒေါင်ပြည်နယ်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၃ ဦး သေဆုံးပြီး ပိတ်မိနေသောလူ ၂၀ ကို ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကျင်းဒေသအတွင်းရှိ ပုဂ္ဂလိကပိုင် ဂျင်ရှန်ကူ ကျောက်မီးသွေးတွင်း၌ တနင်္လာနေ့နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကျောက်မီးသွေးတွင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့သော်လည်း တရုတ်နိုင်ငံတွင် မိုင်းတွင်းမတော်တဆဖြစ်ရပ်များ မကြာခဏဖြစ်ပွားခဲ့သည်။

ဇူလိုင်လအတွင်းက ရှန်ဒေါင်ပြည်နယ်တွင် ကျောက်မိုင်းတွင်း ပြိုကျမှုဖြစ်ပွားခဲ့ပြီး တွင်း၌ပိတ်မိနေသူများကို ၃၆ ရက်အကြာတွင် ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည်။ မိုင်းတွင်းပိုင်ရှင်သည် အဆိုပါဖြစ်ရပ်အပြီးတွင် မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။

**(ဆင်ဟွာ)**



## ဘင်္ဂလားဒေ့ရှ်ရှိ ဟိန္ဒူဘာသာရေးအဆောက်အအုံနှင့် နေအိမ်ပေါင်းများစွာ တိုက်ခိုက်ဖျက်ဆီးခံရ

**ဒါကာ နိုဝင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြန်မင်ဘာရီယာခရိုင်ရှိ နာဇာနာဂါ၌ အစ္စလာမ်ဘာသာကို မလေးမစား ပြုမူသည်ဟုဆိုကာ ဟိန္ဒူဘာသာရေး အဆောက်အအုံ ၁၅ ခုကို တနင်္ဂနွေနေ့က ဖျက်ဆီးခြင်းခံခဲ့ရကြောင်း သိရသည်။

အဆိုပါနေရာအနီးရှိ ဟိန္ဒူဘာသာဝင်လူမျိုးစုတို့၏ နေအိမ်အလုံးတစ်ရာကျော်ကိုလည်း အစ္စလာမ်ဘာသာဝင်တစ်စုက လုယက်ဖျက်ဆီးခဲ့ကြသည်။ နာရီများစွာကြာအောင် ဖျက်ဆီးသောင်းကျန်းမှုများ လုပ်ဆောင်ခဲ့ပြီးနောက်တွင် သောင်းကျန်းသူလူစုသည် ဟာဘီဂန်ချ် မဒတ်ပါဒေသအနီးရှိ ဘုရားကျောင်းနှစ်ခုကိုလည်း ဝင်ရောက် တိုက်ခိုက်ဖျက်ဆီးခဲ့ကြကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ထိုသို့တိုက်ခိုက်ဖျက်ဆီး သောင်းကျန်းမှုများ ဖြစ်ပွားခဲ့ပြီးနောက် တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သူ ခြောက်ဦးကို ရဲများကဖမ်းဆီးခဲ့ကြောင်း သိရသည်။ နာဆာရာဂါနှင့် မဒတ်ပါဒေသများတွင် နယ်ခြားစောင့်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မှုခင်းနှိမ်နင်းရေးစုပေါင်းတပ်ဖွဲ့ဝင်များကို အရေးပေါ် ဖြန့်ချထားကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းမီဒီယာက ဖော်ပြသည်။

တနင်္ဂနွေနေ့ နှောင်းပိုင်းတွင် အဆိုပါဒေသရှိ လက်ထောက်ရဲမင်းကြီး ရက်ဇ်ဝါနာရာမန်နှင့် ရဲမှူးကြီးမစ်ဇာနာရာမန်တို့က အဆိုပါရေးယာတစ်ဝိုက်တွင် စုံစမ်းထောက်လှမ်းမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ သို့သော် ဒေသအတွင်းရှိ ဟိန္ဒူလူမှုအဖွဲ့ခေါင်းဆောင်ကမူ ကျေနပ်လက်ခံဖွယ်ရာမရှိသည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုဖြစ်ရပ်သည် ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရာမူးရှိ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအဆောက်အအုံများအား တိုက်ခိုက်ခဲ့မှုဖြစ်စဉ်နှင့်တူကြောင်း ဖော်ပြခဲ့သည်။ နာဆာရာဂါဒေသတွင် ယခုကဲ့သို့ဖြစ်ပွားခဲ့သည့် အကြောင်းမှာ ဟိန္ဒူလူငယ်တစ်ဦးဖြစ်သည့် ဟာရင်ဘတ် ကျေးရွာတွင် နေထိုင်သူ ဟိန္ဒူဘာသာဝင်တစ်ဦး ဖြစ်သည့် ရာဆရတ်ဒက်စ်သည် အစ္စလာမ်ဘာသာဝင်များအား ပုတ်ခတ်စော်ကားသည့် အကြောင်းအရာများကို လူမှုကွန်ရက်မှတစ်ဆင့် ဖော်ပြခဲ့သည်ဟု စွပ်စွဲခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုများအပြီးတွင် ရာဆရတ်ဒက်စ်အား ရဲများကဖမ်းဆီးခဲ့သည်။

အစ္စလာမ်ဘာသာရေးအဖွဲ့ နှစ်ဖွဲ့ဖြစ်သည့် တူဟီဒီဂျနာတာနှင့် အလီဆွန်နတ်ဝါဂျာမတ်တို့သည် တနင်္ဂနွေနေ့က ဆန္ဒပြမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက်တွင် တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကာလီပူဂျာပွဲတော် ကျင်းပပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ကြောင်း၊ ဝတ်ပြုကိုးကွယ်သူအချို့မှာ တိုက်ခိုက်ခံရပြီး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုသည် ဘင်္ဂလားဒေ့ရှ်ဒေသရှိ ဟိန္ဒူဘာသာဝင်လူနည်းစုတို့ကို စိတ်ထိခိုက်နာကျင်စေခဲ့ကြောင်း ဟိန္ဒူဘာသာရေးခေါင်းဆောင် ဆွန်နီဒက်စ်က ပြောကြားခဲ့ကြောင်း သတင်းဖော်ပြထားသည်။ **(အင်ဒီးယန်းပရက်စ်)**

## မလေးရှား အရှေ့ကမ်းရိုးတန်း မီးရထားလမ်း စီမံကိန်းအတွက် တရုတ်ဘဏ္ဍာငွေထည့်ဝင်

**ပေကျင်း နိုဝင်ဘာ ၁**

မလေးရှားပြည်နယ်လေးခုကို ဖြတ်သွားမည့် အရှေ့ဘက်ကမ်းရိုးတန်း မီးရထားလိုင်း တည်ဆောက်ရန် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁ ဘီလီယံ အကုန်အကျခံထားကြောင်း မလေးရှားဘဏ္ဍာရေး အတွင်းရေးမှူးချုပ်က ပြောကြားသည်။

မလေးရှားနှင့် တရုတ်တို့သည် နိုဝင်ဘာ ၁ ရက်တွင် ရထားလမ်းဆောက်လုပ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံသို့ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့်အတူ အောက်တိုဘာ ၃၁ ရက်က ခြောက်ရက်ကြာ လာရောက်လည်ပတ်သော ဒေါက်တာအာရာဝမ် ပေကျင်းသို့ ရောက်ရှိစဉ် မလေးရှားသတင်းထောက်များကို မလေးကျွန်းဆွယ်အနောက်ဘက်မှ အရှေ့ဘက်ထိ ဖြတ်သန်းဖောက်လုပ်မည့် အဆိုပါ မီးရထားလမ်းသည် ပို့ဆောင်ဆက်သွယ်ရေး စရိတ်စကသာမက အချိန်ကုန်ဆုံးမှု သက်သာမည့်အပြင် တန်ဆာစရိတ်စကလည်း သက်သာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် မလေးလူမျိုးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးမည်ဖြစ်ကာ အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပွင့်လင်းလာမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားခဲ့သည်။ သဘောတူညီချက်မှာ နောက်ဆုံးအဆင့်ထိမရောက်သေးသော်လည်း တရုတ်၏ဘဏ္ဍာငွေထောက်ပံ့မှုများသည် နိုင်ငံတကာဈေးကွက်နှင့် နှိုင်းယှဉ်ကြည့်လျှင် နည်းပါးသေးကြောင်း ၄င်းကဆက်လက်ပြောကြားခဲ့သည်။ ယင်းမီးရထားလမ်းစီမံကိန်းမှာ မလေးရှားနိုင်ငံအတွက် အရေးပါသဖြင့် အမြန်ဆုံးဖြစ်နိုင်သမျှ အလျင်အမြန်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ယင်းစီမံကိန်းကို လာမည့်နှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၂၂ တွင် ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။

**(ချန်နယ်နယူးစ်အေးရှား)**

## တရုတ်နိုင်ငံ၏အကြီးဆုံးလေကြောင်းပြပွဲတွင် ဂျေ-၂၀ တိုက်လေယာဉ်များကို ထုတ်ဖော်ပြသ



**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံသည် နိုဝင်ဘာ ၁ ရက်က နိုင်ငံ၏ အကြီးဆုံးလေယာဉ်ထုတ်လုပ်သူများနှင့် ဝယ်ယူသူများစုဝေးရာ လေကြောင်းပြပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ချန်ဒူ ဂျေ-၂၀ တိုက်ခိုက်ရေးလေယာဉ်ကို ပြသခဲ့ခြင်းဖြင့် ၄င်း၏စစ်ရေးဆိုင်ရာ အင်အားကြီးမားမှုကို ပြသခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၁ ရက်က ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတောင်ပိုင်းမြို့ဖြစ်သည့် ဇူလိုင်လတွင်ပြုလုပ်သော တရုတ်လေကြောင်းပြပွဲသည် တရုတ်နိုင်ငံအနေဖြင့် အာကာသလေကြောင်းအင်အား ပြသခြင်းဖြစ်သလို ယင်းနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာများကို ပြသခြင်းလည်းဖြစ်သည်။ တရုတ်နိုင်ငံသည် လာမည့်ဆယ်စုနှစ်များတွင် လေကြောင်းဈေးကွက်ကဏ္ဍ၌ အမေရိကန်ပြည်ထောင်စုကို ကျော်တက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဂျေ-၂၀ တိုက်ခိုက်ရေးလေယာဉ်များ၏ပုံစံကို အမေရိကန်ပြည်ထောင်စု စစ်ရေးဆိုင်ရာနည်းပညာပိုင်းတွင် ကွာခြားမှုမရှိစေရေးအတွက် ပိုမိုကောင်းမွန်အောင် ဆန်းသစ်ထားကြောင်း သိရသည်။

**(ရိုက်တာ)**

# အဖြေရှာဖွေနေဆဲ ငလျင်ဘေးကျရောက်မှုများနဲ့ အီတလီ

**ကလျာမိုးမြင့်**



**အီတလီနိုင်ငံ နေ့ဆီရာမြို့အနီးမှာ တနင်္ဂနွေနေ့ နံနက်စောစောအချိန် လှုပ်ခတ်သွားခဲ့တဲ့ မြေငလျင်ဟာ ၁၉၈၀ ခုနှစ်က အီတလီတောင်ပိုင်းမှာ အင်အား ၆ ဒသမ ၉ ရစ်ချ်တာစကေးရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အကြီးဆုံးသော ငလျင်လှုပ်ခတ်မှုဖြစ်ပါတယ်။ အတိတ်ကိုပြန်ကြည့်ရင် အဲဒီငလျင်အတွင်း လူ ၂၅၀၀ သေဆုံးခဲ့ရပြီး ၇၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ကံကောင်းထောက်မစွာနဲ့ ယနေ့အခါမှာ အဲဒီအချိန်ကလောက် လူအသေအပျောက် မများခဲ့တာကို ကျေးဇူးတင်ရမလို ဖြစ်နေခဲ့ပါတယ်။ ဒါဟာ နှစ်အနည်းငယ်အတွင်းမှာ တိုးတက်လာတဲ့ ကြိုတင်ပြင်ဆင်မှုနဲ့ တုံ့ပြန်ဆောင်ရွက်နိုင်မှုတွေကြောင့်သာ အသေအပျောက် လျော့နည်းခဲ့တာပါ။**

ဒါပေမယ့် အီတလီအလယ်ပိုင်းဒေသဟာ နောက်ထပ် ကြောက်စရာကောင်းတဲ့ ဆိုးကျိုးသက်ရောက်မှုတွေ ရှိနိုင်သေးတယ်ဆိုတဲ့ အထူးသတိပေးနှိုးဆော်မှုအတွင်းမှာ လတ်တလောရှင်သန်နေရဆဲဖြစ်ပါတယ်။ အီတလီနိုင်ငံရဲ့ Apennines တောင်ကုန်းဒေသဟာ သုံးလအတွင်းမှာပဲ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိတဲ့ ငလျင်သုံးကြိမ်လှုပ်ခတ်သွားတာကို ယခုပဲ မျက်မြင်ဒိဋ္ဌကြုံတွေ့ခဲ့ရပါပြီ။

ဩဂုတ်လမှာ ပထမဆုံးလှုပ်ခတ်သွားတဲ့ငလျင်ဟာ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိပါတယ်။ ငလျင်ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိလိမ့်မယ်လို့ ကနဦးတွက်ချက်မှုပြုလုပ်ခဲ့ပြီး တစ်ပတ်အတွင်းမှာ လှုပ်ခတ်သွားခဲ့တာပါ။ ဒီငလျင်ဟာ ဩဂုတ်လမှာ လှုပ်သွားတဲ့ ငလျင်ထက် စွမ်းအင်ထုတ်လွှတ်မှု လေးဆလောက်ကြီးမားပြင်းထန်ခဲ့ပါတယ်။ အချိန်တိုင်းမှာ ဂျိုးဂျိုးဂျိန်းဂျိန်း မြည်သံတွေ ထွက်ပေါ်လာပြီး လူတွေရဲ့တုံ့ပြန်မှုတွေကလည်း မြန်ဆန်နေရသလို စက္ကန့်တိုင်းဟာ အသက်လုနေရတဲ့ အချိန်တွေပါပဲ။

သာဓကပြရရင် ဗုဒ္ဓဟူးနေ့က ငလျင်မလှုပ်ခင်မှာ ၅ ဒသမ ၅ အဆင့်ရှိတဲ့ ရှေ့ပြေးငလျင်တစ်ခု အရင်လှုပ်ခတ်သွားပါတယ်။ ဒီလိုလှုပ်ခတ်လာချိန်မှာ လူပေါင်းများစွာတို့ဟာ ဟင်းလင်းပွင့်လမ်းတွေပေါ်ကို ကမန်းကတန်း ပြေးလွှားခဲ့ကြပါတယ်။ နောက်ထပ်နှစ်နာရီအကြာမှာ အကြီးအကျယ်လှုပ်ခတ်တော့မယ့် မြေငလျင်

**တိုတောင်းတဲ့အချိန်တိုတစ်ခုအတွင်းမှာ ဘာကြောင့် ဒီနေရာမှာ ငလျင်ကြီးတွေ ဆက်တိုက်လှုပ်ခတ်နေတာလဲဆိုတဲ့မေးခွန်းတွေ မေးနေကြမှာသေချာပါတယ်။ ဒါဟာ ဒေသတစ်ခုရဲ့ ဘူမိသွင်ပြင်အနေအထားနဲ့လည်း သက်ဆိုင်နေ**

ဝင်ရောက်လာတဲ့အခါ လုံခြုံဘေးကင်းဖို့အတွက် ပြေးလွှားခဲ့ကြတာပါ။

Apennines မှာ နေထိုင်သူများစွာတို့က တိုတောင်းတဲ့အချိန်တိုတစ်ခုအတွင်းမှာ ဘာကြောင့် ဒီနေရာမှာ ငလျင်ကြီးတွေ ဆက်တိုက်လှုပ်ခတ်နေတာလဲဆိုတဲ့ မေးခွန်းတွေ မေးနေကြမှာသေချာပါတယ်။ ဒါဟာ ဒေသတစ်ခုရဲ့ဘူမိသွင်ပြင်အနေအထားနဲ့လည်း သက်ဆိုင်နေပါတယ်။ ရှေ့နဲ့နောက် ဖြစ်ရပ်တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့ ငလျင်အစဉ်တစ်ခုဖြစ်တယ်လို့ ဗြိတိန်နိုင်ငံ ဒါဟမ်တက္ကသိုလ်က ဒေါက်တာရစ်ချတ်ဝေါလ်တာက ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ရက်အနည်းငယ်အတွင်း ဒါမှမဟုတ် ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ငလျင်များစွာ လှုပ်ခတ်တာဟာ ထင်ရှား လူသိများတဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။

အတိတ်ကိုပြန်ကြည့်ရင် ၁၉၉၇ ခုနှစ်နဲ့ ကြာမြင့်ခဲ့ပြီဖြစ်တဲ့ ၁၇၀၃ ခုနှစ်တွေမှာ အီတလီနိုင်ငံရဲ့ တူညီတဲ့နေရာတစ်ခုတည်းမှာ ငလျင်အစုလိုက် လှုပ်ခတ်ခဲ့ဖူးတာကို တွေ့ရပါတယ်။ ကျွမ်းကျင်သူပညာရှင်တွေဟာ ငလျင်ဖြစ်ပေါ်မှုနဲ့ ပတ်သက်တဲ့ ကွင်းဆက်တွေကို ဆက်စပ်နိုင်အောင် ကြိုးစားဖို့နဲ့ ဖြစ်ရပ်မှန်ရဲ့ အဓိကအကြောင်းရင်းကို အဖြေရှာနိုင်ဖို့ အမြန်ဆုံးလှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ အခြေအနေတွေဟာ ထိုက်သင့်သလောက်တော့ ရုပ်လုံးပေါ်လာခဲ့ပါပြီ။

ကမ္ဘာမြေရဲ့အပေါ်ဆုံးလွှာ ဖွဲ့စည်းပုံပြောင်းလဲလာမှု ဖိအားပိုမိုပြင်းထန်လာခြင်းက Apennines ဒေသကိုတစ်နှစ်မှာအကြမ်းအားဖြင့် သုံးမီလီမီတာနှုန်းနဲ့ ပြိုကွဲလာစေခဲ့ပါတယ်။ ဒီဖိအားဟာ နောက်ပိုင်းမှာပျံ့နှံ့သွားပြီး မြေလွှာကျိုးပြတ်မှုမျိုးစုံ ဖြစ်ပေါ်လာကာ အဲဒီမြေလွှာကျိုးပြတ်မှုတွေဟာ တောင်တွေတစ်လျှောက် ဖြတ်သန်းလာပါတယ်။ နောက်ဆုံးမှာတော့ ဒီချိတ်ဆက်မှုကွန်ရက်က ဒုက္ခရောက်စေတဲ့အရာတစ်ခုအဖြစ် ရောက်ရှိသွားစေခဲ့တာပါ။

ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့တဲ့ဖြစ်ရပ်မှာ အိမ်နီးချင်းဒေသနှစ်ခုက မြေလွှာကျိုးပြတ်မှု ဖြစ်သွားခဲ့တာပါ။ လာဂါဒေသမှာမြေလွှာကျိုးပြတ်မှုစတင်ပြီးဗက်တောဒေသကိုပါ ခုန်ကူးသွားခဲ့တာဖြစ်ပါတယ်။ ယခုရက်ပိုင်းအတွင်း ဖြစ်ပျက်သွားတဲ့ ငလျင်တုန်ခါမှုဟာ ဗက်တောဒေသရဲ့ မြောက်ဘက်စွန်းမှာ မြေလွှာထပ်မံကျိုးပြတ်သွားခဲ့တဲ့အနေအထားဖြစ်ပါတယ်။ အဓိကကျတဲ့ မေးခွန်းကတော့နောက်ဆုံးဖြစ်ပျက်သွားခဲ့တဲ့ငလျင်မှာ မြေလွှာကျိုးပြတ်မှုတွေအားနည်းရပ်စဲသွားခြင်း ရှိ မရှိ ဆိုတဲ့အချက်ဖြစ်ပါတယ်။

မြေပြင်ပေါ်မှာရှိနေတဲ့ ကျွမ်းကျင်သူပညာရှင်တွေဟာ မြေဆီလွှာကွဲအက်သွားတဲ့နေရာတွေမှာ စူးစမ်းလေ့လာမှုတွေလုပ်ဆောင်ခဲ့ကြပါတယ်။ ဗြိတိန်နိုင်ငံ လိစ်တက္ကသိုလ်က ဒေါက်တာလော်ရာဂရီဂေါ်ရီလည်းဒီထဲမှာပါဝင်ခဲ့ပါတယ်။ ငလျင်လှုပ်ခတ်ပြီး နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်နေချိန်မှာ မြေပြင်မှာဘယ်လိုထိခိုက်လှုပ်ရှားသွားတယ်ဆိုတာကို စောင့်ကြည့်နိုင်ဖို့အတွက် GPS ဖမ်းတဲ့စက်တွေနဲ့စီမံထိန်းချုပ်မှုတွေ လုပ်ဆောင်နေတယ်လို့ ၎င်းကပြောပါတယ်။ ဒီဒေသအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ငလျင်နဲ့ပတ်သက်တဲ့ အကြောင်းအရာတော်တော်များများကို ပြောပြနိုင်မယ့် မြေမျက်နှာသွင်ပြင်ဆိုင်ရာအနေအထားဖော်ပြမှုကို စောင့်ကြည့်လေ့လာနေကြောင်းဒေါက်တာလော်ရာက ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့ပါတယ်။ ဖြစ်ပွားခဲ့တဲ့ ငလျင်တွေနဲ့ပတ်သက်ပြီး သိရှိရသမျှဟာ လုံလောက်မှုမရှိသေးတဲ့အပြင် ကြိုတင်ခန့်မှန်းတွက်ချက်မှုတွေ ဒီထက်ပိုမိုကောင်းမွန်လာဖို့ကိုလည်း မျှော်လင့်ထားတဲ့အတွက် သိပ်အရေးကြီးတဲ့လေ့လာမှုဖြစ်တယ်လို့ ၎င်းက ရည်ညွှန်းခဲ့ပါတယ်။

ငလျင်ဖြစ်ပွားတဲ့ဇုန်တွေကို ဆက်စပ်ဖော်ပြပြီး မြေပုံညွှန်းရေးဆွဲပြသနိုင်ဖို့အတွက် လာမယ့်ရက်တွေအတွင်းမှာ Apennines ဒေသကို နယ်နိမိတ် ကျော်လွန်ပျံသန်းမယ့် ရေဒါဂြိုဟ်တုတွေကနေ နောက်ထပ်သတင်းအချက်အလက်တွေ ရရှိလာနိုင်ဦးမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို စိတ်ရောကိုယ်ပါ ဆောင်ရွက်ဖို့ ဥရောပရဲ့ Sentinel-1 မစ်ရှင်အဖွဲ့ကို သီးသန့်ထားရှိခဲ့ပါတယ်။ Sentinel -1မှာ အာကာသယာဉ်နှစ်စင်းပါဝင်ပြီး အဲဒီအာကာသယာဉ်နှစ်စင်းဟာ ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့တဲ့ မြေငလျင်လှုပ်ခတ်မှုနဲ့ ယင်းနဲ့ဆက်စပ်နေတဲ့ ဗုဒ္ဓဟူးနေ့က နှစ်ကြိမ်ဆက်တိုက် လှုပ်ခတ်သွားတဲ့ မြေငလျင်တွေနဲ့ပတ်သက်တဲ့ အကြောင်းအချက်တွေကို အတော်အသင့် ထုတ်ဖော်နိုင်ခဲ့ပြီးပါပြီ။

ဂြိုဟ်တုတစ်လုံးကိုတော့ Apennines ဒေသပေါ်မှာ ဖြတ်ကျော်ပျံသန်းမောင်းနှင်သွားမှာဖြစ်ပါတယ်။ ဒါပြီးရင်တော့ငလျင်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အက်ကွဲကြောင်းနှစ်ခုရဲ့ ပိုမိုကျယ်ပြန့်နက်ရှိုင်းလာတဲ့ အကွာအဝေးနဲ့ပတ်သက်ပြီး သိရှိရတော့မှာပါ။ မြေလွှာအတွင်းပိုင်း အက်ကွဲပြီးတဲ့နောက်မှာအပေါ်ယံအလွှာအက်ကွဲမှုက ဆက်တိုက်လိုက်လာတာဖြစ်တယ်လို့ ဒေါက်တာဝေါလ်တာက ပြောကြားခဲ့ပါတယ်။

**ကိုးကား-ဘီဘီစီ၊**

(၃၀-၁၀-၂၀၁၆)

## ဟစ်ဇ်ဘိုလာ အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်နေသည့် လူခုနစ်ဦးအားထောင်ဒဏ်ချမှတ်



**ဒူဘိုင်း နိုဝင်ဘာ ၁**

အာရပ်စော်ဘွားများ ပြည်ထောင်စုတရားရုံးတစ်ရုံးက လက်ဘနွန်ရှီးယိုက် စစ်သွေးကြွအုပ်စုဖြစ်သော ဟစ်ဇ်ဘိုလာအကြမ်းဖက်အဖွဲ့နှင့် ချိတ်ဆက်မှုရှိသော အဖွဲ့အစည်းတစ်ခုကို တည်ထောင်သည့်အတွက် လူခုနစ်ဦးအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများ၌ အောက်တိုဘာ ၃၁ ရက်တွင်ဖော်ပြခဲ့သည်။ ယူအေအီးနိုင်ငံသားတစ်ဦးနှင့်လက် ဘနွန်နိုင်ငံသားနှစ်ဦးတို့ကို တစ်သက်တစ်ကျွန်းချမှတ်လိုက်ပြီး အီဂျစ်အမျိုးသမီးတစ်ဦးနှင့် အခြားယူအေအီးနိုင်ငံသားတစ်ဦးတို့ကို ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ ဒဗလျူအေအမ်က ပြောသည်။ နောက်ထပ်အီရတ်တစ်ဦးနှင့် လက်ဘနွန်တစ်ဦးတို့ကို ထောင်ဒဏ် ၁၅ နှစ်အသီးသီးချမှတ်လိုက်ကြောင်း ဆက်လက်ဖော်ပြထားသည်။

အစိုးရနှင့်သက်ဆိုင်သော သတင်းအချက်အလက်များပေးမှု၊ အာရပ်စော်ဘွားများပြည်ထောင်စု၏ ရေနံထုတ်လုပ်မှု၊ ရေနံတွင်းတည်နေရာပြမြေပုံစသည်တို့အား ဟစ်ဇ်ဘိုလာအကြမ်းဖက်အဖွဲ့သို့ပေးခဲ့သဖြင့် အခုလိုထောင်ဒဏ်ချမှတ်ခံရခြင်းဖြစ်ကြောင်း ဒဗလျူအေအမ်တွင် ဖော်ပြထားသည်။ ဖေဖော်ဝါရီလက အာရပ်စော်ဘွားများပြည်ထောင်စုနှင့်အတူ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကာတာ၊ အိုမန်၊ ကူဝိတ်အပါအဝင် အမေရိကန်မဟာမိတ် ဆွန်နီမွတ်စလင်တိုင်းပြည်များက အီရန်ထောက်ပံ့ခံဟစ်ဇ်ဘိုလာအဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခဲ့ပြီး နိုင်ငံသားများကိုလည်း ၎င်းတို့နှင့်ဆက်သွယ်မှု မပြုလုပ်ရန် သတိပေးထားသည်။ ဟစ်ဇ်ဘိုလာများသည် ဆီးရီးယားပြည်တွင်းစစ်တွင် အစိုးရဘက်မှထောက်ခံစဉ် တစ်ချိန်တည်းမှာပင် ဆွန်နီပင်လယ်ကွေ့အာရပ်ပြည်ထောင်စုက သမ္မတဘတ်ရှာအယ်လ်အာဆတ် ပြုတ်ကျရေး သူပုန်တပ်ဖွဲ့များကို ထောက်ပံ့နေကြောင်း သိရသည်။ **(ရိုက်တာ)**

**မောင်တင်**

# ကော့ကရိတ်ခရိုင်အတွင်းရှိ နယ်စပ်ဝင်ပေါက်များမှ တရားမဝင် ခိုးဝင်လာမှုများ ရှိ၊ မရှိ စစ်ဆေးမည်

**ကော့ကရိတ် နိုဝင်ဘာ ၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းရှိ ဘုရားသုံးဆူမြို့၊ ကျိုက်ဒုံမြို့ရှိ ပိုင်ကလိုင်ကျေးရွာ နယ်စပ်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ခိုးဝင်လာမှု ရှိ၊ မရှိကို ယခုလမှစ၍ စစ်ဆေးဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းမှာရှိသည့် ဘုရားသုံးဆူမြို့နယ်စပ် အနန်းကွင်းကျေးရွာနှင့် ကျိုက်ဒုံမြို့ ပိုင်ကလိုင်ကျေးရွာနယ်စပ် အစွန်းကျေးရွာတို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်သီဟထံမှ သိရသည်။

ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံကူးသန်းသွားလာရေးအတွက် စစ်ဆေးရေးဂိတ်များရှိသော်လည်း နယ်နိမိတ်တစ်လျှောက်၌ တရားမဝင်ကူးသန်းသွားလာသည့် နေရာများရှိသည့်အတွက် အဆိုပါနေရာများနှင့် ပတ်ဝန်းကျင်များ၌ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူများအနေ ဖြင့်လည်း တရားမဝင် ခိုးဝင်သူများနှင့် မသင်္ကာဖွယ်ရာ လူများတွေ့ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးရန် နှိုးဆော်ထားကြောင်း သိရသည်။ **စိုးထက်အောင် (ကော့ကရိတ်)**

## နိုဝင်ဘာ ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၅၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၆၅၀၀ မှ ၁၈၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၉၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၄၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၇၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၀၂၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၉၈၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၆၅ မှ ၁၈၃၅ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်သာ၊ မြင်းခြံ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၁၄၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၄၀၀ မှ ၄၄၂၅ |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၄၂၀၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၀၀ မှ ၄၂၅၀ |
| ၁၅။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၅၀ |
| ၁၆။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀ မှ ၂၅၀၀ |
| ၁၇။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀ မှ ၈၀၀ |
| ၁၈။ | ပီလောပီနံ | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ |
| ၁၉။ | ကန်စွန်းဥ | (ငချိတ်၊ရွှေဝါ) | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၇၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။ | | | | | |

# မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်တပ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်း အစီအမံ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး" လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်မပါ) ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌ အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည်-

(က) ကနဦး မှတ်ပုံတင်ယာဉ်များ စစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်သည့်ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် "6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) များ တပ်ဆင်ပါရှိရမည်၊ "6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့်ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt)တပ်ဆင်ပါရှိရမည်၊ Pick Up, Light Truck, Track, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt) မဖြစ်မနေ တပ်ဆင်ပါရှိရမည်၊ ကျောင်းသားများသယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ် (School Bus) များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ် (Express Bus)များအားလုံး ယာဉ်မောင်းနှင့် စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) မပါရှိသော ယာဉ်များနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ၊ မရှိ စစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိစိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်လဲမှတ်ပုံတင်ယာဉ်များအတွက် (၁-၁၁-၂၀၁၆)ရက်နေ့ မှ စတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁-၁၁-၂၀၁၆) ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့်လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ (Seat Belt) ကို မပျက်မကွက် ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁-၁၁-၂၀၁၆)မှ (၃၁-၁၂-၂၀၁၆) ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေးပညာပေးသွားမည်ဖြစ်ပြီး (၁-၁-၂၀၁၇)ရက်နေ့မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

## ညအပူချိန်နှင့် မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် နိုဝင်ဘာ ၁** ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ခန္တီးမြို့တို့၌ ၁၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့၌ ၂ ဒသမ ၀၀ လက်မ၊ လားရှိုးမြို့၌ ၀ ဒသမ ၈၃ လက်မ၊ ကိုကိုးကျွန်းမြို့၌ ၀ ဒသမ ၅၉ လက်မနှင့် မင်းတပ်မြို့၌ ၀ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**



# ထာဝရလှသော တောင်ကြီးတန်ဆောင်တိုင်

**မိုးလွင်ဦး(လွိုင်လင်)**



၁၃၇၈ ခုနှစ်တောင်ကြီး တန်ဆောင်တိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ တောင်ကြီးသားတို့နှင့် ဧည့်ပွဲတော်လာရောက်ကြမည့် မီးပုံးပျံချစ်သူများသည်လည်း လှုပ်လှုပ်ရွရွဖြင့် ကိုယ်စီကိုယ်စီ အလုပ်ရှုပ်နေကြပေသည်။

အထူးသဖြင့် တောင်ကြီးသားများသည် ညမီးကြီးပြိုင်ပွဲအတွက် မီးပုံးပျံလုပ်သူကလုပ်၊ ပန်းချီဆွဲသူကဆွဲ၊ ယမ်းပြုလုပ်သူကလုပ်၊ ယမ်းခွေပြုလုပ်သူကလုပ်ဖြင့် အလုပ်ရှုပ်နေကြသည်။ ထို့အတူ စိန်နားပန်မီးပုံးပျံလုပ်သူများ၊ နေ့လွှတ်အရုပ်လုပ်သူများ၊ ကထိန်ပဒေသာပင်နှင့် မီးပဒေသာပင်လုပ်သူများက တောင်ကြီးမြို့ရှိ လူကြီး လူငယ်အမျိုးသမီးများ ပါမကျန် ယခုနှစ်တန်ဆောင်တိုင်ပွဲတော်အတွက် အသင်းအဖွဲ့ များ၏ ကျရာတာဝန်များကို အားကြိုးမာန်တက်ဆောင်ရွက်နေကြသလို ပွဲတော်ကျင်းပရေးကော်မတီ အသီးသီးကလည်း ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအစီအမံများ စနစ်တကျဖြင့် ဆောင်ရွက်နေကြသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နှစ်ပေါင်းခုနှစ်ဆယ်ကျော် အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်းလေ့လာမှတ်သားရသည်။ တစ်နှစ်ထက် တစ်နှစ် မီးပုံးပျံနည်းစနစ်များလည်း တိုးတက်လာကြသည်။ ဤတောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပွဲတော်သည် မြန်မာတွင်သာမက ကမ္ဘာကျော်သည်အထိ ကျော်ကြားခဲ့သည်။ တစ်နည်းအားဖြင့် ရှမ်းပြည်နယ်သားတို့၏ လက်မှုပညာသည် အံ့မခန်းချီးကျူးဖွယ်ဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့ညတွင် ပွဲတော်ဖွင့်ပွဲ ကျင်းပပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ညတွင် ပြိုင်ပွဲအသီးသီးမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ပွဲတော်ပိတ်ပွဲအခမ်းအနားကို ကျင်းပသည်။

နှစ်စဉ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မီးပုံးပျံကြီးငယ်များ လွှတ်တင်ကာ မီးရှူးမီးပန်းများနှင့်အပြိုင် တောင်ကြီးမြို့၏ မီးပုံးပျံကွင်း၏ ဝေဟင်ထက်တွင် ဆေးရောင်ခြယ်သည့်အလား ရောင်စုံပန်းများ ပွင့်လန်းလှပ၍ နေပါသည်။ ဖွင့်ပွဲအပြီး နောက်တစ်ရက် တန်ဆောင်မုန်းလ ဆန်း ၈ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိနေ့လွှတ် အရုပ်မီးပုံးပျံပြိုင်ပွဲများ၊ ညလွှတ် စိန်နားပန်မီးပုံးပျံပြိုင်ပွဲများ၊ ညမီးကြီးမီးပုံးပျံပြိုင်ပွဲများကို ကျင်းပကြပြီး တန်ဆောင် မုန်းလဆန်း ၁၄ ရက်နေ့တွင် မြို့လုံးကျွတ်ဘုံကထိန်လှည့်လည် ပူဇော်ပွဲ၊ ယင်းညတွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ လပြည့်နေ့နံနက်တွင် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ယင်းနောက် ကထိန်ပဒေသာပင်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ လှူဒါန်းပွဲ၊ လပြည့်နေ့ညပိုင်းတွင် မီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ ညမီးပုံးပျံလွှတ်တင်ပူဇော်ပွဲများ၊ တောင်ကြီးတန်ဆောင်တိုင် ခတ်ပုံပြိုင်ပွဲများ ကျင်းပကြပြီးနောက် လပြည့်ကျော် ၁ ရက်နေ့တွင် ပြိုင်ပွဲအသီးသီးအတွက် ဆုချီးမြှင့်ပွဲနှင့် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ပိတ်ပွဲအခမ်းအနားကို ကျင်းပကြသည်။

တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့မှစတင်ကာ နေ့ဘက် အရုပ်မီးပုံးပျံပြိုင်ပွဲတွင် ခြေနှစ်ချောင်းအရုပ်ပြိုင်ပွဲ၊ ခြေလေးချောင်းအရုပ် ပြိုင်ပွဲနှင့် အုပ်စုအရုပ်ပြိုင်ပွဲဟူ၍ကျင်းပပြီး ညမီးပုံးပျံပြိုင်ပွဲတွင် စိန်နားပန်မီးပုံးပျံပြိုင်ပွဲ၊ ညမီးကြီး(ယမ်းခွေပါ) ပြိုင်ပွဲများကို ကျင်းပကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ရှမ်းပြည်နယ်၏ ထင်ရှားကျော်ကြားသည့်ပွဲတော်ဖြစ်၍ မြန်မာပြည်အနှံ့မှ ချစ်မိတ်ဆွေများ၊ ပြည်ပမှ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အများအပြားလာရောက်လည်ပတ်ကြပြီး ရှမ်းပြည်နယ်၏ ရိုးရာဓလေ့နှင့် ချမ်းအေးလှသည့် ဆောင်း၏အအေးဒဏ်ကို ခံစားရင်း ကမ္ဘောဇဌာနေ မောတို့ပြည်နယ်မှ အမှတ်တရ မှတ်တမ်းများရယူသွားကြသည်။

တိုင်းရင်းသားတို့၏ စုပေါင်းညီညွတ်မှုအားဖြင့် တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ရာ ခေတ်တွေစနစ်တွေ မည်သို့ပင်ပြောင်းလဲပါစေ နောင်နှစ်ပေါင်းများစွာအထိ ထာဝရတည်တံ့ လှပနေမည်ဖြစ်ပါကြောင်း မကြာမီကျင်းပတော့မည့် ၁၃၇၈ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်အား ဂုဏ်ပြုရေးသားလိုက်ပါသည်။

## လူငယ်ဖိုရမ် ရှမ်းပြည်နယ်တောင်ပိုင်း၌ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ လူငယ်ဖိုရမ်ကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်တွင်းစစ်ကြောင့် စစ်ဘေးဒဏ်ခံစားနေရသော တိုင်းရင်းသားပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် ၁ မိနစ်ငြိမ်သက်ပြီး ဘာသာပေါင်းစုံလူငယ်အဖွဲ့မှ သီချင်းသီဆိုကြကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ပိုင်း လူငယ်ဖိုရမ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဘာသာပေါင်းစုံလူငယ်အဖွဲ့မှ ပြောကြားရာ ယခုရေးဆွဲရန်ပြင်ဆင်လျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒတွင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေထိုင်လျက်ရှိသော လူငယ်များ၏ အသံများထည့်သွင်း ပါဝင်နိုင်စေရန် လူငယ်များ၏ တွေ့ကြုံခံစားနေရသော လူနေမှု၊ နေထိုင်မှုဘဝများကို ယခုရေးဆွဲလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒတွင် ထင်ဟပ်ပေါ်လွင်စေရန်၊ လူငယ်များ တွေ့ကြုံခံစားနေရသော ဒေသတွင်း မလုံခြုံမှုများ၊ ပြဿနာများနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒမှ ဖြည့်ဆည်း မြှင့်တင်နိုင်ရန်၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့် လျော်ညီသော မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒ ပေါ်ပေါက်လာစေရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတွင် လူငယ်များရသင့် ရရှိအပ်သော အခွင့်အရေးများကို အစိုးရမှ ခိုင်မာသောမူဝါဒဖြင့် ပြည့်စုံလုံလောက်စွာ အာမခံနိုင်စေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်မူဝါဒများ ရေးဆွဲပြဋ္ဌာန်းလာချိန်တွင် ယခုရေးဆွဲလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်မူဝါဒ၌ လမ်းဖွင့်ကြိုဆိုနိုင်စေရန်နှင့် ပြည်နယ်များမှ ပြည်နယ်လူငယ် မူဝါဒများနှင့် သဟဇာတဖြစ်စေရန် ဖတ်ကြားသွားသည်။

ထို့နောက် ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးထွန်းဦးတို့က အမှာစကားပြောကြားပြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း လူငယ်ကွန်ရက်မှ လူငယ်ရေးရာအကျိုးဆောင်ဆုကို ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးအား ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## အထူးကုဆရာဝန်ကြီးများ မဒေါက်ဒေသ၌ အခမဲ့ဆေးကုသပေး

**ညောင်လေးပင် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား အောက်တိုဘာ ၂၉ ရက်က မဒေါက်မြို့တိုက်နယ်ဆေးရုံ၌ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာတွင် ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းဝင်း ဦးဆောင်၍ အထူးကုဆရာဝန်ခြောက်ဦး၊ လက်ထောက်ဆရာဝန် ၁၁ ဦး၊ အငယ်တန်းဝန်ထမ်း ၃၄ ဦး စုစုပေါင်း ၅၂ ဦးပါဝင်သောအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဆေးကုသဆောင် ၁၁ ဆောင်ခွဲ၍ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း၍ အခမဲ့ဆေးကုသမှုပေးခြင်းသည် ဆေးရုံကြီးများသို့ လာရောက်မကုသနိုင်သော ဒေသခံပြည်သူများအား ပဲခူးခရိုင်ရှစ်မြို့နယ်သို့ ကွင်းဆင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြစ်ပြီး မဒေါက်ဒေသ၌ လာရောက်၍ ဆေးကုသမှုခံယူသူ အထွေထွေကုသဆောင်၌ ၁၇၇ ဦး၊ အကြောအဆစ်ကုသဆောင်၌ ၈၅ ဦး၊ အရိုးကုသဆောင်၌ ၅၉ ဦး၊ သွားကုသဆောင်၌ ၄၅ ဦး၊ ခွဲစိတ်ကုသဆောင်၌ ၁၈ ဦး၊ ကလေးကုသဆောင်၌ ၂၇ ဦး၊ စိတ်ကျန်းမာရေးကုသဆောင်၌ ၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ကုသဆောင်၌ ၄၆ ဦး၊ သားဖွားမီးယပ်ကုသဆောင်၌ ၂၃ ဦး၊ မျက်စိကုသဆောင်၌ ၁၁၀၊ တိုင်းရင်းဆေးကုသဆောင်၌ ၃၂ ဦး စုစုပေါင်း ၆၄၁ ဦးတို့အား အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## တိုက်ကြီးမြို့နယ် ရေကြီးနစ်မြုပ်ငါးကန်များသို့ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်




**တိုက်ကြီး နိုဝင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ တိုက်ကြီးမြို့နယ် ရေနစ်မြုပ်ငါးကန်များသို့ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က တိုက်ကြီးမြို့ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ စွမ်းအင်ဉက္ကဋ္ဌ ဦးတင်ရှိန်က အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရင်ရှိန်က ရေကြီးနစ်မြုပ်ခဲ့သော ငါးကန်များ အခြေအနေကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ငါးသားပေါက်များကို ငါးမွေးသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

တိုက်ကြီးမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ရေကြီးရေလျှံဖြစ်ခဲ့သော ကျေးရွာ ၂၁ ရွာမှ ငါးမွေးမြူသူ ၁၁၉ ဦးကို ပြည် ထောင်စုဝန်ကြီးဌာနမှ ငါးကန် ၁ ဧက လျှင် (၁-၃) လက်မအရွယ်အစားရှိ ငါးသား ပေါက်အကောင် ၂၀၀ နှုန်းနှင့် တိုင်းဒေသကြီးအစိုးရမှ ငါးကန် ၁ ဧက လျှင် (၂-၃) လက်မအရွယ်အစားရှိ ငါးသားပေါက်များကို ငါးကန် ၅၆၆ ဒသမ ၂ ဧက အတွက် ငွေကျပ်သိန်း ၃၀၀ ကျော် တန်ဖိုးရှိ ငါးသားပေါက်ကောင်ရေ ၁၅၅၈၃၇၅ ဒသမ ၅ ကောင်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## မောလယ်ကျေးရွာအနီး စစ်နီးချောင်းတံတား ချဉ်းကပ်မြေသားလမ်း ပဲ့ကျ

**ဂန့်ဂေါ နိုဝင်ဘာ ၁**

ဂန့်ဂေါမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ပခုက္ကူ- ပေါက်- ထီးလင်း- ဂန့်ဂေါလမ်း ဂန့်ဂေါမြို့နယ် မောလယ်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၁၉ မိုင် ၃ ဖာလုံအနီးရှိ စစ်နီးချောင်းကူး တံတားအဝင်ချဉ်းကပ်မြေသားလမ်း ပဲ့ကျသွားသည်။

ထိုသို့ ချဉ်းကပ်မြေသားလမ်း ပဲ့ကျသွားသဖြင့် တံတားပေါ်သို့ ယာဉ်များဖြတ်သန်းသွားလာနိုင်ခြင်း မရှိကြောင်းနှင့် လမ်းလွှဲဆောင်ရွက်၍ မရနိုင်သဖြင့် မောလယ် ဖြတ်လမ်းအား ယာယီပိတ်ထားရကြောင်း သိရသည်။ **(၁၀၁)**


ဆူးငှက်

*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေ့စီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# နန်းတော်ရှေ့ ကြိုးကြီးချိတ်၊ စည်တော်ကြီး

## ဆူးငှက်

မန္တလေးမှာ စည်အဖွဲ့တွေရှိနေကြစဉ်က "နားပန်းဆံစည်"က နာမည်ကြီးသည်။ ဦးနားပန်းဆံခေါ် ဦးရွက်က အသံဝါကြီးဖြင့် အဆိုကောင်းလှသည်ဟု ဆို၏။ နားပန်းဆံစည် နာမည်ကျော် လာတော့ "ရွှေခြေချင်းစည်" ဟူသော စည်တစ်ဖွဲ့ ပေါ်လာပြန် သည်။ ရွှေခြေချင်းက ဦးနားပန်းဆံ၏ ညီဝမ်းကွဲ ဦးထွန်းဟု မှတ်သားရသည်။ရွှေခြေချင်းက သံလုံးကြီး၍ နားပန်းဆံအသံကို မမီ။ သို့သော် အတီးကောင်းသည်ဟု နာမည်ရသည်။ ထိုနှစ်ဖွဲ့ အပြိုင်အဆိုင် ဖြစ်လာပြန်တော့ ရွှေခြေချင်းဦးဘသိန်းက "ဘစေည်" ဟု စည်တစ်ဖွဲ့ ဖွဲ့သည်ဆို၏။

စည်အဖွဲ့တွေက ထုံးစံအတိုင်း သိင်္ဂါသံတို့၊ မျောက်မင်း အူသံ တီးမှုတ်ကြရမှာပေမည့် နောက်ပိုင်းမှာ ခေတ်ပေါ်သီချင်း တွေ၊ အငြိမ့်သီချင်းတွေအထိ ဆိုတီးလာကြ၏။ အတီးသမားများ ကလည်း အမြင်ရှိ၊ အတီးသမားကောင်းများဖြစ်သောအခါ ထိုအချိန်က လျှမ်းလျှမ်းတောက် နာမည်ကျော် စိန်ဗေဒါကြီးက ကောင်းနိုးရာရာ သံဆန်းတီးလုံးဆန်းများတွင် တီးလုံးတိုက်ကာ ရှိသေး စည်အဖွဲ့က ထိုတီးလုံးကို ညတွင်းချင်း အသံခွဲကာ မနက်မသာ၌ ကြိုတီးပြလိုက်ကြသေးသဖြင့် ပွဲကျခဲ့ကြရသည်ဟု ကြားသည်။

တကယ်တော့ စည်ဟုခေါ်သော ဗျိုင်းတောင်တီးက မန္တလေးတွင် ကိုယ့်အရှင် ကိုယ့်သခင် နန်းစိုက်စဉ်က မသာ တော်၌ တီးခတ်ရသည့် ဗျိုင်းတောင်အဖွဲ့ ဖြစ်ပါသည်။ ဗျိုင်း တောင်မှာ ပုံသာပင်ဖြစ်၏။ ပုံသာထက်အနည်းငယ်သာ ရှည် မည်။ ဗျိုင်းတောင်စည်ကို မသာမှာ တီးသည့်အတွက် လူနေအိမ် များတွင် မထားကြဘဲ ဇရပ်မှာသာ ထားကြသည်ဆို၏။

ပျဉ်းမနားကိုယ်တော်ကြီး၏ မသာတော်တွင် ဗျိုင်းတောင် အဖွဲ့က ရှေးမူရှေးဟန်အတိုင်း ဖောင်းအဖြူ၊ အင်္ကျီအဖြူနှင့် ပုဆိုးဖြူဝတ်တီးသည့် ဖောင်းမှာ တမာရွက်အစား ဗျိုင်း အတောင်ကို ထိုးကြသည်။ တူရိယာ ခေါင်စည်လေးလုံး၊ ပလုတ် တစ်ခု၊ ဗျိုင်းတောင်တစ်လုံး၊ နှဲကြီးတစ်လက်နှင့် သံလွင်စည် တို့ဖြစ်၏။ ဤသို့ အမင်္ဂလာစည်အဖွဲ့နှင့် ဆန့်ကျင်ဘက်အဖွဲ့မှာ "မင်္ဂလာစည်တော်ကြီး" အဖွဲ့ ဖြစ်ပါသည်။

မင်္ဂလာစည်တော်ကြီးများက မင်းခမ်းမင်းနားများရှိ၍ ဘုရင် ဝင်ချိန်ထွက်ချိန်များတွင် တီးခတ်ကြရသည်။ အသံ ဆင့်က "ထွက်တော်မူပါဘုရား" ဟု အော်လျှင် စည်တော် ကြီးက "ဗေပေါင် ဗေပေါင် ဗေပေါင်ထီ" ဟု တီးပေးရ၏။ ထို့အတူ "ဝင်တော်မူပါဘုရား "ဟုဆိုလျှင်လည်း တီးပေးရ သည်။

စည်တော်ကြီးမှာ တူရိယာအနေဖြင့် ရောမစည်ကြီး နှစ် လုံး၊ ဂန္ဓမာခေါ် ဗုံကလေးတစ်လုံး၊ လင်းကွင်းကြီး တစ်စုံပဲပါ သည်။ ထိုတူရိယာသုံးမျိုးကို လူလေးယောက်က တီးခတ်ကြ ရ၏။ စည်တော်ကြီးတွေက အလျားလေးပေရှိပြီး မျက်နှာဝမှာ စည်ရှေ့ဘက်က ၁၉ လက်မ၊ နောက် ဘက်က ၁၃ လက်မရှိ ပါသည်။ စည်ကြီးနှစ်လုံးကို နဂါးရုပ်တစ်ကောင်စီ၏ ဝမ်းဗိုက် မှာ ဆွဲထားသည်။ နဂါးအမြီးတွေမှာ သိုင်းတစ်ချက်နှင့်အလံ တိုင် တစ်ခုစီပူးချည်ထား၏။ သိုင်းတစ်ချက်နှင့်အလံတိုင် တစ် ချက်စီကို နဂါးမြီးတစ်ဖက်စီ၌ ပူးချည်ပြီးသောအခါ အလယ်၌ အလံတိုင်တစ်ခုပါရှိသည်။ စည်တော်ကြီးမျက်နှာဝကို ကြာ ယပ်သုံးထပ်ဆင့်ထား၏။ ထို့ကြောင့် စည်တော်ကြီး၏ အဆောင်အယောင်မှာ သိုင်းနှစ်လက်အလံ သုံးချက်၊ ကြာ သုံးဆင့်ဖြစ်ပါ၏။

လွယ်တီးရသော ဂန္ဓမာဗုံကလေးမှာ အရှည်နှစ်ပေခန့်နှင့် မျက်နှာဝက ရှစ်လက်မရှိပြီး ကြာယပ်တစ်ခုစီကို ဗုံမျက်နှာဝ တစ်ဖက်စီ၌ တပ်ဆင်ထားသည်။ ထို့နောက် ပန်းပွားမြိတ်ကြီးနှင့် လင်းကွင်းကြီး နှစ်ခြမ်းပါသည်။ နောက်ပိုင်း၌မူ ဒေါက်နှင့် တင်မှုတ်ရသော ရောမအော်လံကြီးနှင့် နှဲကြီးတစ်လက် ထည့် သွင်းလာကြပါသည်။ စည်တော်ကြီးအဖွဲ့သားလေးဦး ဝတ်စား ဆင်ယင်မှုမှာ လေးယောက်စလုံးနှစ်စထောင် ခေါင်းပေါင်း ဖော့လုံဖြူနှင့် သျှောင်နှင့်ပုဆိုးရှည် ခါးတောင်းကျိုက်နှင့် သိုရင်းပိတ်ဖြူ အင်္ကျီ ရှည်နှင့်ဖြစ်ပါသည်။

စည်တော်ကြီးတွင် စည်းဝါး ...မပါ။ သို့သော် ဂန္ဓာမာ ဗုံကလေးက စည်းဖြစ်သည်။ ဂန္ဓမာဗုံနှစ်ချက်၊ စည်းတစ်ချက် ဖြစ်၏။ အဖွဲ့သား လေးယောက်အနက် စည်တော်ကြီးကို တီးခတ်ရသော နှစ်ယောက်က စည်တီးရင်း စည်တော်ကြီး အကကို ကကြရသည်။ စည်တော်ကြီး အကဆိုတာကလည်း ဂန္ဓမာဗုံသံအတိုင်း ဘယ်ခြေညာလက် ကကြရတာပါပဲ။ ညာ လက်မြှောက်လျှင် ဘယ်လက်က သိုရင်းအင်္ကျီ၏ ကြေးစည် တော်ကို ဆွဲလိုက်မည်။ ဘယ်လက်မြှောက်လျှင် ညာလက်က သိုရင်းအင်္ကျီ၏ကြေးစည်တော်ကို ဆွဲရ၏။ ခြေထောက်က ပထမ ဒူးနှစ်ဖက်ညွတ် နောက်ဖနောင့်ကြွပြီး ဖြည်းဖြည်းချင်း သိုင်းကွက်နင်းသည်။

ဤသို့ဖြင့် ဖြည်းဖြည်းလေးလေးကြီး ဝေ့ကာ ဝဲကာနှင့် စည်ကြီးမျက်နှာကို "ဗိန်း" ခနဲ တီးခတ်ရမည့်အရေး အသည်း တယားယား စောင့်စားနေရသည်။ ဂန္ဓမာဗုံကလေးက တို့ကာ ပင့်ကာ ကော့ကာ ဗေပေါင် ဗေပေါင် ဗေပေါင် ဟု တို့ဆိတ် နေပြီး အတော်ကြာကာ "ဗိန်း" ခနဲ စည်ကြီးကို တစ်ချက်တီး လိုက်သည်။

ကျွန်တော်တို့ငယ်ငယ်က မြင်ဖူးသော စည်တော်ကြီး အဖွဲ့မှာတော့ ရောမအော်လံနှင့် နှဲကြီး တစ်လက်ပါလာပါပြီ။ သီတင်းကျွတ်ကာ မန္တလေးဘုရားပွဲများ၌ အကြိုနေ့ဆိုလျှင် နန်းရှေ့မင်္ဂလာစည်တော်ကြီး ပါလေ့ရှိ၏။ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ၁၂ ရက် ပွဲခင်းပြီး ၁၃ ရက်နေ့ နံနက် ဆွမ်းကြီးလောင်း လှူသော အိမ်တော်ရာဘုရားပွဲတော် ၁၁ ရက် ညတွင် စည် တော်ကြီးအဖွဲ့ အမြဲတမ်းပါ၏။ စေတီတော်ရင်ပြင်၏ တနင်္ဂနွေ ထောင့်မယ်စယ်ပင်ကြီးအောက်မှာ လေးတိုင်စင်ကလေးဖြင့် စေတီတော်ကြီးဘက်မျက်နှာမူကာ စည်တော်ကြီးအဖွဲ့ နေရာ ယူသည်။ မင်းသမီး မင်းသားမပါ၊ အဆိုမပါ၊ အကမပါသော စည်တော်ကြီးအဖွဲ့ အလွန်ရှေးကျသော အဘိုးကြီး၊ အမယ်ကြီး နှင့်ရဟန်းဘုန်းကြီးအချို့ လောက်သာ အာရုံစိုက် ကြည့်ရှုကြ ပါ၏။ စည်တော်ကြီးရှေ့ရင်ပြင်တွင် လူစုလေးက ကျိုးတိုး ကျဲတဲ။

သို့သော် ထိုစည်တော်ကြီးအဖွဲ့ကိုပင် ကျွန်တော့်မှာ မျှော် လင့်စောင့်စားရတာ အမော။ ထိုသီတင်းကျွတ်လဆန်း ၁၁ ရက်နေ့ည အိမ်တော်ရာ အရှေ့မုခ် အာရုံခံဇရပ်အနီးတွင် ပါ လေ့ရှိသော "စိန်ဘညို"ဆိုင်းကို တမက်မောမော နားထောင် ချင်သော ဖခင်သည် စည်တော်ကြီးကိုသာ ကြည့်ချင်သည့် ကျွန်တော့်အတွက် အမြဲတမ်း တဖျစ်တောက်တောက်။

အခုပြန်စဉ်းစားလိုက်တော့ စည်တော်ကြီးကို ကျွန်တော် ကြည့်ချင်တာမဟုတ်။ နားထောင်ချင်တာသာဖြစ်သည်။ နား ထောင်ချင်တာကလည်း-

"ထောင့်ကိုးဆယ် ညွန်းဆင်သ၊ စွန်း၊ ပဋ္ဌာရာဇဝင်၊ ကနက် ပိုင်ရှစ်ဆူမိုးတယ်၊ စိုးတဲ့ဘုရင်၊ မြတ်နန်းခွင်၊ စံမြန်းတော်ဘုန်း ကြွယ်အင်ကြောင့်၊ သုံးဆယ်တွင် ရှစ်စုဆောင်း၊ ကောင်းတဲ့ သတိုး" ဟူသော စည်တော်ချင်းမဟုတ်ပါ။

ထို့အတူ-

"ဗွေပလ္လင် ထီးဖြူရိပ်က၊ အောင်ဘိသိက်ခံတော်မူ မင်္ဂလာ ဆုတော်ပေးတယ်၊ ရွှေလက်ျာယူ၊ သနားတော်မူ၊ မိန့်တော် တကြူကြူနဲ့ သိုင်းဘွဲ့ဖြူ အကုန်စိုက်တယ်၊ နန်းတိုက်တဲ့ စည်ကြီး" ဆိုသော စည်တော်သံလည်း မဟုတ်ပါ။

စည်တော်ကြီးအဖွဲ့က ခင်းကျင်းပြောဆိုပြသော ရာဇဝင် ဇာတ်လမ်းများကို နားထောင်လိုခြင်းကြောင့် ဖြစ်ပါ၏။ စည်တော်ကြီးမှာ ကြားရသည့် ရာဇဝင်များကား ထိုစဉ်က စာဖတ်ဝါသနာပါစ စာအုပ်များထဲမှာ ဖတ်ရသော ရာဇဝင် သမိုင်းများမဟုတ်။ ပါးစပ်ရာဇဝင်များမို့ မကြားဖူးသည်များ ချည်းဖြစ်သည်။ စာအုပ်ထဲ မပါသည်များချည်းဖြစ်သည်။ ထို့ကြောင့် ကြားလို နာလိုခြင်း ဖြစ်ပါသည်။

ထိုအခါ အိမ်တော်ရာဘုရားပွဲအကြိုည စည်တော်ကြီး အဖွဲ့ပါလျှင် လူအနည်းငယ် အစုအဝေးပွဲကြည့်ပရိသတ်တွင် ပွဲအစမှအဆုံးထိ မထတမ်းထိုင်ကြည့်ဖြစ်ပါတော့သည်။ ဘုရား သုံးဆူပွဲမှာ၊ သကျသီဟပွဲမှာ၊ ရတနာမဋ္ဌူပွဲမှာလည်း နန်းရှေ့ မင်္ဂလာစည်တော်ကြီးအဖွဲ့ ပါသော်လည်း ထိုအခွင့်အရေးမျိုး မရခဲ့။ အိမ်တော်ရာကသာ ကိုယ့်အိမ်နှင့် အနီးအပါး ဆွေဘုရား မျိုးဘုရားမို့ နောက်ဆံမငင်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မန္တလေးတွင် စည်တော်ကြီးအဖွဲ့များ အမြဲမပြတ် ရှိနေ သောအခါ "မန္တလေးစကား" တွင် "စည်တော်ကြီးမင်းသား" ဟူသော ဝေါဟာရတစ်လုံးလည်း တိုးလာတော့၏။

ကိုယ့်ရှေ့တွင်မြင်နေရသော စည်တော်ကြီးကို "ဗိန်း" ခနဲ တစ်ချက်တီးပါမည့်အရေး လက်ကြီးမြှောက်ကာ သိုရင်း အင်္ကျီကြီး မကာ မကာ ဝေ့ကာဝဲကာနှင့် တီးတော့မည့်ဟန် ပြင်ပြီးကာမှ မတီးဘဲပြန်လှည့်ပြီး ဂန္ဓမာဗုံကလေး အတို့ အဆိတ်မှာ ဖြည်းဖြည်းလေးလေး ဝေ့ဝိုက်နေပြန်၏။ ဂန္ဓမာဗုံ ကလေးက ဗေပေါင်ပေါင် ဗေပေါင်ပေါင် ဗေပေါင်ပေါင်ဟု သုံး ချက်တီးပြန်တော့၊ သည်တစ်ခါဖြင့်စည်တော်ကြီးကို "ဗိန်း" ခနဲတီးတော့မှာပဲဟု စိတ်ချလက်ချရှိစဉ် စည်ကြီးမျက်နှာဝ လက်သီးဆုတ်ရောက်ပြီးမှ မတီးဘဲ လက်ကြီးဝဲကာ ဝဲကာ ပြန်လှည့်သွား၍ အသည်းအူတယားယား ကျန်ရစ်ခဲ့ပြန်၏။

ထို့ကြောင့် ဝေ့လည်ကြောင်ပတ် အလုပ်လုပ်သူ၊ ပြောဆို သူများကို မန္တလေးသားများက "စည်တော်ကြီးမင်းသား" ဟု ခေါ်လေ့ရှိသည်။ တီးဖို့ရာလည်း အချိန်သင့်ပြီ၊ တီးလိုက် မှုလည်း စည်းဝါးကိုက်မည်၊ တီးသံကြားလိုက်မှုလည်း ပရိသတ် နားမှာချိုပြီး ရသပြည့် ခံစားရမည်။ ဒီစည်ကို တစ်ချက်ကလေး "ဗိန်း" ခနဲ တီးမည့်အရေး အချိန်ဆွဲကာ တီးမည်ဟု တစ်ထစ်ချ ယုံချိန်တွင် မတီး။ မထင်မှတ်သောအချိန်မှ "ဗိန်း" ခနဲ အသံ ပေးရသည်ကိုပင် အရသာဟု စည်တော်ကြီးမင်းသားက သူ့ ပညာ ပြတတ်ပါသည်။ ငယ်စဉ်ကတော့ စည်တော်ကြီးမင်း သားကိုကြည့်၍ ပရိသတ်များ အားမလိုအားမရ မချင့်မရဲဖြစ် ကြရသည်။ အခုတော့ သိပ်ဆန်းပုံမရကြတော့။

နန်းတော်ရှေ့ ဓမ္မာရုံကြီး၌ "၁၂၅၂ ခု၊ နန်းတော်ရှေ့ ဓမ္မာရုံကြီး၏ ပထမရာဇဝင်စည်တော်ကြီး" ဟု ကမ္ပည်း ထိုးထားသော စည်ကြီးများ ရှိခဲ့ပါသည်။ ထိုစည်ကြီးများကား မြန်မာမင်းလက်ထက်က ရှေ့တော်တွင်တီးခဲ့သော စည်ကြီးများ ဖြစ်၏။ ထိုစည်ကြီးများကို ဓမ္မာရုံဒကာ ဦးကြီးက ရှေ့တော်တီး စည်တော် ဦးကျောက်လုံးထံမှ ဝယ်ယူခဲ့သည်ဟု မှတ်သားရ ပါသည်။ ဦးကျောက်လုံးထံမှ စည်တော်တီးနည်း၊ ဂန္ဓမာတီးပုံ၊ စည်တော် အက၊ ဟန်ပန်၊ အပြော၊ ရှေ့တိုးနောက်ဆုတ်၊ အခြောက်၊ အဆို အပိုတ်အားလုံးကို ဆရာဇင်က သင်ယူခဲ့သည် ဆို၏။




ဆရာဇင်က ဦးသာရင်၊ ဦးကျော်၊ ဦးကောင်းတို့ကို ထပ်မံ သင်ကာ စည်တော်ကြီးတစ်ဖွဲ့ ဖွဲ့စည်းကြသည်။ ထို့နောက် ဆရာဇင်က ဦးညာ၊ ကိုဘကွန်း၊ ကိုမောင်ကိုတို့နှင့် တစ်ဖွဲ့ ထောင်ပြန်သည်။ ကိုဘကွန်းက ကိုဘဦး၊ ကိုငွေ၊ ကိုအောင် ညွှန့်တို့နှင့် ခွဲပြန်၏။ ကိုဘဦးကလည်း ထပ်ခွဲပြန်သည်။

ကျွန်တော်တို့ငယ်ငယ် စည်တော်ကြီးအဖွဲ့များ ကြည့်ရစဉ် ရှေးရိုးအစဉ်အလာမှ ခွဲထွက်ကာ လင်းကွင်းကစားခြင်း၊ မင်း သား မင်းသမီးပါဝင်ကပြခြင်း၊ မောင်းဆိုင်း၊ ကြေးနောင်၊ စခွန့် များတည့်ခြင်းကို စတင်မြင်တွေ့လာရ၏။ မှတ်မှတ်ရရ ပွဲစား ကုန်သည် စက်ပိုင်များကထိန်ကို ပန်းဆိုးတန်းတွင် အကြီး အကျယ်ခင်းကျင်းစဉ်က ၂၆ ဘီလမ်းဘက်ညှပ်မကြီးမှာ စည်တော်ကြီးအဖွဲ့က လင်းကွင်းကစားပြတာ ကြိတ်ကြိတ်တိုး မျှ စည်ကားလှသည်။

နောက်တော့ နန်းရှေ့မှာ စည်တော်ကြီးအဖွဲ့များ ပျောက် ကွယ်ပါးလျားကုန်သတဲ့။

အခုနန်းရှေ့မှာ စည်တော်ကြီးအဖွဲ့ နှစ်ဖွဲ့ဆိုင်းဘုတ်များ တွေ့နေရ၏။ တစ်ဖွဲ့က ၅၈ လမ်း အနောက်နားက စိုးမိုး လက်ဖက်ရည်ဆိုင်ထိပ်မှာ၊ တစ်ဖွဲ့က ကြိုင်သင်းလက်ဖက်ရည် ဆိုင်နှင့် မျက်နှာချင်းဆိုင်မှာဖြစ်သည်။ နန်းရှေ့လမ်းမကြီးပေါ် မှာချည်းဖြစ်၏။

ဖွင့်ပွဲအခမ်းအနားများ၊ ဘာသာရေးအခမ်းအနားများတွင် စည်တော်ကြီးအဖွဲ့က မပါမဖြစ်တော့။ အမျိုးသားအားကစား ပွဲတော်ဖွင့်ပွဲ၌ပင် စည်တော်ကြီးအဖွဲ့ပါသည်။ သို့သော် သမား စဉ်အတိုင်း အချိန်ကြာကြာတီးမှုတ်စရာတော့ မလိုတော့။ အောင်စေပိုင်စေ၊ ကောင်းကြီးသင်္ခါနှင့် ရတုပိုဒ်စုံလောက်ပဲ တီးခတ်ပေးကြရမည်။ ယခုအခါ မြို့ကလေးငယ်ငယ်၌ပင် စည်တော်ကြီးတစ်ဖွဲ့က မဖြစ်မနေရှိနေကြသည်။

ယခု မြင်တွေ့နေကြရသော စည်တော်ကြီးအဖွဲ့များကား ရှေးရိုးစဉ်လာအတိုင်း ၄ ပေရှည်ပြီး၊ မျက်နှာဝ ၁၉ လက်မရှိ စည်ကြီးနှစ်လုံးနှင့် နဂါးနှစ်ကောင်၊ သိုင်းနှစ်ချက်၊ အလံသုံး ချက်၊ ကြာသုံးဆင့် အဆောင်အယောင်များနှင့် မဟုတ်ကြ တော့။ မှန်စီရွှေချ ကနုတ်စိပ်စိပ်ပန်းပြားများအလယ် ဖောက် ထားသောနေရာ၌သာ မျက်နှာဝဖော်ထားသည့် ပတ်မနှစ် လုံးချည်းဖြစ်နေကြသည်။ စည်တော်ကြီး မင်းသားများက လည်း ယိမ်းအဖွဲ့လို ရှစ်ယောက်၊ ၁၀ ယောက်၊ ၁၂ ယောက် စသည်ဖြင့် သွက်သွက်မြိုင်မြိုင်ကြီး ကခုန်နေကြသည်။

ယခုနှစ် ကျောက်တော်ကြီးဘုရားပွဲတော် ရောက်တော့ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒာမုနိ၊ ဆွေတော်မျိုး တော်ဘုရားပွဲကြီးများမို့ စန္ဒာမုနိအရှေ့ဘက် အာရုံခံအနီး စိန် တောင်ပလ္လင်များပေါ်မှာ နှစ်စဉ်ပါနေကျ နန်းတော်ရှေ့မင်္ဂလာ စည်တော်ကြီးကို မြင်တွေ့ရပါ၏။ သို့သော် မျက်နှာဝသာဖော် ထားပြီး မှန်စီရွှေချ ပန်းပြားများဖြင့် ဖုံးထားသည့် ပတ်မ နှစ်လုံး သာမြင်ရ၍ စည်တော်ကြီးရသကို တမ်းတလွမ်းဆွတ်မိပါ၏။ အခုတော့ စည်တော်ကြီး၏မြင့်မြတ်ခံ့ညားမှုရသ ပျောက်သွား သည်။

အခြားမြို့ရွာများက ခါတော်မီ စည်တော်ကြီး တီးခတ် ကြရ၍ ရရာတူရိယာဖြင့် ကြံဖန်ကာ ဖန်တီးကြသည်ကို အဘယ့်ကြောင့်များ လက်ဟောင်းမူလနန်းတော်ရှေ့စည်တော် ကြီးအဖွဲ့သားများ အတုယူကြပါလိမ့်ဟု ခိုးလို့ခုလု ဖြစ်ရပါ သေး၏။

မည်သို့ဆိုစေ စည်တော်ကြီးအဖွဲ့များကို မြင်လေတိုင်း စွဲလမ်းဖူးသော ကာတွန်းတစ်ကွက်ကို သတိရမိပါသည်။ သိုရင်း အင်္ကျီရှည်၊ တောင်ရှည်နှင့် ဖောင်းဖြူဆောင်းထားသော စည်တော်ကြီး၊ နှဲသမားတစ်ဦးက သိုရင်းအင်္ကျီ၊ တောင်ရှည်၊ ဖောင်းဖြူဆောင်းစည်တော်ကြီးတီးသူကို မကျေမချမ်း ပြော နေပုံက-

"ငါက တစ်ပုဒ်လုံးမှုတ်ရတယ်။ မင်းက တစ်ချက် နှစ်ချက် ဗိန်းဗိန်းနဲ့ ဝင်တီးပြီးတီးလိုက်ပါတဲ့ ဗုံကြီးသံဆိုလို့ မင်းပဲ စဉ်းစား ကြည့်" ဟူလို။

***("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# စပါးဈေးကျ၍ တောင်သူများအခက်တွေ့နေပြီး အခြားဈေးရောင်းဈေးဝယ်များပါ ရောင်းအားထိခိုက်နေ



**ရေတာရှည် နိုဝင်ဘာ ၁**

ရေတာရှည်မြို့နယ်အတွင်း ယခုနှစ် မိုးစပါးပေါ်ချိန်၌ သီးနှံအထွက်နှုန်း မကောင်းခဲ့သည့်အပြင် စပါးဈေးနှုန်းမှာလည်း ကျဆင်းလျက်ရှိသဖြင့် တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေရပြီး တောင်သူများအဆင်မပြေသဖြင့် အခြားဈေးရောင်းဈေးဝယ် လုပ်ငန်းများပါ အရောင်းအဝယ်ပါးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် မိုးစပါးရိတ်သိမ်းချိန်က ရိတ်သိမ်းခြွေလှေ့စက်နောက်တွင် အိတ်ဆွဲကာ စပါးဝယ်ယူကြသည်အထိ ဝယ်သူများပြားခဲ့ပြီး ပေါ်ဦးစ စပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းကျော်ပေါက်ဈေးရရှိခဲ့၍ တောင်သူများ ဝင်ငွေကောင်းမွန်ခဲ့သော်လည်း ယခုနှစ်တွင် စပါးဈေးကျသည့်အပြင် တောင်သူများက ဝယ်ယူမည့်ပွဲစားများကို ပြန်လည်ရှာဖွေရသည့်အခြေအနေအထိ ရောက်ရှိနေကြောင်း ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု မုန်စီကျေးရွာနေ တောင်သူဦးတင်ဝင်းက ပြောသည်။

ယခုနှစ်တွင် အပြောင်းအလဲမြန်ဆန်သည့် ရာသီဥတုအပြင် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်လည်း ရေတာရှည်မြို့နယ်အတွင်းမှ တောင်သူတိုင်းလိုလို သီးနှံအထွက်နှုန်း ကျဆင်းခဲ့ကြောင်းလည်း သိရသည်။"ဒီနှစ် နေရာအနှံ့မှာ ပိုးတွေတအားကျတယ်။ ဆေးတွေဖျန်းလေ ပိုးတွေကျလေဆိုတော့ကျွန်တော်တို့တောင်သူတွေက ဒီဓာတုပိုးသတ်ဆေးတွေကြောင့်များ ပိုးတွေကျနေသလားလို့တောင် သံသယဖြစ်နေကြတယ်။ အကုန်အကျတွေများသလောက် စပါးအထွက်နှုန်းက မကောင်းဘူး။ နောက်လုပ်အားခတွေကတိုးလာတော့ တောင်သူတွေ အရှုံးပေါ်တာပေါ့"ဟု ဦးတင်ဝင်းက ဆက်ပြောသည်။ ယခုနှစ် စပါးဈေးကျနေခြင်းကြောင့် စပါးစိုက်တောင်သူများအနေဖြင့် ဓာတ်မြေသြဇာကြွေး၊ စိုက်ပျိုးစရိတ်ချေးငွေများအပြင် အခြားသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအသုံးစရိတ်များကြောင့် အကြွေးသံသရာလည်နိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိနေသည်။

စပါးစိုက်တောင်သူများ ဝင်ငွေကျဆင်းလာခြင်းကြောင့် အခြား ဈေးရောင်းဈေးဝယ်လုပ်ငန်းများမှာလည်း အရောင်းအဝယ် နည်းပါးလာလျက်ရှိနေကြောင်း မြို့ဈေးများတွင် ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချနေသူများက ပြောကြားသည်။ "ဈေးဆိုင်တွေအကုန် ရောင်းအားပါးကုန်တယ်။ ကျွန်မတို့ဈေးဆိုင်တွေက တောင်သူတွေအပေါ် တည်မှီနေရတာ။ အခုဆို စပါးဈေးကမကောင်းတော့ ငွေသိပ်မသုံးနိုင်ကြတော့ဘူး။ စပါးဈေး ပြန်ကောင်းပါစေလို့ပဲ မျှော်လင့်ပါတယ်"ဟု ဈေးဆိုင်ရှင်တစ်ဦးက ပြောသည်။

အနုပညာဖြင့် စီးပွားရှာလုပ်ကိုင်ကြသည့် ဆိုင်းအဖွဲ့များကလည်း ယခုနှစ် ကထိန်ရာသီတွင် ဆိုင်းပွဲရရှိမှု နည်းပါးသည့်အပြင် နွေရာသီတွင် ရှင်ပြုအလှူပွဲများ နည်းပါးသွားမည်ကို စိုးရိမ်လျက်ရှိနေကြသည်ကို တွေ့ရသည်။ "တောင်သူတွေ အဆင်ပြေမှ အလှူလှူနိုင်ကြမှာ။ အခုအတိုင်းဆိုရင် ဆိုင်းပွဲတွေတောင် နည်းသွားမယ့်သဘောဖြစ်နေတယ်"ဟု ရေတာရှည်မြို့နေ ဆိုင်းဆရာတစ်ဦးက သုံးသပ်သည်။

လက်ရှိအချိန်တွင် ရေတာရှည်မြို့နယ်အတွင်း မိုးစပါးများရိတ်သိမ်းနေဆဲဖြစ်ပြီး နေ့စဉ်လိုလို မိုးများရွာသွန်းလျက်ရှိကာ ရိတ်သိမ်းခြွေလှေ့စက်များမှာ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်၍ ရိတ်သိမ်းရန် အခက်အခဲများလည်း ကြုံတွေ့နေကြရသည်ဟု တောင်သူတစ်ဦးကပြောကြားသည်။ ယခုရက်ပိုင်းအတွင်း အာဖရိကနိုင်ငံများမှ မြန်မာနိုင်ငံမှဆန်များကို ရသလောက်ဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေရာ တောင်သူများအတွက် စပါးဈေးပြန်ကောင်းလာနိုင်သည့်ဝမ်းမြောက်စရာသတင်းအဖြစ် တောင်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ထီးလင်းမြို့၌ ပြုလုပ်

**ထီးလင်း နိုဝင်ဘာ ၁**

ထီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်သပြေခန်းမ၌ အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် ဒေါ်သီရိမင်းက ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ပေးမှုနှင့် ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးရန် စီမံထားမှုများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီ/မံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်းက ကမ္ဘာ့ဘဏ်မှချေးငွေများကို နှစ်အလိုက် ရှင်းလင်းပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက သိရှိလိုသည်များကိုမေးမြန်းကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေး မှူး ဦးကျော်စွာအောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## သန်လျင် အထက(၂) ဘက်စုံခန်းမ လွှဲပြောင်းပေးအပ်



**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် တည်ဆောက်ပြီးစီးသွားသော ဘိုးရာဇာဘက်စုံခန်းမ ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်က အဆိုပါ ကျောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘက်စုံခန်းမကြီးအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ အလှူရှင် ဦးဇော်ဝင်း (ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနသို့ ခန်းမဆောင် ဆောက်လုပ်လှူဒါန်းသော ဦးဇော်ဝင်းနှင့် ဘက်စုံလှူဒါန်းသော ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းတို့က ခရိုင်ပညာရေးမှူးဦးစိန်ဝင်းထံ ခန်းမနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဘိုးရာဇာခန်းမကြီးအား ကျောင်းသား ကျောင်းသူများ ကာယဉာဏလေ့ကျင့်နိုင်ရန်၊ အားကစားပြိုင်ပွဲများ၊ ပညာရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်ရည်ရွယ်၍ ငွေကျပ် သိန်း ၇၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ (၁၈)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ၊ ဒေ့ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ စွန်းလွန်းကျောင်းတိုက်ဦးစီးပဓာနမဟာနာယကဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစွန်ကြိုင်က (၁၈)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ ကျင်းပအောင်မြင်မှုအခြေအနေများကို တင်ပြလျှောက်ထားပြီး ကမ္ဘောဇသာမဏေကျော်ဘွဲ့ရ သာမဏေကျော်များအား ဘွဲ့ပုံတော်နှင့် ဘွဲ့တံဆိပ်တော်၊ ဘွဲ့အလံတော်များကို ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

(၁၈)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲတွင် ပထမအဆင့် စာရင်းသွင်း ၅၃၅ ပါး၊ ဖြေဆို ၃၉၉ ပါးနှင့် အောင်မြင် ၂၂၀၊ ဒုတိယအဆင့်တွင် စာရင်းသွင်း ၂၁၀၊ ဖြေဆို ၁၇၉ ပါးနှင့် အောင်မြင် ၉၂ ပါး၊ တတိယအဆင့် စာရင်းသွင်း ၁၃၁ ပါး၊ ဖြေဆို ၁၁၃ ပါးနှင့် အောင်မြင် ၂၅ ပါးဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကျိုက်ထော်တိုက်နယ်ဆေးရုံသို့ ဓာတ်မှန်စက်၊ သံခုတင်နှင့် အလှူငွေများ လှူဒါန်း

**ကော့မှူး နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ဓာတ်မှန်ရိုက်စက်၊ သံခုတင်များနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို အဆိုပါတိုက်နယ်ဆေးရုံ သံဃာဆေးကုသဆောင်၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် တိုက်နယ်ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဒေါက်တာအောင်မျိုးသန့်နှင့် ကျိုက်ထော်(မ)ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က ကျေးဇူးတင်စကားပြောကြားပြီး ဓာတ်မှန်စက်လှူဒါန်းသည့် ဟံသာဝတီကားဝယ်/ရောင်း ပွဲစားများ (ရန်ကုန်)ကိုယ်စား အလှူရှင် ဦးအောင်သူက လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဓာတ်မှန်စက်ကို တိုက်နယ်ဆရာဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲတွင် ကျိုက်ထော် တိုက်နယ်ပြည်သူ့ဆေးရုံသို့ ဟံသာဝတီကားဝယ်/ရောင်းပွဲစားများ (ရန်ကုန်)မှ အလှူရှင် ဦးတင်လှိုင်ထွန်းနှင့် သူငယ်ချင်းများက ကျပ် ခြောက်သိန်းခွဲနီးပါးတန်ဖိုးရှိ ဓာတ်မှန်စက်တစ်လုံး၊ ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များက အောက်စီဂျင်ဘူးကြီး ၃၀ နှင့် ဘူးသေး ၅၀ ၊ ရခိုင်စုကျေးရွာနေ ဦးလှဝင်းထွန်းနှင့်ဇနီးက အလှူငွေကျပ်သိန်း ၂၀ နှင့် စေတနာရှင်များက တစ်လုံးလျှင် ကျပ် ၆၇၀၀၀ တန်ဖိုးရှိ သံခုတင် အလုံး ၃၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **မောင်ယဉ်ဦး (ဒလ)**

## စုပေါင်းသွေးလှူဒါန်းကြမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ၃၅ ကြိမ်မြောက် ဒါနဥပပါရမီအဖြစ် စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်သည်။ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ယနေ့မှစ၍ ဖုန်း-၀၁-၃၇၀၂၆၀ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုချစ်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## မကူးစက်တတ်သော ရောဂါများအကြောင်း ပညာပေးဟောပြော

**ရေစကြို နိုဝင်ဘာ ၁**

ရေစကြိုမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကျင်းပသော မကူးစက်တတ်သောရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဒွေးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က ကျန်းမာစေသော ဘဝနေထိုင်နည်းအကြောင်း သိကောင်းစရာများ၊ လက်ထောက်ကျန်းမာရေးမှူး ဦးဝင်းထွန်းက မကူးစက်နိုင်သော ရောဂါများဖြစ်သည့် သွေးတိုးနှင့် ဆီးချိုသွေးချိုရောဂါများအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ရေစကြိုမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ပြီး ဟောပြောပွဲအပြီးတွင် တက်ရောက်သူများအား ကျန်းမာရေးစစ်ဆေးမှုများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်စိုး(ပြန်/ဆက်)**

# ခြံရှင်းနေစဉ် ပျားအုံကို ဓားနှင့်ရမ်းမိရာမှ ပျားတုပ်ခံရ၍ လူတစ်ဦးသေဆုံး

**ဘီးလင်း နိုဝင်ဘာ ၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာတွင် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက ခြံရှင်းရာမှ ပျားအုံကို ဓားနှင့်ရမ်းမိပြီး ပျားများအကိုက်ခံရသဖြင့် လူတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာတွင်နေသူ ဦးမောင်သိန်း(၇၅ နှစ်)နှင့် ဦးတင်စိုးတို့သည် တောင်စွန်းကျေးရွာ နဝဒေးရပ်ကွက် ဘုရားကိုးဆူစေတီအနီးရှိ ဉယျာဉ်ခြံတွင် ခြံရှင်းလင်းနေစဉ် ပျားကြီးမျိုးပျားအုံကို ဓားနှင့်ရမ်းမိသဖြင့် ပျားများဝိုင်းအကိုက်ခံရကာ ဦးမောင်သိန်းမှာ နေအိမ်တွင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်ကို တောင်စွန်းနယ်မြေရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးခေါင်း၊ မျက်လုံး၊ နားရွက်၊ နှုတ်ခမ်းတို့တွင် ညိုမဲဒဏ်ရာများရရှိကာ သေဆုံးနေပြီး ဦးတင်စိုးမှာလည်း လည်ပင်း၊ နားရွက်၊ နှုတ်ခမ်းတို့တွင် ညိုမဲဒဏ်ရာများရရှိထားသဖြင့် ဇုတ်သုတ်တိုက်နယ်ဆေးရုံသို့ တင်ပို့ထားရကြောင်း သထုံခရိုင်ရဲတပ်ဖွဲ့၏ မှတ်တမ်းများအရသိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်စွန်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သေမှုသေခင်းဖွင့်လှစ်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# လူထုအခြေပြု ရှေးဦးပြုစုခြင်းဆင့်ပွားသင်တန်းဆင်း

**မိုးညှင်း နိုဝင်ဘာ ၁**

မိုးညှင်းမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများအား သင်ကြားပို့ချခဲ့သော လူထုအခြေပြု ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဆင်းပွဲနှင့် မိုင်းအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးမြင့်ဦးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ခွဲမှူးက ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ အဖွဲ့ဝင်များ၏ နည်းစနစ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူ ၃၉ ဦးအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်၊ ဆေးအိတ်နှင့် အထောက်အကူပြု စာအုပ်များကိုပေးအပ်ပြီး ဆက်လက်၍ မိုင်းအန္တရာယ် အကြောင်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ခွဲမှူးက အသိပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ လူထုအခြေပြု ရှေးဦးပြုစုခြင်း သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ကာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်းသိရသည်။

**နီတိုး**

# မိုးသည်းထန်သဖြင့် ရေကန်ကျိုးပေါက်ပြီး လမ်းများပျက်စီးခဲ့

**မလှိုင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြင်းတွင်းကျေးရွာအုပ်စု မြင်းတွင်းကျေးရွာ ကွင်းအမှတ်(၁၁၇)ကွင်းရှိ ကျေးရွာသုံး ကျွဲ၊ နွားသောက်ရေကန်သည် ကျိုးပေါက်ကာ လမ်းများပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါ ကျွဲ၊ နွားသောက်ရေကန်သည် အလျားပေ ၈၀၊ အနံ ၁၄ ပေ၊ အနက် ၁၂ ပေခန့်ရှိပြီး အဆိုပါရေကန်ကျိုးပေါက်မှုကြောင့် အနီးရှိကျေးရွာနေပြည်သူများ သောက်ရေကန်အတွင်းသို့လည်း ကန်ရေများဝင်ရောက်ကာ သောက်သုံးရေ အခက်အခဲဖြစ်ရကြောင်း၊ ရေကန်ကျိုးပေါက်သည့်နေရာတွင် ကျေးရွာနေပြည်သူ ၅၀ ကျော်က သဲအိတ်များချ၍ ပိတ်ဆို့ထားကြောင်း သိရသည်။

မိုးသည်းထန်ခြင်းကြောင့် အဆိုပါ ရေကန်ကျိုးပေါက်ခဲ့သည့်အပြင် မလှိုင်မြို့နယ် မြင်းတွင်းကျေးရွာအုပ်စုအတွင်းရှိ ဘဏ္ဍာစိုး-ရွှေပေါက်ကျွန်း မြေသားလမ်း၊ အရှည်ပေ ၅၅၀ ခန့်မှာလည်း ရေတိုက်စားမှုကြောင့် လမ်းပိုင်းများပျက်စီးကာ သွားလာရေးအခက်အခဲ ကြုံတွေ့နေရကြောင်း သိရသည်။

ရေကန်ကျိုးပေါက်မှုဖြစ်ပွားသည့်နေရာနှင့် လမ်းပိုင်းပျက်စီးသည့်နေရာများသို့ မလှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးထွန်းဝေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးစိုးမိုးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး အချိန်မီပြန်လည်ပြုပြင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# လမ်းပိတ်ဆို့သည့်နေရာများ ရဲတပ်ဖွဲ့ဝင်များ ဖယ်ရှားရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာအနီး မိုးသည်းထန်စွာရွာခြင်းကြောင့် အောက်တိုဘာ ၂၉ ရက် ည ၉ နာရီက ကလေး-သိုင်းငင်းကားလမ်း မိုင်တိုင်အမှတ်(၂၇/၃-၄)ကြား၌ အလျား ပေ ၅၀၊ အနံ ၁၀ ပေနှင့် မိုင်တိုင်အမှတ်(၂၇/၇)နှင့်(၂၈/၀)ကြား၌ အလျားပေ ၅၀၊ အနံ ၁၀ ပေခန့် ကမ်းပါးယံမြေသားများ ပြိုကျပိတ်ဆို့နေသဖြင့် တီးတိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ထမ်းများ၊ GOLDEN ICOM ကုမ္ပဏီဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ယခုအခါ ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# ခရီးသည်အား လည်ပင်းညှစ်လုယက်သည့် တက္ကစီသမားမှာ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်သူဖြစ်နေ

**ရန်ကုန် နိုဝင်ဘာ ၁**

အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကားငှားစီးသော ခရီးသည်အမျိုးသမီးအား လည်ပင်းညှစ်ပြီး ဆွဲကြိုးကိုလုယက်ခဲ့သည့် တက္ကစီသမားကို ယင်းနေ့ညနေပိုင်းတွင်ပင် ဖမ်းဆီးနိုင်ခဲ့ပြီး စစ်ဆေးချက်များအရ အဆိုပါတက္ကစီသမားမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုကြောင့် ထောင်ဒဏ် ၁၇ နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရဖူးသူပြီး ၂၀၁၂ ခုနှစ်အတွင်းက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်နေသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ အသက် ၃၁ နှစ်အရွယ် သူနာပြုအမျိုးသမီးတစ်ဦးသည် အောက်တိုဘာ ၂၇ ရက် နံနက် ၁၁ နာရီခန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆) ရပ်ကွက် (၄၆)လမ်းဆုံ၌ ယာဉ်အမှတ်မမှတ်မိ၊ ကယ်ဒီးနားအမျိုးအစား မီးခိုးရောင် တက္ကစီကို ငှားရမ်းစီးနင်းခဲ့ရာ တက္ကစီမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမပေါ်ရှိ သရဖူဆီဆိုင်တွင် ဆီဝင်ဖြည့်ပြီး ဗိုလ်မှူးဗထူးလမ်းအတိုင်း ဆက်လက်မောင်းနှင်လာရာမှ အထက(၄) ကျောင်းရှေ့အရောက်တွင် တက္ကစီသမားက ကားကို လမ်းဘေးတွင်ရပ်လိုက်ပြီး ကားနောက်ခန်းသို့လာ၍ ခရီးသည်အမျိုးသမီး၏လည်ပင်းကို အသင့်ပါသော လက်ကိုင်ပုဝါဖြင့်ညှစ်ကာ လည်ပင်းတွင်ဆွဲထားသော အလေးချိန် ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးကိုလုယက်၍ အော်လျှင်သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြီး အမျိုးသမီးအား ကားပေါ်မှဆင်းခိုင်းကာ ကားကိုမောင်းနှင်သွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ထွေး၏ လမ်းညွှန်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြစ်မှုကျူးလွန်သူအား ခါတ်ဆီဆိုင် CCTB မှတ်တမ်းမှတစ်ဆင့် ရှာဖွေဖော်ထုတ်ခဲ့ရာ ယာဉ်ပိုင်ရှင်မှာ မရမ်းကုန်းမြို့နယ်နေ ဦးယဉ်ထွေးဖြစ်ကြောင်းသိရပြီး ထိုမှတစ်ဆင့် ယာဉ်မောင်းသူမှာ မြောက်ဥက္ကလာ ရွှေပေါက်ကံမြို့သစ်နေ ကိုကိုမောင်(ခ)ဆံရှည် (၃၅နှစ်)ဖြစ်ကြောင်းသိရကာ ဆံရှည်အား ရွှေပေါက်ကံမြို့သစ်၌ ဖမ်းမိခဲ့ပြီး ၄င်းထံမှ ဆွဲကြိုးကိုပေါင်ထားသော ဘောက်ချာစာရွက်ကိုပါ တွေ့ရှိ၍ ဆွဲကြိုးကိုလည်း အပေါင်ဆိုင်မှ ပုံစံမပျက် ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား စစ်ဆေးချက်အရ ၄င်းသည် ယခင်ကလည်း တက္ကစီအငှားမောင်းဖူးပြီး တောင်ဥက္ကလာပမြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချမှုကြောင့် ၂၀၀၁ ခုနှစ် မေလအတွင်းက ဖမ်းဆီးခံရကာ တောင်ဥက္ကလာပမြို့နယ်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ် ၁၇ နှစ်ချမှတ်ခြင်းခံခဲ့ရကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် ယခုတက္ကစီကို လွန်ခဲ့သော နှစ်နှစ်ခန့်ကပင် အုံနာကြေးပေး၍ အငှားမောင်းနေခဲ့ကြောင်း၊ ယခု ဆွဲကြိုးလုယက်မှုကျူးလွန်သည့်နေ့တွင် ငွေလိုနေသဖြင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ကျူးလွန်သူအား အရေးယူနိုင်ရန် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# ကာယဗလ/ကာယအလှ သရုပ်ပြ



**ပျဉ်းမနား နိုဝင်ဘာ ၁**

မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပျဉ်းမနားမြို့နယ် အလေးမနှင့် ကာယကြံ့ခိုင်ရေးကော်မတီ၏ လူသစ်တန်းမောင်မယ်များ၊ မြန်မာ့လက်ရွေးစင်မောင်မယ်များ၏ ကာယဗလနှင့်ကာယအလှ သရုပ်ပြပွဲကို အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီက နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ပေါင်းလောင်းပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အကဲဖြတ်အဖွဲ့ဝင်များ၊ နည်းပြများ၊ ကာယဗလနှင့်ကာယအလှမယ်များ၊ အားကစားဝါသနာရှင်များ စုံလင်စွာတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**လပွတ္တာ နိုဝင်ဘာ ၁**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာတို့ ပူးပေါင်း၍ လပွတ္တာ အထက(၂)ကျောင်း ရေဝတီခန်းမဆောင်၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က အမှာစကားပြောကြားပြီး အက်ရှင်အေ့ဒ်မြန်မာအဖွဲ့ တာဝန်ရှိသူတစ်ဦးက သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ ပေါ်ပေါက်လာပုံ နောက်ခံသမိုင်းနှင့် အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့သဝဏ်လွှာကို လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးက ဖတ်ကြားခဲ့သည်။

ထို့နောက် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ဗဟုသုတဖြန့်ဝေခြင်း တေးသရုပ်ဖော်ပြဇာတ်၊ သံချပ်ပြိုင်ပွဲ များကျင်းပပြီး အသိပညာပေးဗီဒီယိုများ ပြသကာ ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ဂိုးပြတ်သွင်းအောင်ပွဲခံဦးမယ့် ရီးရဲမက်ဒရစ်နဲ့ ခြေကုန်ထုတ်ရမယ့် စပါးတို့ရဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်



ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေကို နိုဝင်ဘာ ၂ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အုပ်စု(E)မှာ စပါးနဲ့ လေဗာကူဆင်တို့ပွဲက ကြည့်ကောင်းမှာဖြစ်သလို ဒေါ့မွန်နဲ့ စပိုတင်းတို့ပွဲကလည်း စိတ်လှုပ်ရှားဖွယ်ရာကောင်းတဲ့ပွဲ ဖြစ်နေပါတယ်။ ဒါ့အပြင် ရီးရဲမက်ဒရစ်၊ ဂျူဗင်တပ်စ်တို့က ပြိုင်ဘက်တွေကို ဘယ်လိုကျော်ဖြတ်ပြီး အောင်ပွဲခံသွားမလဲဆိုတာကလည်း မဖြစ်မနေစောင့်ကြည့်အားပေးရမယ့်ပွဲတွေ ဖြစ်နေပါတယ်။

**မိုနာကိုနှင့် စီအက်စ်ကေအေ**

အုပ်စု(E)မှာ မိုနာကိုတို့ ခြေစွမ်းအတက်အကျရှိနေပါတယ်။ မောင့်ပယ်လီယာ၊ မိန့်ဇ်အသင်းတွေနဲ့ဆုံတွေ့ပြီး ဂိုးပြတ်အနိုင်ယူခဲ့တဲ့ ခြေစွမ်းပြန်ရရင် စီအက်စ်ကေအေတို့ ပွဲမချောင်ပါဘူး။ ဒါပေမယ့် စီအက်စ်ကေအေတို့ကလည်း လောလောဆယ်နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲသာနိုင်ပွဲရထားတာမို့ အခုပွဲဟာ ခြေစွမ်းကွာဟမှုမရှိတဲ့ပွဲပါပဲ။ ဒါ့အပြင် ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ မိုနာကိုတို့ အိမ်ကွင်းမှာ အနိုင်ယူသွားမလားဆိုတာ ကြည့်ရမယ့်ပွဲပါပဲ။

**စပါးနှင့် လေဗာကူဆင်**

အုပ်စု(E)မှာ စပါးတို့လည်း ခြေစွမ်းပုံမှန်မရသေးပါဘူး။ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲမှမနိုင်ဘဲ သရေပွဲချည်းလေးပွဲဆက်တိုက်ရရှိထားတဲ့အပြင် ရှုံးပွဲတစ်ပွဲကြုံထားပါတယ်။ ဘေယာလေဗာကူဆင်တို့ကတော့ နိုင်ပွဲတွေပျောက်ဆုံးနေရာက ဝုဖ်ဘတ်ကို နိုင်ပွဲပြန်ရထားတာမို့ အခုပွဲမှာ စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ ကစားပါလိမ့်မယ်။ အကြိုက်က စပါးဖြစ်ပေမယ့် ပထမအကျော့ပွဲစဉ်က ဂိုးမရှိရလဒ်အတိုင်းပဲ ထွက်ပေါ်ဖို့များနေပါတယ်။

**ဒေါ့မွန်နှင့် စပိုတင်း**

အုပ်စု(F)မှ ဒီနှစ်သင်းပထမအကျော့ ဆုံတွေ့ခဲ့တဲ့ပွဲစဉ်မှာ ဒေါ့မွန်က အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဒေါ့မွန်ရဲ့ခြေစွမ်းကလည်း အခုတလော သရေပွဲတွေချည်းဖြစ်နေတာမို့ စပိုတင်းတို့ အခွင့်အရေးတွေရသွားနိုင်ပါတယ်။ ဒါပေမယ့် စပိုတင်းရဲ့တိုက်စစ်မှူးတွေက ဂိုးသွင်းမသေချာတာမို့ ဒီပွဲမှာ အသင်းလိုက်ကစားအားကောင်းတဲ့ ဒေါ့မွန်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**လီဂါဝါနှင့် ရီးရဲမက်ဒရစ်**

အုပ်စု(F)မှာတော့ ရီးရဲမက်ဒရစ်တို့ ခြေစွာနေပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ရီးရဲမက်ဒရစ်တို့က ငါးဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရထားတာမို့ အခုပွဲမှာတော့ လီဂါဝါတို့ ရှုံးကြွေးပြန်ဆပ်နိုင်ဖို့ ခြေကုန်ဖွင့်လာဖို့ရှိပါတယ်။ ဒါပေမယ့် နောက်ဆုံးငါးပွဲမှာ ၂၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်တိုက်စစ်ကို လီဂါဝါတို့ ဟန့်တားဖို့မလွယ်ပါဘူး။ ရီးရဲမက်ဒရစ်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**ကိုပင်ဟေဂင်နှင့် လက်စတာ**

အုပ်စု(G)မှာ ကိုပင်ဟေဂင်တို့လည်း နိုင်ပွဲပြန်ရလာပါတယ်။ ကိုပင်ဟေဂင်ရဲ့တိုက်စစ်ရော ခံစစ်ပိုင်းပါ အားရစရာကောင်းတာမို့ လက်စတာတို့ ဒီပွဲမှာ အခြေအနေဆိုးနဲ့ကြုံတွေ့ရနိုင်ပါတယ်။ ဒါပေမယ့် လက်စတာတို့ရဲ့အားထုတ်မှုကောင်းတာမို့ အခုပွဲမှာ လက်စတာတို့ အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်ရနိုင်တဲ့ပွဲပါ။

**ဂျူဗင်တပ်စ်နှင့် လိုင်ယွန်**

အုပ်စု(H)မှာ ဂျူဗင်တပ်စ်တို့ ခြေစွမ်းကောင်းပြန်ရနေပါတယ်။ တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ အားနည်းချက်မရှိအောင် ကြိုးစားထားတဲ့ ဂျူဗင်တပ်စ်ဟာ တိုက်စစ်မှူးတွေတွေ ဂိုးသွင်းခြေမြူးနေတာမို့ အခုပွဲမှာ လိုင်ယွန်ကို အသာစီးရအောင် ကစားပါလိမ့်မယ်။ အခုပွဲမှာ ပထမအကျော့မှာလို ဂျူဗင်တပ်စ်တို့ပဲ နိုင်ပွဲရအောင် စွမ်းဆောင်သွားမှာပါ။

**ဆီဗီလာနှင့် ဒိုင်နမိုဇာဂရက်**

အုပ်စု(H)မှာ ဆီဗီလာတို့ ဒိုင်နမိုဇာဂရက်ကို ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ ဆီဗီလာတို့က ခြေစွမ်းကောင်းတွေ ပြသနိုင်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲမှမရှုံးခဲ့ပါဘူး။ ခံစစ်ပိုင်းလည်း တောင့်တင်းတဲ့ ဆီဗီလာကို ဒိုင်နမိုဇာဂရက်တို့ အနိုင်ရဖို့ဆိုတာ မလွယ်ပါဘူး။ ရှုံးပွဲတွေဆက်နေတဲ့ ဒိုင်နမိုဇာဂရက်ရဲ့အမှားများတဲ့ ခံစစ်ကြောင်းကို ဆီဗီလာတိုက်စစ်မှူးတွေ ကျော်ဖြတ်ပြီး ဂိုးတွေသွင်းကာ အောင်ပွဲခံသွားပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

# ဂိုးဧရိယာအတွင်းမှာ ကြောက်စရာအကောင်းဆုံးတိုက်စစ်မှူးဖြစ်လာတဲ့ အဂူရို

အဂူရိုဟာ မန်စီးတီးအသင်းနဲ့အတူ ခြေစွမ်းပြကစားလာတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ဂိုးဧရိယာတွေအတွင်းမှာ ဂိုးတွေကို ရအောင်သွင်းယူပြလာနိုင်ပါတယ်။ ပယ်နယ်တီဧရိယာအတွင်းမှာ ဂိုးအများဆုံးသွင်းယူလာနိုင်သူများလာတဲ့အတွက် တစ်ဖက်အသင်းတွေအတွက် အန္တရာယ်အများဆုံး၊ ကြောက်စရာအကောင်းဆုံးတိုက်စစ်မှူးလို့ ပြောဆိုလာကြပါတယ်။

အာဂျင်တီးနားကစားသမား အဂူရိုရဲ့တိုက်စစ်ဟာ လာမယ့်ပြိုင်ပွဲတွေမှာ မန်စီးတီးကို အနိုင်ပွဲတွေရအောင်လုပ်ပေးနိုင်မယ်လို့ ယုံကြည်ထားကြောင်းနည်းပြ ဂွါဒီယိုလာက ဆိုပါတယ်။ အဂူရိုဟာ ပရီမီယာလိဂ်မှာ ၁၀၇ မိနစ်တိုင်း တစ်ဂိုးသွင်းယူနိုင်သူဖြစ်ပြီး အခြားသောပရီမီယာလိဂ်ကစားသမားတွေနဲ့ နှိုင်းယှဉ်ရာမှာ ဂိုးအများဆုံးသွင်းယူပေးနိုင်တဲ့ အနေအထားရှိတယ်လို့ ဆိုပါတယ်။ အထူးသဖြင့်တော့ ပြိုင်ပွဲတိုင်းမှာ ဂိုးသွင်းစွမ်းရည်မြင့်တက်လာနေတာကို တွေ့နေရတယ်လို့ ဆိုပါတယ်။ သူဟာ ဂိုးဧရိယာထဲမှာတော့ ကြောက်စရာအကောင်းဆုံးတိုက်စစ်မှူးလို့ ဆိုပါတယ်။

# ကစားကွက်ပြောင်းလဲမှုကြောင့် နိုင်ပွဲဆက်နေတဲ့ ချယ်လ်ဆီး

ကွန်တီးရဲ့ ချယ်လ်ဆီးအသင်းဟာ ကစားကွက်ပုံစံပြောင်းလဲကစားလာတဲ့အတွက် တိုက်စစ်မှူးတွေကို ဂိုးပေါက်ဖန်တီးပေးပြီး ဂိုးတွေသွင်းယူပေးလာတာတွေ့ရမှာဖြစ်ပါတယ်။ ဆောက်သမ်တန်ကို ချယ်လ်ဆီးက နှစ်ဂိုးပြတ်သွင်းပြီးတဲ့ပြိုင်ပွဲအပြီး ချယ်လ်ဆီးအသင်းဟာ လေးပွဲဆက်တိုက်အနိုင်ရခဲ့ပါတယ်။ ဒီကစားကွက်က ကော်စတာနဲ့ ဟာဇတ်ကို ဂိုးပေါက်တည့်ကန်သွင်းမှု ပိုကောင်းပြီး ဂိုးတွေသွင်းယူလာနိုင်တယ်လို့ ဆိုပါတယ်။ ပရီမီယာလိဂ်ဇယားထိပ်မှာ ရောက်နေတဲ့ မန်စီးတီး၊ အာဆင်နယ်၊နဲ့ လီဗာပူးအသင်းတို့ကို လိုက်မီဖို့ တစ်မှတ်သာလိုပါတယ်။ ကွန်တီးရဲ့ချယ်လ်ဆီးဟာ လေးပွဲဆက်တိုက် အနိုင်ရလိုက်တဲ့အတွက် ဇယားထိပ်ကို ဦးဆောင်နေတဲ့ အသင်းတွေကို လိုက်မီဖို့ တစ်မှတ်သာလိုပါတယ်။ ကွန်တီးရဲ့ ချယ်လ်ဆီးအသင်းဟာ ခံစစ်ပိုင်းမှာလည်း ပိုပြီးကောင်းမွန်လာတဲ့အတွက် နိုင်ပွဲတွေဆက်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ လက်ရှိကစားနေတဲ့ ၃-၄-၃ ကစားကွက်ဟာ ကစားသမားတွေအတွက် အကောင်းဆုံးကစားနိုင်တယ်လို့ ဆိုပါတယ်။ ဒီကစားကွက်ကြောင့် ကော်စတာဟာ ၁၀ ပွဲမှာ ရှစ်ဂိုးအထိ ဂိုးအများဆုံး သွင်းယူလာနိုင်တဲ့ တိုက်စစ်မှူးဖြစ်လာပါတယ်။



**ကောင်းမြတ်သူ စုစည်းသည်။**

# တစ်ပတ်လုပ်ခလစာ ပေါင် ၃၄၆၀၀၀ အထိ ရရှိတော့မယ့် ဂါရက်ဘေးလ်



၂၀၁၃ ခုနှစ်က ရီးရဲမက်ဒရစ်သို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းနဲ့ ရောက်ရှိလာတဲ့ ဝေလတောင်ပံတိုက်စစ်မှူး ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်က ခြောက်နှစ်ထပ်မံစာချုပ်လိုက်တဲ့အတွက် ၂၀၂၂ အထိ ဘာနေဘြူးမှာ ကစားရတော့မှာဖြစ်ပါတယ်။ ဂါရက်ဘေးလ်ဟာ ဒီစာချုပ်အရ တစ်ပတ်လုပ်ခလစာပေါင် ၃၄၆၀၀၀ အထိ ရရှိတော့မှာဖြစ်ပါတယ်။ ဝေလတောင်ပံကစားသမား ဂါရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်သို့ရောက်ရှိလာပြီးနောက် ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်တိုင်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူ့ကို ခြောက်နှစ်ထပ်မံစာချုပ်လိုက်တဲ့အတွက် အသက် ၃၃ နှစ်တိုင်အောင် ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ကစားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက နေမာကိုလည်း ထပ်မံစာချုပ်ခဲ့ပါတယ်။ ဂါရက်ဘေးလ်ရဲ့လုပ်ခလစာဟာ တစ်နှစ်ကို ပေါင် ၁၈ သန်းရရှိမှာဖြစ်ပြီး နေမာထက် လစာပိုရရှိမှာဖြစ်ပါတယ်။ သို့ပေမယ့် တစ်နှစ်ကို ပေါင် ၁၉ သန်းရနေတဲ့ စီရော်နယ်ဒိုထက်တော့ နည်းပါသေးတယ်။ ဂါရက်ဘေးလ်ဟာ ခြောက်နှစ်အတွက် လုပ်ခလစာ ပေါင် ၁၀၈ သန်းအထိ ရရှိမှာဖြစ်ပါတယ်။

## မှုခင်းသတင်းတိုများ

### တရားမဝင်သယ်ဆောင်လာသော ကျွန်းတံခါးရွက်များ ဖမ်းဆီးရမိ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း တရားမဝင်သယ်ဆောင်လာသော ကျွန်းတံခါးရွက်များကို အောက်တိုဘာ ၂၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ သစ်တောဦးစီးအရာရှိ ဦးသန်းကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီး မန္တလေး-မိုးကုတ်ကားလမ်းတွင် စောင့်ဆိုင်းစစ်ဆေးစဉ် မဘိမ်းမြို့နယ်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးဗိုလ်မင်းမောင်းနှင်လာသည့် ယာဉ်အမှတ် 3A/---- ဒိုင်နာယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းတံခါးရွက် ဆိုက်စုံ ၈၅ ချပ် (အလေးချိန် ဝ ဒသမ ၆၃၇၄ တန်)နှင့် ၄၅ ပေါင်ဝင် မီးသွေး ၃၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် သစ်တောဥပဒေအရ မတ္တရာမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။
**စိုးကျော်သူထွေး(မတ္တရာ)**

### ကားနှင့်စက်ဘီးတိုက်မိ၍ စက်ဘီးစီးနင်းသူသေဆုံး

ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စုအတွင်း ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းပေါ်၌ အောက်တိုဘာ ၂၇ ရက်က ကားနှင့် စက်ဘီးတိုက်မိ၍ စက်ဘီးစီးနင်းလာသူ သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ သထုံဘက်မှ ဘီးလင်းဘက်သို့ မောင်းနှင်လာသည့် အဖြူရောင်ယာဉ်ငယ်တစ်စီးသည် မျက်နှာချင်းဆိုင်မှ အသက် ၃၀ နှစ်ခန့် အမျိုးသားတစ်ဦး စီးနင်းလာသောစက်ဘီးနှင့် မျက်နှာချင်းဆိုင်တိုက်မိရာမှ စက်ဘီးစီးနင်းလာသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်တွင် သေဆုံးသူ၏အမည်ကို မသိရှိရသေးဘဲ ဘီးလင်းရဲစခန်းမှ စုံစမ်းလျက်ရှိသလို တိုက်သည့်ယာဉ်မှ ယာဉ်မောင်းမှာလည်း ယာဉ်နှင့်အတူ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### နေအိမ်အောက်တွင် ဆိုင်ကယ်ဝင်ခိုးသူကို ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက်အတွင်း နေအိမ်တစ်အိမ်အောက်တွင် ရပ်တန့်ထားသောဆိုင်ကယ်ကို ဝင်ရောက်ခိုးယူသူအား အောက်တိုဘာ ၂၈ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ ပိတောက်မြိုင်ရပ်ကွက်နေ ဦးသိန်းလင်းအောင်သည် နေအိမ်အောက်တွင် ၎င်း၏ဆိုင်ကယ်ကို ဇက်သော့ခတ်၍ ရပ်ထားစဉ် အမည်မသိလူတစ်ဦးက ဝင်ရောက်ခိုးယူနေသည်ကို တွေ့ရသဖြင့် လုံးထွေးဖမ်းဆီးခဲ့ကြောင်း၊ အိမ်နီးချင်းများနှင့် တာဝန်ရှိသူများရောက်ရှိလာပြီး စစ်မေးရာ ဆိုင်ကယ်ဝင်ရောက်ခိုးယူသူမှာ ကန့်ဘလူမြို့နယ် ရေကြည်ရွာနေ ရဲထက်ဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျွန်းလှမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

### ချောင်းကိုဖြတ်ကူးစဉ် ရေစီးထဲမျောပါ၍ အမျိုးသမီးတစ်ဦးသေဆုံး

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာအနီးရှိ ယင်းချောင်းထဲတွင် အောက်တိုဘာ ၃၀ ရက်က အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြို့သစ်မြို့နယ် စစ်တလင်းအုပ်စု ကွင်းကျေးရွာနေ ဒေါ်ကြင်ထွေး (၅၅ နှစ်)သည် တစ်ရွာတည်းနေ ဒေါ်ခင်စန်း၊ ဒေါ်ခင်သန်းနိုင်တို့နှင့်အတူ ဝါးကြီးအိုင်ကျေးရွာ၏ အရှေ့ဘက်ရှိ အနက် ၉ ပေ၊ ရေပြင်အကျယ် ကိုက် ၅၀ ခန့်ရှိ ချောင်းကိုဖြတ်ကူးစဉ် ရေနောက်မျောပါသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အနီးရှိ ကူးတို့လှေသမားများက လှေဖြင့် ချက်ချင်းလိုက်လံဆယ်ယူခဲ့သော်လည်း ဒေါ်ကြင်ထွေးမှာ အသက်သေဆုံးခဲ့ခြင်းဖြစ်သည် ဖြစ်စဉ်နှင့်ပတ်သက်၍ ဝါးကြီးအိုင်နယ်မြေရဲစခန်း၌ စခန်းမှူး ရဲအုပ်သိန်းဇော်ကြီးက တရားလိုပြုလုပ်ပြီး သေမှုသေခင်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်းထွန်း(မြို့သစ်)**

### နွားကျောင်းနေစဉ် ဓားထောက်၍ အဓမ္မပြုကျင့်သူအား အမှုဖွင့်ထား

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း နွားကျောင်းနေသော မိန်းကလေးတစ်ဦးအား ဓားထောက်ရိုက်နှက်၍ အဓမ္မပြုကျင့်မှု အောက်တိုဘာ ၂၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြို့သစ်မြို့နယ် ကြပ်ပြာတဲတိုက်နေ မ---- (၁၇ နှစ်)သည် အောက်တိုဘာ ၂၈ ရက်က တောထဲတွင် တစ်ဦးတည်း နွားကျောင်းနေစဉ် သန်းနိုင်စိုး(၃၀ နှစ်)ဆိုသူက မ---- အား အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားမြှောင်ဖြင့်ထောက်ပြီး ရိုက်နှက်ကာ အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက်တွင် တရားလို၏ အမှုဖွင့်တိုင်ကြားချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သန်းနိုင်စိုးအား မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**



# ဆိပ်ငယ်ဈေး၌ မီးငြှိမ်းသတ်မှုနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**မြိတ် နိုဝင်ဘာ ၁**
ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းဆောင်ရွက်မှုအဖြစ် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် စည်ပင်သာယာဈေး (ဆိပ်ငယ်ဈေး)၌ မီးငြှိမ်းသတ်မှုနှင့် ရှာဖွေကယ်ဆယ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားနှင့်ပူးပေါင်းကာ အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ခဲ့ကြသည်။

မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက DCP မီးသတ်ဆေးဘူးဖြင့် ဆီမီးလောင်မှုကို ငြှိမ်းသတ်ခြင်း၊ Water Miss Gun ဖြင့် ဆီမီးလောင်မှုကို ငြှိမ်းသတ်ခြင်း၊ မြို့နယ်မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ရှစ်စီးဖြင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးငြှိမ်းသတ်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြပြီး မီးဘေးဖြစ်ပွားချိန် ကယ်ဆယ်ရေးလေ့ကျင့်မှုအနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဈေးအတွင်း လူနာများ ရှာဖွေကယ်ဆယ်ခြင်းနှင့် ရှေးဦးပြုစုခြင်း လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း ဦးဆောင်လျက် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၆ ဦး၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး၊ ဈေးသူ ဈေးသားသီးသန့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့ကြကာ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီနှင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်အပြီးတွင် အားသာချက် အားနည်းချက်များနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ဦးဆောင်၍ ဈေးတာဝန်ခံရုံးခန်း၌ ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများအတွက် ပံ့ပိုးချေးငွေပေးအပ်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အလယ်ရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားများ၏ လယ်ယာမြေများကို အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပံ့ပိုးချေးငွေပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဇာခြည်အေးက လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမျိုးဇော်အောင်က လယ်ယာသုံးထွန်စက်များ ငှားရမ်းသုံးစွဲနိုင်ရန် ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း ပြောကြားပြီး ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးက လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသလို ကျေးလက်နေ တောင်သူများကလည်း ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက ယခုခေတ် သမဝါယမအသင်းများကို ဖွဲ့စည်းရာတွင် မိမိတို့သဘောဆန္ဒအလျောက် ပါဝင်ဆောင်ရွက်လိုသူချင်း စိတ်တူဆန္ဒတူ အသင်းသားများဖြင့် စုပေါင်းဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ အမှုဆောင်ရွေးချယ်ရာတွင်လည်း အသင်းဝင်များ၏ သဘောဆန္ဒအလျောက် ရွေးချယ်ကြခြင်းဖြစ်၍ သမဝါယမအသင်းကြီး အောင်မြင်ရေး၊ မအောင်မြင်ရေးသည် အသင်းသားများတွင် တာဝန်ရှိကြောင်း၊ အသင်းကြီးအောင်မြင်ရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးအတွက် စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြဖို့လိုကြောင်း အမှာစကားပြောကြားပြီး အလယ်ရွာ သမဝါယမအသင်းသားများ၏ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပံ့ပိုးချေးငွေ ကျပ် ၁၆၁ ဒသမ ၄ သိန်းကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်ထံ ပေးအပ်ခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာသမဝါယမအသင်းသား ဦးစိုးလွင်၏ ယာမြေပြုပြင်ထွန်ယက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။ **နေအောင်(ပြန်/ဆက်)**

# ဒါနသုခ လူမှုကယ်ဆယ်ရေးအသင်း အစည်းအဝေးပြုလုပ်

**ကျောင်းကုန်း နိုဝင်ဘာ ၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဒါနသုခ လူမှုကယ်ဆယ်ရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်က အသင်းရုံးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့မိမြို့ဖ ဦးခင်စိုးက အသင်းကြီး၏ လက်ရှိအခြေအနေနှင့် အသင်းဝင်အင်အားတိုးပွားရေး ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ပြီး အသင်းဝင်များဖြစ်သော ဒေါက်တာသန်းနိုင်ဦးနှင့် ဦးဝင်းဝင်းထွန်းတို့က အသင်း၏ရန်ပုံငွေတိုးတက်ရေးအတွက် ဝင်ကြေးကောက်ခံရန်၊ အသင်းပိုင်လူနာတင်ယာဉ်ကို အပျက်အစီးနည်းပါးအောင်ဂရုပြုရန်၊ ရရှိငွေနှင့် အသုံးစရိတ်များကို စနစ်တကျမှတ်သားပြီး သုံးလတစ်ကြိမ် ငွေစာရင်းရှင်းတမ်းပြုလုပ်ရန်တို့ကို ဆွေးနွေးခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း အဆောက်အအုံသစ်ပန္နက်တင်

**ဟားခါး နိုဝင်ဘာ ၁**
ဟားခါးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျောင်းအုပ်ချုပ်မှုရုံးအဆောက်အအုံသစ်တည်ဆောက်ရန် ပန္နက်တင်ပွဲကို အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် တာဝန်ရှိသူများက ပန္နက်များတင်ပေးကြပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးနေမျိုးအောင်နှင့် တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကာဆင်ခန်းမ၌ ကျင်းပသော ပြည်နယ်အတွင်းရှိ မြို့နယ်နှင့် မြို့များမှ စည်ပင်သာယာရေးကော်မတီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ရာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က မြို့နယ်နှင့် မြို့အသီးသီးမှ စည်ပင်သာယာရေး ကော်မတီဝင်များ၏ အမည်စာရင်းများကို တင်သွင်းပြီး စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက ပြည်နယ်ဝန်ကြီးချုပ်၏ရှေ့မှောက်၌ ကတိ သစ္စာပြုကြကာ ပြည်နယ်ဝန်ကြီးချုပ်က သြဝါဒအမှာစကားပြောကြားခဲ့သည်။
**(ပြည်နယ် ပြန်/ဆက်)**

# စပါးဈေးကျဆင်း၍ ဆန်ဈေးအကျဘက်ဦးတည်နေ

**ရန်ကုန် နိုဝင်ဘာ ၁**

မိုးစပါးလှိုင်လှိုင်ပေါ်ချိန် စပါးဈေး သိသိသာသာကျဆင်းလာသည့်အတွက် ဆန်ဈေးမှာလည်း ယမန်နှစ်အလားတူကာလကထက် ဆန်တစ်အိတ်အပေါ် ငွေကျပ် ၃၀၀၀ ခန့် ဈေးကျနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



"ဆန်သစ်ဈေးကျပါတယ်။ ရိတ်သိမ်းနေတဲ့ စပါးတွေက ရေစို၊ မိုးမိတဲ့အတွက် ကြာရှည်ခံမထားနိုင်ဘဲ ဈေးချပြီး ဝယ်ယူနေကြပါတယ်။ အခြောက်ခံစက်တွေကလည်း စပါးထွက်တဲ့ပမာဏကို လုံလောက်တဲ့ အရေအတွက်မရှိပါဘူး။ နေကလည်းမသာဘူး။ စပါး ရေစိုတွေကတာရှည်မလှောင်နိုင်တဲ့အတွက် စပါးအသစ်ဈေးက ၃၅၀၀၀၀၊ ၃၆၀၀၀၀ နဲ့ ဝယ်နေကြပါတယ်။ စပါးအဟောင်းဈေးကတော့ တင်း ၁၀၀ ကို ငွေကျပ် ၄၅၀၀၀၀ လောက်ရှိပါတယ်။ သိပ်ဈေးမကျပါဘူး။ အခုမိုးစပါးကတော့ သိသိသာသာဈေးကျပါတယ်။ စပါးဈေးကျတော့ ဆန်ဈေးလည်းကျပါတယ်။ ဆန်အလတ်စား တစ်အိတ်ကို အဟောင်း ငွေကျပ် ၁၅၅၀၀၊ အသစ် ငွေကျပ် ၁၄၅၀၀ ရှိပြီး သစ်ရှယ်ကတော့ ငွေကျပ် ၁၇၅၀၀ ရှိပါတယ်"ဟုဝါးတန်းရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ မိုးစပါးပေါ်ချိန် စပါးတင်း ၁၀၀ ကို ငွေကျပ် ၅၅၀၀၀၀ ခန့်ရှိခဲ့သော်လည်း ယခုနှစ် အောက်တိုဘာလ စပါးသစ်ပေါ်ချိန်တွင် စပါးတင်း ၁၀၀ ဈေးမှာ ငွေကျပ် ၃၅၀၀၀၀ ခန့်သာ ဈေးရှိနေသည့်အတွက် ယမန်နှစ် စပါးဈေးနှင့်နှိုင်းယှဉ်လျှင် ပျမ်းမျှငွေကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ ကွာဟနေကြောင်း စပါးဈေးကျ၍ ဆန်ဈေးမှာလည်း ယမန်နှစ် အောက်တိုဘာလ မိုးစပါးပေါ်ချိန်နှင့် နှိုင်းယှဉ်လျှင် ဆန်တစ်အိတ် ပျမ်းမျှအားဖြင့် ငွေကျပ် ၃၀၀၀ ခန့် ဈေးကျနေကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် ပြည်ပတင်ပို့မှု အနေဖြင့် တရုတ်နိုင်ငံဘက်မှမြန်မာနိုင်ငံက ဆန်ကိုဝယ်ယူခြင်းမရှိကြောင်း၊ လွန်ခဲ့သည့် မတ်လကတည်းက တရုတ်သို့ဆန်တင်ပို့မှုလျော့နည်းကာ ယခုအခါ လုံးဝဝယ်ယူခြင်းမရှိကြောင်း၊ ယင်းအတွက် အာဖရိကဈေးကွက်သို့ ပြန်လည်တင်ပို့ရန် ဆန်ကုန်သည်များက ကြိုးစားလျက်ရှိကြောင်း၊ လွန်ခဲ့သောငါးနှစ်၊ ခြောက်နှစ်ခန့်က အာဖရိကဈေးကွက်ရှိသော်လည်း တရုတ်နိုင်ငံဘက်မှ မြန်မာ့ဆန်ဝယ်ယူမှုများပြားသည့်အတွက် အာဖရိကသို့ တင်ပို့မှု ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) မှ အောက်တိုဘာ ၂၉ ရက်အရောင်းအဝယ်ဖြစ်နေသော ဆန်ဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်း တစ်အိတ် ငွေကျပ် ၄၅၅၀၀ (ထိပ်)၊ ငွေကျပ် ၄၄၀၀၀ (လတ်)၊ ငွေကျပ် ၄၃၀၀၀(အောက်)၊ မနောသုခ တစ်အိတ်ငွေကျပ် ၂၃၀၀၀ (ထိပ်)၊ ငွေကျပ် ၂၁၅၀၀ (လတ်)၊ ငွေကျပ် ၂၁၀၀၀ (အောက်)၊ ဒေးဒရဲပေါ်ဆန်း တစ်အိတ်ငွေကျပ် ၃၆၅၀၀ (ထိပ်)၊ ငွေကျပ် ၃၃၀၀၀ (လတ်)၊ ငွေကျပ် ၃၀၀၀၀ (အောက်)၊ ငစိန်သစ် တစ်အိတ်ငွေကျပ် ၁၉၀၀၀ (ထိပ်)၊ ငွေကျပ် ၁၈၀၀၀ (လတ်)၊ ငွေကျပ် ၁၇၀၀၀ (အောက်)၊ ဖျာပုံပေါ်ဆန်း တစ်အိတ် ငွေကျပ် ၃၅၅၀၀ (ထိပ်)၊ ငွေကျပ် ၃၃၀၀၀ (လတ်)၊ ငွေကျပ် ၃၁၀၀၀ (အောက်)ဈေးရှိကြောင်း သိရသည်။

ယင်းကဲ့သို့ စပါးဈေး၊ ဆန်ဈေးကျသော်လည်း ရပ်ကွက်အသီးသီး၊ ဈေးအသီးသီးရှိ လက်လီအရောင်းဆိုင်များတွင် ဆန်ဈေးကိုချရောင်းခြင်းမရှိဘဲ မူလအတက်ဈေးအတိုင်းသာ ရောင်းချမှုလည်း များစွာရှိကြောင်း ကြားသိရသည်။ စပါးဈေး၊ ဆန်ဈေးကျချိန် လက်ရှိ စားသုံးသူပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းမှုနည်းနေပြီး ဆန်ရောင်းသူများအတွက်သာ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း၊ စပါးစိုက် တောင်သူများအနေဖြင့် စပါးဈေးထိုးကျခဲ့သဖြင့် စိုက်ပျိုးစရိတ်မကာမိဘဲ အရှုံးနှင့်ရင်ဆိုင်နေကြရကြောင်းလည်းကြား သိရသည်။

မျှားမကြာမီက ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တောင်သူလယ်သမားများပါဝင်သော လွတ်လပ်သော တောင်သူလယ်သမားအသင်းကလည်း စပါးဈေး သိသိသာသာကျဆင်းနေမှုအပေါ် နိုင်ငံတော်အနေဖြင့် တစ်နည်းတစ်ဖုံ ဝင်ရောက်ကူညီဖြေရှင်းပေးရန် တောင်းဆိုမှုများ ရှိလာသည်ကိုလည်း ကြားသိရသည်။

**သတင်း-မြင့်မောင်စိုး၊**

**ဓာတ်ပုံ-သက္က**

# ဘဏ္ဍာစိုး - ရွှေပေါ်ကျွန်း - မလှိုင်မြို့ဆက်သွယ်သည့်လမ်း ရေတိုက်စား၍ သွားလာရေးခက်ခဲ

**မလှိုင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် မှစတင်၍ မိုးမပြတ်ရွာသွန်းခဲ့သဖြင့် မြင်းတွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၇) ရှိ ဘဏ္ဍာစိုးကျေးရွာနှင့် ရွှေပေါ်ကျွန်းကျေးရွာ - မလှိုင်မြို့သို့ ဆက်သွယ်သည့် လမ်းမှာ ရေတိုက်စား၍ မြေသားလမ်း ပျက်စီးသွားပြီး လမ်းနယ်ကျဉ်းမြောင်းသွားသဖြင့် ဘဏ္ဍာစိုးကျေးရွာမှ ဒေသခံပြည်သူများ သွားလာရေးခက်ခဲလျက်ရှိကြောင်း သိရသည် ။

အဆိုပါလမ်းမှာ ချောင်းဆုံတမံ ရေဝင်လမ်းပေါ်တွင်ရှိပြီး ဘဏ္ဍာစိုးကျေးရွာမှ မလှိုင်မြို့သို့ ဆက်သွယ်သည့် တစ်ခုတည်းသောလမ်းဖြစ်သည်။ လမ်းအကျယ် ၁၄ ပေ၊ အရှည် ပေ ၅၅၀ ရှိပြီး ချောင်းဆုံတမံ ဖောက်လုပ်စဉ် ဆက်သွယ်ရေးလွယ်ကူစေရန် ဆည်မြောင်းဦးစီးဌာနမှ ကူညီဖောက်လုပ်ပေးထားသောလမ်းဖြစ်ကြောင်း သိရသည်။



" ဘဏ္ဍာစိုးကျေးရွာမှာ အိမ်ခြေ ၁၂၈ အိမ်၊ လူဦးရေ ၆၀၀ လောက် နေထိုင်ပြီး မလှိုင်မြို့ကိုသွားဖို့ ဒီလမ်းတစ်ခုတည်းပဲရှိတယ်။ ဒီရွာက ကလေးတွေ ရွှေပေါ်ကျွန်း အ.ထ.က(ခွဲ)ကျောင်းကို ကျောင်းသွားတက်လည်း ဒီလမ်းကပဲသွားရပါတယ်။ ရွာက ကျန်းမာရေးမကောင်းလို့ အနီးစပ်ဆုံး မြောက်လည် ဆေးခန်းကိုသွားလည်း ဒီလမ်းပဲအသုံးပြုနေရတာပါ။ လမ်းကအတော်ကျဉ်းသွားပြီး လှည်း၊ နွားသွားမရတော့ဘူး"ဟု မြင်း တွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပြောသည် ။

ဘဏ္ဍာစိုး - ရွှေပေါ်ကျွန်း - မလှိုင်လမ်းသည် ဒေသထွက်ကုန်သီးနှံများ မြို့သို့ တင်ပို့ရောင်းချခြင်း၊ ကျေးရွာအတွက် လိုအပ်သည့်ပစ္စည်းများ မြို့တက်ဝယ်ယူခြင်းအပြင် ပညာရေး၊ ကျန်းမာရေးအတွက်ပါ အသုံးပြုနေရသော မရှိမဖြစ်လမ်းဖြစ်သည်။ ယခုအခါ လမ်းမှာ ပျက်စီးကျဉ်းမြောင်းသွားသဖြင့် သွားလာရေး ခက်ခဲလျက်ရှိပြီး အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ပြီးအမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရေးကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# သံဓာတ်တိုင်အဟောင်းများအား ကွန်ကရစ်ဓာတ်တိုင်များအဖြစ် အစားထိုးစိုက်ထူ

**ရန်ကုန် နိုဝင်ဘာ ၁**

မိုးရေကြီး၍ ဓာတ်တိုင်အောက်ခြေရေမြုပ်လျှင် လျှပ်စစ်ဓာတ်အားစီးဝင်နေသော မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက် မန္တလေးလမ်းသွယ်ရှိ သံဓာတ်တိုင်အဟောင်းများအား ကွန်ကရစ်ဓာတ်တိုင်အသစ်များဖြင့် အောက်တိုဘာ ၃၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လျှပ်စစ်ကျွမ်းကျင် အဆင့်(၄) ဦးအောင်ဇော်ဦးနှင့်အဖွဲ့က ကွန်ကရစ်ဓာတ်တိုင်ရှစ်တိုင်ကို ကန်တော်ကလေး(မြောက်ပိုင်း)ရပ်ကွက်အတွင်း သံဓာတ်တိုင်အဟောင်းများနေရာ၌ အစားထိုးစိုက်ထူပေးခဲ့ကြောင်း သိရသည်။

"ဓာတ်တိုင်တင် ဓာတ်လိုက်တာမဟုတ်ဘူး။ ရေထိတဲ့နေရာတွေမှာပါ ဓာတ်လိုက်နေတာ၊ အသက်အန္တရာယ်ဖြစ်တာတော့ မရှိပါဘူး။ ရပ်ကွက်လူထုကကိုယ့်အားကိုယ်ကိုး ပလတ်စတစ်အမာပြားတွေနဲ့ ဓာတ်တိုင်အောက်ခြေလူတစ်ရပ်စာလောက်ပတ်လည် ကပ်ပေးထားရတယ်။ အခုလိုဓာတ်မလိုက်တဲ့ ကွန်ကရစ်ဓာတ်တိုင်တွေ လဲလှယ်ပေးတော့ ကောင်းတာပေါ့"ဟု လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် ဓာတ်တိုင်အဟောင်းများ အစားထိုးလဲလှယ်လိုလျှင် သက်ဆိုင်ရာလျှပ်စစ်ဌာနသို့ အကြောင်းကြားကာ ရပ်ကွက်လူထုမှ မြို့နယ်အဆင့်ဆင့် သတင်းပေးပို့ပြီး လျှပ်စစ်ဌာနသို့အကြောင်းကြားသဖြင့် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ဌာနမှ ဓာတ်တိုင်များသွားရောက်အစားထိုးလဲလှယ်စိုက်ထူပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# မန္တလေးတိုင်းဒေသကြီး ခရီးသည်တင် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ ဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပုဂ္ဂလိကရေယာဉ်များ ကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အထက်မြန်မာပြည်) ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးဦးစိုးနိုင် (၂)နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ပုဂ္ဂလိက ရေယာဉ်များကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌများ၊ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ခရီးသည်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

# ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြော

**ပဲခူး နိုဝင်ဘာ ၁**

ပဲခူးမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအသုံးမပြုရေးနှင့် လူကုန်ကူးမှု အန္တရာယ်မှကင်းဝေးစေရန်၊ အသိပညာဗဟုသုတများ ရရှိစေရန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက် ကြီးကြပ်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဦး ဦးစီးပြီး မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေးပြသခဲ့ရာ ကျောင်းသား ကျောင်းသူများမှ စိတ်ဝင်တစားလေ့လာမှတ်သား၍ မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါယာဉ်သည် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပဲခူးမြို့ လူစည်ကားရာနေရာများနှင့် အခြေခံပညာကျောင်းများသို့ ပညာပေးလှည့်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **(၀၅၁)**

# လေနာရောဂါ သတိပြုစရာ

## ကြည်လွင်မြင့် (မုဒြာ)

**လေထိုးလေအောင့် လေနာရောဂါသည် အလွန်ကြောက်စရာကောင်းသည်။ စာရေးသူငယ်စဉ်က အိမ်နီးချင်းဖြစ်သည့် ဦးလေးအရွယ် အသက် ၅၀ ခန့်လူကြီးတစ်ဦး လေထိုးလေအောင့်ဖြစ်သည်။ ညအချိန်မတော်ဖြစ်သဖြင့် ရပ်ကွက်အတွင်းရှိ ဆေးခန်းနှစ်ခန်းမှာ ပိတ်သွားပြီဖြစ်သည်။ အချို့ဆေးခန်းတွင် ဆရာဝန်က အချိန်ပိုင်းနှင့်လာထိုင်ပြီး ညအချိန်တွင် ပိတ်သွားပြီဖြစ်သည်။**

ထိုလေနာသူကို ဆေးရုံသို့ပို့သည်။ ဆေးရုံတွင်လည်း ဆရာဝန်ကြီးများမရှိပေ။ လက်ထောက်ဆရာဝန်နှင့်သူနာပြုများက လူနာအခြေအနေကို စောင့်ကြည့်ရမည်ဟုဆိုကာ စင်္ကြံလမ်းပေါ်ရှိ တန်းလျားတစ်ခုပေါ်တွင် ခေတ္တလဲလျောင်းခိုင်းထားသည်။ လူနာသည် ချွေးစေးများပြန်လာပြီး နောက်တစ်နာရီခန့်အကြာတွင် အနာသက်သာ သွားသည်။ ဘာဆေးမျှမသောက်ရဘဲ ဆေးရုံမှပြန်လာခဲ့ရသည်။

လေနာရောဂါအချို့သည် ဤသို့ပင် အလူးအလဲခံရအောင်ဖြစ်ပြီး ထူးဆန်းစွာ သက်သာပျောက်ကင်းသွားတတ်သည်။ ဆရာများကလည်း လေနာရောဂါနှင့် အူအတက်ပေါက်ရောဂါ မမှားယွင်းရအောင် သတိပြုကြရသည်။ အူအတက်ရောင်လျှင် ဝမ်းဗိုက်တစ်ပြင်လုံးမနာဘဲ ညာဘက်ခြမ်းပေါင်ထိပ်နှင့် ချက်တိုင်အနီးတွင် အထိမခံအောင် နာကျင်လေ့ရှိသည်။

လေနာရောဂါဖြစ်သူ၏ ဝမ်းဗိုက်ကို နားမလည်ဘဲ အလွန်အမင်းမနှိပ်သင့်ပေ။ လေနာဟုဆိုကာ မှောက်ပြီးတက်နင်းသဖြင့် အူပေါက်ပြီး အသက်ဆုံးရှုံးရသည့် တောရွာမှလူနာတစ်ဦးကို တွေ့ဖူးသည်။ ကျန်းမာရေးဗဟုသုတနည်းသည့် ကျေးလက်တောရွာများတွင် ဤသို့အဖြစ်ဆိုးများစွာရှိသည်။

လေနာ၏မူလအကြောင်းအရင်းခံမှာ အစားအသောက်မဆင်ခြင်ခြင်း၊ အလွန်အကျွံစားခြင်းကြောင့် အစာမကြေရာမှ ဖြစ်သည်ကများသည်။ လေချုပ်စာ အစားများခြင်း၊ အစာစားပြီးနောက် လှုပ်ရှားမှုမရှိဘဲ ဝမ်းဗိုက်ကို ခေါက်ထိုင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

လေနာလေအောင့်ဖြစ်စေနိုင်သော အခြားအကြောင်းတစ်ခုမှာ ဝမ်းချုပ်ပြီး စမြင်းခံခြင်းဖြစ်သည်။ အချို့က စမြင်းထိုးသည်ဟုခေါ်သည်။ လေနာရောဂါနှင့် ပတ်သက်၍ ရှေးက မြန်မာဆေးဆရာကြီးများ မည်ကဲ့သို့ ကုသခဲ့ကြသည်ကို စာရေးသူလေ့လာကြည့်သောအခါ စစ်ပြီးခေတ်က ထုတ်ဝေခဲ့သော မြန်မာဆေးဆရာကြီး ဦးဘသင်၏ 'ရှုတော်မူဆေးအဘိဓာန်ကျမ်း' တွင် တွေ့ရသည်မှာ-

> **လေနာရောဂါဖြစ်သူ၏ ဝမ်းဗိုက်ကို နားမလည်ဘဲ အလွန်အမင်းမနှိပ်သင့်ပေ။ လေနာဟုဆိုကာ မှောက်ပြီး တက်နင်းသဖြင့် အူပေါက်ပြီး အသက်ဆုံးရှုံးရသည့် တောရွာမှလူနာတစ်ဦးကို တွေ့ဖူးသည်။ကျန်းမာရေးဗဟုသုတနည်းသည့် ကျေးလက်တောရွာများတွင် ဤသို့အဖြစ်ဆိုးများစွာရှိသည်**

လူတို့စားသောက်သော အာဟာရတို့သည် ကျင်ကြီးဖြစ်ပြီး အချိန်မှန်မစွန့်ရလျှင် အူအတွင်း၌ ရက်ကြာကိန်းအောင်းနေရသောအခါ တေဇောဓာတ်အခိုးအရှိန်ကြောင့် ထိုကျင်ကြီးသည် မီးဖြင့် ကင်သောအသားတစ်ကဲ့သို့ အရည်ပျစ်ပြီး တဖြည်းဖြည်းတင်းမာ၍ စမြင်းဖြစ်၏။ ထိုစမြင်းသည် အူအတွင်း ဒွါရပေါက်၌ ဆို့ပိတ်နေသောအခါ အူအတွင်း၌ သွားလာစုန်ဆန်နေသော (အန္တာနုသယ) ခေါ်သောလေလည်း သွားလာနှင့်ထုတ်ခြင်းမပြုရဘဲ အူအတွင်း၌သာ တောင့်ကျက်တိရစ္ဆာန်များကို ဖမ်းဆီး၍ လှောင်အိမ်အတွင်း၌ လှောင်ထားသောအခါ ထွက်ပေါက်ရှာရန် တိုးဝှေ့သကဲ့သို့ ထိုအချုပ်အနှောင်ခံရသော လေသည်လည်း ထွက်ပေါက်မရသဖြင့် တိုးဝှေ့သောအခါ နာခြင်း၊ အောင့်ခြင်းဖြစ်ရသည်။ ထိုသို့နာသည်ကို လေနာ၊ အောင့်နာဟု ဆိုသည်။ ရင်ဘတ်ဆီသို့တိုးဝှေ့သောအခါ ရင်ဘတ်နာဟုဆို၏။ ဘေးသို့တိုးဝင်သောအခါ အဆုတ်သည် ဖောင်းပွလာသဖြင့် အသက်ရှူကျပ်၏။ ထိုသို့ဖြစ်သောရောဂါကို 'ဘေးထိုးရင်ကျပ်' ဟု ဆိုသည်။



လေနာ၊ အောင့်နာ၊ ရင်ဘတ်နာ၊ ဘေးထိုးရင်ကျပ်ဟူသော ရောဂါမျိုးတို့သည် လေ၏အစွမ်းချည်း ဖြစ်သည်။ ထိုလေချုပ်သောသူတို့၌ များသောအားဖြင့် ဝမ်းကြောတင်းခြင်း၊ ဝမ်းချုပ်ခြင်းတို့ဖြစ်တတ်၏။ လေဆေးတစ်နည်း-

| | | |
|---|---|---|
| ၁။ | ကျောက်ချဉ် | - ၁ ကျပ်သား |
| ၂။ | ဆားခါး | - ၂ ကျပ်သား |
| ၃။ | ဇဝက်သာ | - ၂ ကျပ်သား |

ဤသုံးပါးကို အမှုန့်ပြု၍ ရှောက်ရည် ၂ ကျပ်သားနှင့်ရော၊ ဆေးငါးခွက်စာဖြစ်၏။ (လေနာဖြစ်ပုံ အကြောင်းနှင့် ကုထုံးကိုပြခြင်းမှ)

လေနာရောဂါဖြစ်သူတို့သည် အစားမှား၍ဖြစ်သည်ဟု အစဉ်အမြဲမှတ်ယူ၍ မရပေ။ အစားအသောက်မမှားဘဲ ရုတ်တရက်ထဖြစ်သောလေနာရှိသည်။ ကံကြောင့်ဖြစ်သော လေနာဟု ခေါ်ဆိုနိုင်သည်။ အစာအိမ်လေနာဖြစ်သူ အတော်များများသည် စိတ်ပူပန်သောကများသူများဖြစ်သည်ကို တွေ့ရသည်။ စိတ်တိုင်းမကျ စိတ်မောရသောသူများတွင်ဖြစ်သည့် လေနာရောဂါသည် စိတ်ကြောင့်ဖြစ်သည်။

ဥတုကြောင့်ဖြစ်သောလေနာရောဂါမှာ မိုးတွင်းအခါ ရေစိုတစ်ပိုင်းဖြင့် သွားလာရင်း ခြေအေးဝမ်းရောင်ဖြစ်ရာမှစသည်။ ခြေထောက်ရေစိုခြင်းကြောင့် လေနာရောဂါ ရုတ်တရက်ဖြစ်နိုင်သည်။ ခြေထောက်ရေစိုနှင့် အပြင်မှပြန်လာလျှင် ဒူးအထက်မှ အောက်သို့ ရေလောင်း၍ ခြေဆေး၊ အပူများအောက်သို့ ဆင်းသွားအောင်ပြုလုပ်ပြီးမှ အဝတ်ခြောက်ဖြင့် သုတ်ရမည်။ နွေးထွေးအောင်ပြုလုပ်ရမည်ဟု ရှေးလူကြီးများ ပြောကြသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးတွင် နောက်ဆုံးဖြစ်သော 'အာဟာရ' ကြောင့် ဖြစ်သောလေနာမှာ မသင့်သောအစာကိုစားခြင်း၊ ပူလွန်းစပ်လွန်းသော အစာကို စားခြင်း၊ အေးစက်သော အစာကို စားခြင်း၊ မာကြောသောအစာကို စားခြင်းတို့ကြောင့် ဖြစ်သည်။

ကောက်ညှင်းပေါင်းစားပြီး လေနာသူတစ်ဦးကို တွေ့ဖူးသည်။ ထိုသူကို မြန်မာဆေးဆရာကြီးတစ်ဦးက နှမ်းဆီကို မီးဖြင့်နွေးပြီး ဝမ်းဗိုက်တွင်လိမ်းသည်။ ထိုနှမ်းဆီကိုပင် ဟင်းစားဇွန်းဖြင့် သုံးဇွန်းသောက်ခိုင်းသည်။ ခဏကြာသောအခါ လေနာဝေဒနာသက်သာသွားသည်ကို တွေ့ရဖူးသည်။ ကောက်ညှင်းပေါင်းစားလျှင် အေးစက်နေပါက မစားရ။ ပူပူနွေးနွေးကို ဆီဆမ်းပြီးစားလျှင် လေနာခြင်းဘေးမှ ကင်းဝေးနိုင်သည်။ ဓာတ်စာအဖြစ် လေကိုအောက်သို့ သက်အောင်စားလိုလျှင် ကောင်ညှင်းဆန် အနက် (ငချိပ်) ပေါင်းကို နှမ်းဆီဆမ်း၊ နှမ်းထောင်းဖြူးစားလျှင် လူကြီးများ လေချုပ် အညောင်းများခြင်းကို သက်သာစေနိုင်သည်။ အစာဟောင်းအိမ်မှ လေကိုလည်း အောက်သို့ သက်စေနိုင်သည်ဟုဆိုသည်။ ဤသည်မှာ ရှေးလူကြီးများ၏ ဘေးမဖြစ်အောင် ကောက်ညှင်းပေါင်းစားနည်းဖြစ်သည်။ ကောက်ညှင်းစားပြီး အစာမကြေမဖြစ်စေသောနည်းဖြစ်သည်။

ဝမ်းနုတ်ဆေးကို စွဲစားလေ့ရှိသူများတွင် လေနာဖြစ်လေ့ရှိသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အူအတွင်းရှိ အချွဲအမြှေးများ ပါးသွားခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ပွေးကိုင်းပါသော ဝမ်းမှန်ဆေးများကို စွဲစားသူများ၏အူအတွင်း သက်စောင့်အချွဲအမြှေးများ တဖြည်းဖြည်းပါးသွားပြီး အူမကြီးအတွင်းတွင် လေပွကာ လေနာရောဂါဖြစ်နိုင်သည်။

နေ့စဉ်ဆေးသောက်မှ ဝမ်းသွားရခြင်းသည် နည်းမှန်၊ လမ်းမှန်ဝမ်းသွားရခြင်း မျိုးမဟုတ်ပေ။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး ရသာခြောက်ပါးကို မျှတစွာစားသုံးသူသည် ဝမ်းမှန်သည်။ လေသည် အောက်သို့သက်သည်။ ယနေ့ခေတ်လူအတော်များများသည် ချို၊ ဖန် အရသာနှစ်မျိုးကို ပို၍စားသုံးနေကြသည်။ တစ်နေ့လျှင်နှစ်ကြိမ်၊ သုံးကြိမ် လက်ဖက်ရည်ဆိုင်ထိုင်ပြီး ရေနွေးကြမ်း၊ အဖန်ရည် အသောက်များသူများ ဝမ်းချုပ်ကြသည်။ ဝမ်းချုပ်၍ ဝမ်းနုတ်ဆေးစားသည်။ ရောင်းတမ်းဝမ်းနုတ်ဆေးများတွင် ပွေးကိုင်းနှင့် ကနခိုများပါဝင်သဖြင့် ကြာသောအခါ အစာအိမ်နှင့် အူလမ်းကြောင်းအားနည်းမှု၊ ချို့ယွင်းမှုများဖြစ်လာရသည်။ အနောက်တိုင်းဝမ်းနုတ်ဆေးများလည်းရှိသည်။ ဓာတုပစ္စည်းများ ပါဝင်သဖြင့် ရေရှည်စွဲသောက်လျှင် အသည်းကို ထိခိုက်ပျက်စီးစေနိုင်သည်ဟုဆိုသည်။

သတိပြုရန်မှာ-

၁။ လေဆေး၊ အစာကြေဆေးများသည် အမြဲစွဲသောက်ရန် မသင့်ပါ။ လိုအပ်သောအခါမှသာ သောက်ရပါမည်။

၂။ ဝမ်းနုတ်ဆေးကို နေ့စဉ်စွဲသောက်ခြင်းသည် မသင့်ပါ။ အစာအိမ်နှင့်အူလမ်းကြောင်းကို ကြီးစွာ ဒုက္ခပေးနိုင်ပါသည်။

၃။ လက်ဖက်ရည်အချို၊ အဖန်ရည် အသောက်များခြင်းကြောင့် ဝမ်းချုပ်ပြီး လေနာရောဂါ ဖြစ်စေနိုင်ပါသည်။

၄။ အေးစက်မာကြောသောအစာ၊ အချိန်အခါမဟုတ် စားသောအစာကြောင့် လေနာရောဂါ ဖြစ်စေနိုင်ပါသည်။

# ကောက်ရသည့်ငွေနှင့် ကင်မရာအား ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ညောင်ဦး နိုဝင်ဘာ ၁**

အမှတ် (၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ခွဲ(၁)မှ ပုဂံ-ညောင်ဦး သဗ္ဗညုဘုရားတွင် လုံခြုံရေး တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒုတပ်ကြပ်စိုးနိုင်သည် လုံခြုံရေးတာဝန် ဆောင်ရွက်နေစဉ် အောက်တိုဘာလ နောက်ဆုံးပတ်က ဘုရားတောင်ဘက်မုခ် အုတ်တံတိုင်းပေါ်တွင် အိတ်အနက်ရောင် တစ်လုံးတွေ့ရှိခဲ့သည်။ ယာယီဒုတိယရဲမှူးကြီး ခွန်မြတ်လင်း(တပ်ဖွဲ့ခွဲမှူး)ထံ လာရောက်သတင်းပို့ပြီး ယင်းအိတ်ကို ဘုရားဂေါပက များနှင့်အတူ ဖွင့်ကြည့်ရာ ငွေကျပ် ၄၁၀၂၀၀ နှင့် Cannon Video တစ်လုံးတို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါပစ္စည်းအား နယ်မြေခံ ရဲတပ်ဖွဲ့ ဘုရားဂေါပကများနှင့်အတူ ဆက်သွယ်စုံစမ်းခဲ့ရာ မလေးရှားနိုင်ငံသား Anuase Bin Vavakia ဆိုသူ၏ အိတ်ဖြစ်ကြောင်း သိရှိရသဖြင့် သဗ္ဗညုဘုရားဂေါပကများရှေ့မှောက်၌ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ရမည်းသင်းမြို့ အလင်းရောင်ပရဟိတလူမှုကူညီရေးအသင်း သံဃာအပါး ၅၃၀ ကျော် အရုဏ်ဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေပြည်သာ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တအာလောက အမှူးထား၍ ဝါတိုး ရပ်ကွက်ကြီး ဝါတိုးအလယ်အလင်းရောင်ပရဟိတ လူမှုကူညီရေး အသင်း၏ တတိယအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၃၀ ရက်က ရွှေပြည်သာမြောက်ကျောင်းတိုက် အတွင်း၌ လောင်းလှူခဲ့သည်။



အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၃၄ ကျောင်းမှ သံဃာ ၅၃၈ ပါး၊ သီလရှင်ဆရာလေး အပါး ၅၀ တို့အား အလင်းရောင် ပရဟိတလူမှုကူညီရေးအသင်း အသင်းသူ/ အသင်းသားများ၊ ရပ်ကွက်နေပြည်သူများက ဆွမ်း/ ဆွမ်းဟင်းတို့ကို လောင်းလှူခဲ့သည်။ အလင်းရောင်ပရဟိတ လူမှုကူညီရေး အသင်းသည် ရွှေပြည်သာမြောက်ကျောင်းဆရာတော်၏ ဩဝါဒကိုခံယူကာ လွန်ခဲ့သောသုံးနှစ်ကစတင်၍ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကာကွယ်တားဆီးရေး သန်လျင်၌အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁**

ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကာကွယ်တားဆီးရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကြိုတင်ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) BC-3560**

**မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**

**အသက်(၉၄)နှစ်**

မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်း(PGA Myanmar)မှ ဦးညွန့်ဟန်၊ ဦးချမ်းဟန်၊ ဦးအောင်လှဟန်တို့၏ဖခင်ကြီး ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း)သည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်း(PGA Myanmar)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) BC-3560**

မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)

**အသက်(၉၃)နှစ်**

ချစ်သူငယ်ချင်းဒေါ်လှရင်၏ခင်ပွန်း ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း)သည် ၂၇-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်း**
**ဒေါ်ရင်မေ(ပြည်)**
**စမ်းချောင်း၊ ရန်ကုန်**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးစောမောင်မောင် (မုံရွာမြို့)**

**အသက်(၈၁)နှစ်**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ အကြိုဝန်ထမ်းလောင်းသင်တန်းအမှတ်စဉ်(၉)မှ (ကသ-၃၃) ဒေါ်နှင်းပန်းဖြူ (ဦးစီးအရာရှိ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၏ဖခင်သည် ၂၉-၁၀-၂၀၁၆ရက်(စနေနေ့) နံနက် ၀၀း၁၀နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**သူငယ်ချင်းများ**
**အကြိုဝန်ထမ်းလောင်းသင်တန်းအမှတ်စဉ်(၉)**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းမောင် အသက်(၇၂)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ငွေစာရင်း) ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၆နေ ဒေါ်တင်တင်ဝင်း (အထက၊ ငြိမ်း၊ ပုဇွန်တောင်)၏ ခင်ပွန်း ဦးဝင်းမောင် အသက်(၇၂)နှစ်သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းမောင် အသက်(၇၂)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ငွေစာရင်း) ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၆နေ ဒေါ်တင်တင်ဝင်း (အထက၊ ငြိမ်း၊ ပုဇွန်တောင်)၏ခင်ပွန်း ဦးဝင်းမောင် အသက်(၇၂)နှစ်သည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(ငွေစာရင်း)နှင့် ငွေစာရင်းဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

**Capt; ဝေမျှစိုး**

**(MASTER MARINER F.G)**

**I.M.T(CD-28/CE-26) (CDC-50759)**

**အသက်(၃၆)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ ၂၃လမ်း၊ ၆၃×၆၄လမ်းကြားနေ ဒေါ်သူဇာဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**I.M.T (CD-28/CE-26) မှ သူငယ်ချင်းများ**

---

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

**ဦးအေး (အသင်းနာယက)**

**(တာပွန်၊ နတ်တလင်း)**

**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

**အသက်(၉၁)နှစ်**

တာပွန်မြို့နေ (ဦးနု-ဒေါ်စောနန်း)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၃၀နေ ဒေါ်စိန်အေး၏ခင်ပွန်းသည် ၃၁-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

**ဒေါ်ကြည်ကြည် (မြိတ်)**

**သက်ကြီးကန်တော့ခံ**

**အသင်းဝင်အမှတ်(၅၀၁၉)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ မြဝတီမင်းကြီးလမ်း၊အမှတ် ၅၇နေ (ဦးဘရှန်)၏ဇနီးသည် ၂၉-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဦးကျော်ရင်**

**အသက်(၆၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘောကွင်း ၃လမ်းနေ (ဦးကျော်-ဒေါ်ကြည်အေး)တို့၏သား၊ (ဦးထွန်းမောင်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အဆောင် ၉၊ အခန်း ၅၊ ကပရဝန်ထမ်းအိမ်ရာနေ ဒေါ်သိန်းသိန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဝင်း(ဒု-ကြီးကြပ်ရေးမှူး၊ SRT-1)-ဒေါ်ယဉ်ဝသုန်အေး (စာရင်းကိုင်-၄၊ ခပ-၈)၊ ဒေါ်သန်းသန်းဆင့်၊ ဦးအောင်ကျော်မိုးတို့၏ဖခင်၊ မောင်ကောင်းစပ်ဟန်၊ မနှင်းအိဝေတို့၏အဘိုးသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ဘုရင့်နောင်လမ်း၊အဆောင်(၉)၊ အခန်း ၅၊ ကပရဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

**ဦးဇော်ဝင်း (ပန်းချီဇော်လူမင်း)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၈/မြောက်)ရပ်ကွက်၊ ပြည်သာယာ(၂)လမ်း၊ ငွေတိုက်စိုး ခြံအမှတ်(S/16)နေ [ဗိုလ်မှူးရွှေဝင်း(ငြိမ်း)-ဒေါ်သန်းတင်]တို့၏သား၊ (ဦးစံလှ-ဒေါ်စိန်နု)တို့၏သားသမက်၊ [ဦးဝင်းမြင့်-ဒေါ်ရင်မြ(ခ)ဒေါ်လှလှ]၊ ဦးသန်းဝင်း-ဒေါ်စုစုအေး၊ (ဦးကျော်ဝင်း)တို့၏ညီ၊ ဒေါ်တင်စိုးမွန်၏အစ်ကို၊ (ဒေါ်စီစီလှ)၊ ဦးဘုန်းဝေ (C/E, Wallenius Marine S'pore)-ဒေါ်တင်တင်အေး (မောင်အေးကဖီး)၊ ဒေါက်တာဉာဏ်ဇော်-ဒေါ်မူမူအေးတို့၏အစ်ကို၊ ဒေါ်သီတာလှ(Queenswood Beauty Salon)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသူရိန်ဝင်းမြင့်(ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ YCDC) - ဒေါ်ဂင်္ဂါ (Commercial Director,Golden Hexagon Group of Companies)တို့၏ချစ်လှစွာသောဖခင်၊မလင်းလက်သူရိန်၏အဘိုး၊မစောမြတ်စန္ဒာဝင်း၊ မသက်ထားနွယ်ဝင်း၊ မချောခင်ခင်၊ မောင်ကျော်ထင်၊ မောင်ရန်အောင်စိုးတို့၏ဦးလေးသည် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၄း၀၅နာရီတွင် ရန်ကုန်မြို့(ခုတင်-၅၀၀)အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာမကြီး

**ဒေါ်မြကြည် အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ချောင်းဝကျေးရွာ၊ (၂)ရပ်ကွက်၊ ၅၆လမ်းတို၊ အမှတ် ၈၀၊ ပထမထပ်(ယာ)နေ ဦးမင်းအောင်၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း-ဒေါ်လှလှဝင်း၊ (ဦးစိုးစိုး-ဒေါ်တင်တင်ဝင်း)၊ (ဦးဝင်းထွဋ်)-ဒေါ်သိန်းသိန်းဆွေ၊ ဦးသက်လွင်-ဒေါ်ညွှန့်ညွှန့်ဆွေ၊ ဦးကျော်အောင်စိုး-ဒေါ်မြင့်မြင့်ဆွေ၊ ဦးတိုးတိုး-ဒေါ်စန်းစန်းငွေတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ၊ တန်ဆောင်းဒါယိကာမကြီး

**ဒေါ်ခင်ခင်စိန် (Margaret)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဦးဖိုးစိန်လမ်းနေ (ဝဏ္ဏကျော်ထင် ဦးအေးဆတ္တား-ဒေါ်သိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းလမ်း၊ ယမုံနာလုံးချင်းအိမ်ရာ၊ အမှတ်(51-A)နေ [ဦးညီညီ(ကထိက၊ ငြိမ်း၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)]၏ဇနီး၊ ဗိုလ်မှူးအောင်အောင်(ငြိမ်း) [ညွှန်မှူး(ငြိမ်း)၊ လဝက) (Deputy MD,KZH Co.,Ltd.)]-ဒေါ်ခင်ဇာညီ(အလယ်တန်းပြ၊ ငြိမ်း)၊ (ဗိုလ်ကြီးသူရညီ)၊ ဒေါ်ယမင်းညီ(အလယ်တန်းပြ၊ အထက-၁၊ ဒေါပုံ)၊ (ဦးဇော်ဇော်ညီ)-ဒေါ်စုစုအောင်တို့၏ချစ်လှစွာသောမိခင်၊ မတင်ဇာညီလွင်(Horizon Int'l School)၊ မောင်လင်းထက်[(ပထမနှစ်၊ စိတ်ပညာ) L4 DC (K.M.D)]၊ မောင်ဝင်းထက်[(ပထမနှစ်၊ စိတ်ပညာ) L4 DC (K.M.D)]တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ခင်စိန် (Magaret)**

**အသက်(၈၁)နှစ်**

ဗိုလ်မှူးအောင်အောင်(ငြိမ်း) (ညွှန်မှူး၊ ငြိမ်း၊ လဝက) (Deputy M.D, KZH Co.,Ltd.)-ဒေါ်ခင်ဇာညီ(အလယ်တန်းပြ၊ ငြိမ်း)၊(ဗိုလ်ကြီးသူရညီ)တို့၏မိခင် ဒေါ်ခင်ခင်စိန်သည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ သူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ခင်စိန် (Magaret)**

**အသက်(၈၁)နှစ်**

ဗိုလ်မှူးအောင်အောင်(ငြိမ်း) (ညွှန်မှူး၊ ငြိမ်း၊ လဝက) (Deputy M.D, KZH Co.,Ltd.)-ဒေါ်ခင်ဇာညီ(အလယ်တန်းပြ၊ ငြိမ်း)၊(ဗိုလ်ကြီးသူရညီ)တို့၏မိခင် ဒေါ်ခင်ခင်စိန်သည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးဝင်းဟန်(ငြိမ်း)ဇနီး ဒေါ်ကေသီ**
**ဗိုလ်ကြီးအောင်ဇော်ဦး(ငြိမ်း)ဇနီး ဒေါ်ကြူကြူဝေ**

---

ရဟန်းဒါယိကာမကြီး

**ဒေါ်သန်းမေ (ကင်းမော်ရွာ၊ သံတိုမြို့)**

**အသက်(၈၁)နှစ်**

နေပြည်တော်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၆၄၊ အခန်း ၂၃နေ (ဦးစံလင်)၏ဇနီး၊ ဦးအေးကို(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး)-ဒေါ်မြင့်မြင့်အေး(အထပြ၊ ထ-၃၊ မင်္ဂလာဒုံ)၊ ဦးကြည်ဝင်း-ဒေါ်စောနန်းလှိုင်၊ ဦးမောင်ပု-(ဒေါ်ခင်သက်ထား)၊ ဦးဇော်မင်းကို(အရာခံဗိုလ်၊ ငြိမ်း)-ဒေါ်ပပဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် (ခုတင်-၁၀၀၀)မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

**ဒေါ်ခင်သိန်း**

**(တိုးကြောင်ကလေး)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရဲရင့်အောင်လမ်း၊ အမှတ် ၆၆နေ (ဦးမြမောင်-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးမြဒင်)၏ဇနီး၊ ကိုဇင်မောင်သိန်း၊ မချမ်းမြေ့ငြိမ်း၊ ကိုထွန်းနိုင်လင်း၊ ကိုမျိုးသွင်၊ မောင်ဝေယံထွဋ်လှိုင်၊ မောင်အောင်သက်ပိုင်၊ မသင်းဇာခြည်ကျော်မင်း၊ မောင်မြတ်သူ၊ မောင်သော်ဇင်ကျော်မင်း၊ မောင်မျိုးဝေမင်း၊ မခင်သဇင်မြင့်၊ မောင်မျိုးမင်းထွန်း၊ မစမ်းစမ်းဆင့်၊ မောင်ဟိန်းမင်းထွန်းတို့၏ဘွားဘွားသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးများ

---

**ဒေါ်ခင်ခင်ကြီး**

**(တာမွေ တပ်ကလပ် အခလွတ်တန်းမြင့်ကျောင်းသူ)**

**အသက်(၇၄)နှစ်**

(ဦးသန်းမောင်-ဒေါ်စိန်)တို့၏သမီး၊ (ဦးလှဟန်-ဒေါ်စိမ်းရင်)၊ (ဦးလှသောင်း) ဒေါ်ရင်မြတို့၏ညီမ၊(ဦးကျော်စိုး)-ဒေါ်ကြင်သိန်းတို့၏အစ်မ၊ တူ၊တူမ ၁၀ယောက်တို့၏ကြီးတော်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တာမွေမြို့နယ်၊ ၁၆၅လမ်း၊ လေးလွှာ၊အမှတ် ၂၀ နေအိမ်၌ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဆရာကြီးဦးမြသိန်း**

**(MEPE၊ ငြိမ်း)**

**ရွှေရင်ကျော်**

**ကုဿာသယမဟိဒ္ဓိစေဂိုဏ်း**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ ၄လမ်း၊ အမှတ် ၁၄၆နေ (ဦးစံအေး-ဒေါ်စောမယ်)တို့၏သား၊ ဒေါ်ထားတင်၏ခင်ပွန်း၊ ဦးသန်းမင်း (မန်နေဂျာ၊ ပစ္စည်း) (MESC, MOEE)-ဒေါ်ကြည်အောင်၊ ဦးတင့်ဇော်နိုင်(WINT PHYO ENGINEERING Construction & Decoration Co.,Ltd.) - ဒေါ်ခင်အေးဝေ(လ/ထ မန်နေဂျာ၊ စီမံ၊YESC,MOEE)၊ ဦးမျိုးလွင်(ဝင်းရွှေဝါ၊ အိမ်ခြံမြေ)-ဒေါ်စန္ဒာအောင်(Account Manager, Elite IT Services Co., Ltd.)၊ ဦးသိန်းဝင်း (Ray Shipping)-ဒေါ်ယဉ်ယဉ်ခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၆ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

**ဦးဝင်းမောင်(၁၁၂၃)နာယက**

**ညွှန်/မှူး၊(ငွေစာရင်း၊ငြိမ်း)၊ ဆ/မ**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၆နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း ဦးဝင်းမောင်သည် ၃၁-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်အေး**

**အထက်တန်းပြ(ငြိမ်း) အထက(၂)ကမာရွတ်**

**အသက်(၉၀)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်၊ အိမ်အမှတ် ၁၄/၁၀၅နေ ဒေါက်တာမြတ်ခိုင်(ဆေးရုံအုပ်ကြီး၊ မိတ္ထီလာပြည်သူ့ဆေးရုံ)-ဒေါက်တာရီရီကျော်(တွဲဖက်ပါမောက္ခ၊ ခုတင်-၃၀၀၊ ကလေးဆေးရုံ၊ မန္တလေး)တို့၏မိခင် ဒေါက်တာဆုမြင့်မြတ်(လက်ထောက်ဆရာဝန်၊ ခုတင်-၃၀၀၊ ကလေးဆေးရုံ)၊ မသက်ထက်စံ (ခ)မချယ်ရီ(တတိယနှစ်၊ ဆေးတက္ကသိုလ်-မန္တလေး)တို့၏အဘွား ဒေါ်မြင့်မြင့်အေးသည် အထက်ပါနေအိမ်၌ ၂၈-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်ပေါ-ဒေါ်စုစုဝင်း**
**သုခလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

---

**ဦးကျင်စိန်(ခ)ဦးအီလင်း**

**အသက်(၈၂)နှစ်**

သုံးဆယ်မြို့နေ (ဦးကွမ်း-ဒေါ်ညွက်)တို့၏သား၊ ကျုံပျော်မြို့နေ (ဦးအီကင်း)-ဒေါ်မြင့်မြင့်ဇင်၊ ဦးကျော်ငြိမ်း-ဒေါ်ခင်လှလှ၊ (ဦးကြင်အောင်)-ဒေါ်အေးလေး၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်း၊ ဒေါ်ခင်စန်းမြင့်၊ ဦးသန့်စင်-ဒေါ်မြမြမူ၊ ဦးမောင်အေး-ဒေါ်အိအိခင်တို့၏အစ်ကိုကြီး၊ ဒေါ်ရီရီမြင့်၊ဦးရဲမြင့်တို့၏ဦးလေး၊ (ဒေါ်ရီရီမြ)၏၏ခင်ပွန်း၊ ရန်ကုန်မြို့၊အရိုးကုန်းလမ်း၊အမှတ် ၄၅နေ ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်ကြည်၊ ဒေါ်တင်တင်အုံး၊ ဒေါ်ခင်ခင်ထွေး၊ ဦးကျော်ဦး- ဒေါ်ဖြူဖြူအေး၊ ဦးသိန်းစိုး-ဒေါ်မင်းမင်းစိန်၊ ဦးဇော်မင်းတို့၏ဖခင်၊ မဆင့်ဆင့်၊ မပြည့်ဖြိုးသူ၊ မငြိမ်းချမ်းသူတို့၏အဘိုး၊ တူ၊တူမ ၁၇ယောက်တို့၏ဘကြီးသည် ၁-၁၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

**ဒေါ်ခင်သိန်း (တိုးကြောင်ကလေး)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရဲရင့်အောင်လမ်း၊ အမှတ် ၆၆နေ (ဦးမြမောင်-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးမြဒင်)၏ဇနီး၊ ဦးကျော်ငြိမ်း-ဒေါ်ဝင်းနွဲ့၊ ဦးထွန်းရွှေ-ဒေါ်ငွေငွေ၊ ဦးသန်းမြင့်-ဒေါ်သီသီနိုင်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ရင်ရင်နွဲ့၊ ဦးမျိုးမြင့်-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်လှလှနွဲ့၊ ဦးဇင်ထွန်း-ဒေါ်ချိုချိုခိုင်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊သိမ်၊ကျောင်း၊ရေတွင်း၊ရေကန်ဒါယိကာမကြီး၊ မိုးကုတ်ယောဂီ

**ဒေါ်လှမြင့်(ခ)ဒေါ်ကြွေ အသက်(၇၂)နှစ်**

**ရုံ(က)၊ ဒိုင်အမှတ်(၆)၊ ဗဟိုစံပြငါးဈေးကြီး၊ ကြည့်မြင်တိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ(ဦးစီ-ဒေါ်သန်းတင်)တို့၏သမီး၊ ငှက်ပျောကျွန်းရွာနေ (ဦးမျက်ခုံး-ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊ (ဦးသိန်းညွှန့်)၏ချစ်လှစွာသောဇနီး၊ ဒေးဒရဲနေ ဦးကျင်ရှောင်၊ ဖျာပုံမြို့နေ ဒေါ်ကြည်တို့၏ညီမ၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမြင့်အောင်-ဒေါ်အေးအေးသွင်(ရုံ-က၊ ဒိုင်အမှတ်-၆၊ ဗဟိုစံပြငါးဈေးကြီး)၊ သင်္ဃန်းကျွန်းမြို့နေ ကိုဇော်ဦး-(မမြင့်မြင့်သန်း)၊ ကြည့်မြင်တိုင်မြို့နယ်နေ [ကိုကျော်ကြီး(ခ)ဦးကျော်လွင်ဦး]-ဒေါ်မြင့်မြင့်စန်း(ရုံ-က၊ ဒိုင်အမှတ်-၂၂၊ ဗဟိုစံပြငါးဈေးကြီး)၊ ဝေါမြို့နယ်နေ ဦးမြင့်ဇော်ဦး-ဒေါ်အေးသီတာ၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသန်းအောင်-ဒေါ်နေခြည်ငွေ[ရုံ-က၊ ဒိုင်အမှတ်(၆)၊ ဗဟိုစံပြငါးဈေးကြီး]၊ (ဦးမျိုးသန့်-ဒေါ်မိုးမိုး)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၁၀-၂၀၁၆ရက် နံနက် ၁၁း၁၅နာရီတွင် ကြည့်မြင့်တိုင်မြို့နယ်၊ ဗိုလ်စောဦးလမ်း၊ အမှတ် ၆/၃လွှာခြေရင်းခန်းနေသည် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၆ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးမြင့် (ဟဲဟိုး/တောင်ကြီး)**

**အထက်တန်းပြဆရာမ၊ B.Ed**

**အထက(၁)တာမွေ၊ အထက(၂)မရမ်းကုန်း**

**အထက(၁)ဒေါပုံ၊ အထက(၄)တောင်ကြီး**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တိုက် ၅၊ ၁၆၃လမ်း၊ အမှတ် ၅ (သုံးလွှာ)နေ (ဦးအုန်းမောင်-ဒေါ်သန်းရင်)တို့၏သမီး၊ ဒေါက်တာမောင်မောင်သန်း-ဒေါ်စန်းမြင့်သန်း(UK)တို့၏ညီမ၊ (ဒေါ်လှမြင့်၊ ရပ်ရှင်လုပ်ငန်း၊ ငြိမ်း)၊ ဦးနေဝင်း-ဒေါ်ချစ်ချစ်၊ ဦးသန်းဝင်း(စက္ကူဓာတုငြိမ်း)တို့၏အစ်မ၊ နီလာသန်း၊ သီဟသန်း၊ နေတက်ထွန်းတို့၏ကြီးတော်သည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**Capt; ဝေမျှစိုး**

**(MASTER MARINER F.G)**

**I.M.T (CD-28/CE-26)**

**(CDC-50759)**

**အသက်(၃၆)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ ၂၃လမ်း၊ ၆၃×၆၄လမ်းကြားနေ တရားရုံးချုပ်ရှေ့နေ(မြောင်းမြ)(ဦးစိုးဝင်း)-ဒေါ်လှလှတို့၏သား၊ ရန်ကုန်မြို့၊ သုံးခွရပ်ကွက်နေ ဦးဉာဏ်သင်း-ဒေါ်မြင့်ငွေတို့၏သားသမက်၊ ဦးတင်စိန်-ဒေါ်တင်နု၊ (ဒေါ်နုနု)၊ ဦးကျော်စိန်လှိုင်-ဒေါ်ထားရီ၊ ဒေါက်တာစိန်လှမင်း-(ဒေါက်တာသီတာ)၊ (ဦးစိန်လှဝင်း)၊ ဒေါက်တာငွေအောင်-ဒေါက်တာရွှေဝါလှိုင်၊ ဦးအောင်နိုင်စန်း - ဒေါ်ရွှေဝါဝါတို့၏တူ၊ မမေသွယ်စိုး၊ မောင်ဥက္ကာစိုး၊ မမေသဲဆုတို့၏ညီ/မောင်၊ ဒေါက်တာပန်းအိစိုး၏အစ်ကို၊ ဒေါ်သူဇာဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**နယ်မြေချင်း၊ ရေမြေချင်းထိစပ်နေသည့်အတွက် တည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး** စာ ➤ ၃

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများကို အခြေခံ၍ အနာဂတ်ကာလအတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်** စာ ➤ ၅



# မောင်တောခရိုင်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေပြီး ပါဝင်ပတ်သက်သူတွေကို ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ပြတ်သားစွာအရေးယူသွားမည်

စာ » ၆

# နယ်မြေတည်ငြိမ်အေးချမ်းလာ၍ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများ နေရပ်သို့ ပြန်လည်ထွက်ခွာ

**စစ်တွေ နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ် မောင်တောခရိုင် အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးတို့သို့ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်းကိုးဦး ကျဆုံးခဲ့ပြီး လက်နက်ငယ်မျိုးစုံ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ယခုအကြမ်းဖက်ဖြစ်စဉ်သည် ၎င်းဒေသတွင် အများစု ရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့်ဆက်နွှယ်သောအဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု စစ်ဆေးဖော်ထုတ်ရရှိခဲ့ကြောင်းနှင့် ပြည်ပရှိ အကြမ်းဖက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုများရယူကာ အချိန်ယူ ပြင်ဆင်ပြီး စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့သော အကြမ်းဖက်မှုဖြစ်သည်ဟု နိုင်ငံတော်သမ္မတရုံး၏ အောက်တိုဘာ ၁၄ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံများမှာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာခဲ့ကြရာမှ ယခုအခါ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုများ၊ ပြည်သူလူထု၏

*စာမျက်နှာ ၉ ကော်လံ ၄* ❖



**စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှု အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ တိုင်ကြားနိုင်** စာ » ၉

**အဖြေရှာဖွေနေဆဲ ငလျင်ဘေး ကျရောက်မှုများနဲ့ အီတလီ** စာ » ၁၁

**လှိုင်မြို့နယ်၌ ဘုရားမီးပူဇော်ရာမှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ နေအိမ်(ဆိုင်ခန်း)များ မီးလောင်** စာ » ၁၃

**ဂိုးပြတ်သွင်းအောင်ပွဲခံဦးမယ့် ရီးရဲမက်ဒရစ်နဲ့ ခြေကုန်ထုတ်ရမယ့် စပါးတို့ရဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်** စာ » ၁၉

# ကရင်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့အား ပြည်သူ့စစ်အဖွဲ့ဟုသုံးစွဲခြင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကျောင်းကုန်းမြို့အနီး၌ လက်နက်မျိုးစုံအပါအဝင် မူးယစ်ဆေးဝါးများ ဖမ်းမိခြင်းမှာ KPDF နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ရှင်းလင်း

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**မော်လမြိုင် နိုဝင်ဘာ ၁**

ကရင်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့ (KPDF) ကို ပြည်သူ့စစ်အဖွဲ့ဟု သုံးစွဲခြင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ကျောင်းကုန်းမြို့အနီး၌ လက်နက်မျိုးစုံအပါအဝင် မူးယစ်ဆေးဝါးများ ဖမ်းမိခြင်းမှာ KPDF နှင့်သက်ဆိုင်ခြင်းမရှိဟု KPDF ဥက္ကဋ္ဌ စောကျော်ကျော်ထက်က မီဒီယာများအား ရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြားလိုက်သည်။

အဆိုပါ ရှင်းလင်းပွဲကို မော်လမြိုင်မြို့ရှိ KPDF ၏ ဗဟိုစီးပွားရေးနှင့် ဆက်ဆံရေးဌာန၌ အောက်တိုဘာ ၃၀ ရက်နေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရှင်းလင်းပွဲတွင် KPDF ဥက္ကဋ္ဌ စောကျော်ကျော်ထက်က "လက်နက်မျိုးစုံအပါအဝင် မူးယစ်ဆေးဝါးနဲ့ဖမ်းမိတဲ့ စောမူကြီးကိစ္စနဲ့ပတ်သက်ရင် သူက ပဲခူးတိုင်းဒေသကြီး သုံးဆယ်သား၊ အရပ်သား စောမူကြီးကို သူ့အမျိုးသမီးနဲ့ ပတ်သက်ပြီး သိရတာကိုးလလောက်ပဲ ရှိသေးတယ်။ အခုကိစ္စကို ကျောင်းကုန်းက ဒုမြို့နယ်မှူး အိမ်လာမေးတယ်။ ကျွန်တော် ရှင်းပြတယ်။ ဒီကိစ္စ ကျွန်တော် မသိဘူး။ ရွှေတောင်မှာ သူက အမှုနှစ်ခုရှိတယ်တဲ့။ ဖိုးတွမ်တီးနဲ့ ရိုက်နှက်မှုဆိုပြီး ဒုမြို့နယ်မှူး ပြောပြမှ သိရတာ။ သူက အဖွဲ့အတွက် စားဝတ်နေရေး ဆန်၊ ဆီ၊ ဆားတွေ ရှာပေးမယ်ဆိုပြီး ဝင်လာတာ။ နောက် ပြည်သူ့စစ်ဖွဲ့ဖို့ဆိုတာ ကျွန်တော်တို့ လူကြီးတွေကို တင်ပြထားတာပဲ ရှိတယ်။ ဘာမှ အကြောင်းပြန်တာမရသေးဘူး။ ပြည်သူ့စစ်မဟုတ်သေးတာကို ပြည်သူ့စစ်လို့ သုံးတယ်။ သူလွတ်ရာလွတ်ကြောင်းရှာပြီး သုံးတဲ့စကားကို ရေးတဲ့သူတွေအနေနဲ့လည်း သေချာအောင် ကျွန်တော်တို့ဆီ ပြန်မေးသင့်တယ်။ စောမူကြီးကိစ္စကတော့ ရဲက သူ့အလုပ်သူ ဆက်လုပ်မှာပါ"ဟု ပြောကြားသည်။

စောမူကြီးကို ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အနီး၌ အောက်တိုဘာ ၄ ရက်က လိုင်စင်မဲ့ယာဉ်၊ လက်နက်မျိုးစုံနှင့် မူးယစ်ဆေးဝါး ၁၆၀၀၀ ကျော်တို့နှင့် ဖမ်းဆီးရမိခြင်းဖြစ်ပြီး ၎င်းက KPDF မှ ဒုတိယဗိုလ်မှူးကြီး စောမူဂျီ (ခ)စောမူကြီး ဖြစ်ကြောင်း ထွက်ဆိုထားခြင်းဖြစ်သည်။

စောကျော်ကျော်ထက်က "လက်နက်ခဲယမ်းရောင်းဝယ်တယ်။ မူးယစ်ဆေးဝါးရောင်းတယ်ဆို လက်ခံလို့မရဘူး။ စစ်တပ်ကို ဆန့်ကျင်ရင်လည်း သူပုန်ပဲ။ ကျွန်တော်တို့က စီးပွားလည်း မရှာတတ်ဘူး။ စီးပွားလည်းမရှိဘူး။ အာဏာပိုင်တွေ အကုန်သိတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

